www.burmeseclassic.com



# အခန်း(၁)

ယနေ့လူသားအနေနှင့် ရင်ဆိုင်နေရသော ပြဿနာများထဲတွင် အခြေခံအကျဆုံး ပြဿနာတစ်ခုရှိသည်။ ယင်းပြဿနာကို မည်သို့မည်ပုံ ဖြေရှင်းမည်နည်းဆိုသည့် အချက်ပေါ်တွင် အနာဂတ်တည်ရှိနေသည်။ ယင်းပြဿနာကို ယခင်က ဘယ်တုန်းကမှ မကြုံခဲ့ဘူးပေ။

လူသည် ပထမဦးစွာ လူလားမြောက်လာသည်။ တစ်စုံတစ်ခုသော အတိုင်းအတာထိ ရင့်ကျက်မှု ဖြစ်ပေါ်လာသည်။ ရင့်ကျက်လာသည်နှင့်အမျှ ပြဿနာသစ်များကိုလည်း ရင်ဆိုင်လာရသည်။

အကြီးမားဆုံးသော ပြဿနာတစ်ခုမှာ ကလေးသူငယ်များ၏

www.burmeseclassic.com



ပြဿနာဖြစ်သည်ကိုဆိုသည်ကို မကြာသေးသော အချိန်ကာလကမှ သိရှိနားလည်လာကြသည်။ ရှေးယခင်က ယင်းကဲ့သို့ ယင်းကဲ့သို့ မည်သည့်အခါကမှ မစဉ်းစား မဆင်ခြင်ခဲ့ကြဖူးပေ။ ကမ္ဘာပေါ်၌ရှိသော မည်သည့်ကျမ်းစာကမှလည်း ယင်းအချက်ကို ဖော်ပြထားခြင်း မရှိပေ။ ကလေးသူငယ်တစ်ယောက် ပြဿနာအကြီးဆုံးနှင့်ရင်ဆိုင်နေရသည်ဆိုသည်ကို မည်သူ တွေးတောစဉ်းစားမည်နည်း။ ကလေးသူငယ်တစ်ယောက်သည် သူ့ကိုချစ်သော၊ သူ့အတွက် စွန့်စွန့်စားစား ပြုလုပ်သော တချို့မိဘ၏ အနှိမ်ခံဘဝရောက်နေရသည်ဆိုသည်ကို ပြောပြလျှင် အလွန်တရာဆန်းကြယ်သော စကားဖြစ်နေမည်လား။ ယင်းစကားသည် အဓိပ္ပာယ် မရှိ၊ ပေါက်ကရပြောသော စကားလိုဖြစ်နေသည်။ သို့ရာတွင် ယခုအချိန်၌ စိတ္တဗေဒအမြင်ဖြင့် ရှုမြင်သုံးသပ်သူများက လူ့စိတ်နှလုံးနှင့် လူ့စိတ်နှလုံး၏ အလုပ်ကို လေးလေးနက်နက် ထွင်းဖောက်ကြည့်ရှုသောအခါ ကလေးသူငယ်သည် အသုံးချ အခံရဆုံးဖြစ်နေသည်ဆိုသည်မှာ ထင်ရှားပြတ်သားလာသည်။ ကလေးသူငယ်ထက်ပိုပြီး မည်သူမှ အသုံးချမခံရပေ။ အနှိမ်မခံရပေ။ အမှန်က ကလေးသူငယ်သည် ချစ်မေတ္တာဟန်ပြ၏ နောက်ကွယ်၌ အသုံးချခံနေရခြင်းဖြစ်သည်။ အနှိမ်ခံရခြင်းဖြစ်သည်။

မိမိတို့သည် ကလေးသူငယ်ကို အသုံးချနေကြသည်ဟူ၍လည်းကောင်း၊ ဖိနှိပ်နေကြသည်ဟူ၍ လည်းကောင်း၊ ကလေးသူငယ်

များကို ဖျက်ဆီးနေကြသည်ဟူ၍ လည်းကောင်း၊ ကလေးသူငယ်များ ကို ငတုံးနေဖြစ်အောင် လုပ်နေကြသည်ဟူ၍ လည်းကောင်း၊ ဉာဏ် ထိုင်းသွားအောင် ပြုလုပ်နေကြသည်ဟူ၍ လည်းကောင်း မိဘများ သိနားလည်ကြသည်ဟူ၍မူ မဆိုလိုပေ။

မိဘများသည် ကလေးသူငယ်များကို မမှန်ကန်သော နည်း လမ်းများဖြင့်အောင် ပြုလုပ်နေကြသည်။ ကလေးသူငယ်သည် ကိုယ့် အားကိုယ်ကိုး စိတ်ကင်းပြီး မိဘများကိုသာ မှီခိုလျက် မိဘ၏ လက် ဝေခံအဖြစ်မျိုးနှင့်သာ နေရသည်။ လူးလွန့်လှုပ်ရှားသည့် စိတ်မျိုး၊ ထွက်ပေါက်ရှာသည့်စိတ်မျိုး၊ မိမိကိုယ် မိမိကာကွယ်လိုသည့်စိတ်မျိုး ပေါ်မလာပေ။ လုံခြုံမှု ကင်းမဲ့နေသည့်အတွက် အထိမခံ ရွေပန်းကန် ဖြစ်နေသည့်အတွက် ကလေးသူငယ်သည် လွယ်လင့်တကူ အသုံး ချခံရခြင်းဖြစ်သည်။ အနှိမ်ခံရခြင်းဖြစ်သည်။

ကမ္ဘာပေါ်၌ တချို့မိဘများ၏ ကလေးသူငယ်များအပေါ် ဖိနှိပ်ချုပ်ချယ်မှုများသည် ကလေးသူငယ်များအတွက် အကြီးမားဆုံး သော ပြဿနာဖြစ်နေသည်။ ယင်းအခြေအနေမျိုးကို အမြစ်ဖြုတ် ပစ်သင့်သည်။ အမြစ်ဖြုတ်၍ရသည့်အချိန်မှာ လူသားအနေနှင့် ပထမ ဦးဆုံး အမှန်တကယ် လွတ်လပ်မှုရရှိပေလိမ့်မည်။ အဘယ်ကြောင့်ဆို သော် 'ကလေးသူငယ်သည် လူ၏ဖခင်' ဖြစ်သည့်အတွက်ကြောင့် ဖြစ်သည်။ အကယ်၍ ကလေးသူငယ်သည် မမှန်ကန်သောနည်းလမ်း

ဖြင့် ကြီးပြင်းလာရသည်ဆိုလျှင် လူသားအားလုံး အမှားနှင့် ရင်ဆိုင်ကြရပေလိမ့်မည်။ ကလေးသူငယ်သည် မျိုးစေ့ဗီဇဖြစ်သည်။ အကယ်၍မျိုးစေ့ဗီဇကိုယ်တိုင်က အဆိပ် ဝင်နေလျှင်၊ ပိုးဝင်နေလျှင် ကြည့်ရှုစောင့်ရှောက်သူများ၏ မသိမလိမ္မာမှုကြောင့် အဆိပ်ဖြစ်နေမည်ဆိုလျှင် လွတ်လပ်သော လူသားဖြစ်ပေါ်လာဖို့အတွက် မျှော်လင့်ချက်ကင်းဝေးသွားပြီး ယင်းအိပ်မက်မျိုးသည် အိပ်မက်အဖြစ်ဖြင့်သာရှိနေပြီး အကောင်အထည်ပေါ်လာဖို့ အကြောင်းရှိတော့မည် မဟုတ်ပေ။

✋ ✋ ✋

# အခန်း(၂)

ထိတ်လန့်စိုးရွံ့စရာ တစ်ခုရှိနေသည်။ ကလေးသူငယ်ဘဝ ကစတင်ပြီး ကလေးသူငယ်ကို အချုပ်အချင်မရှိဘဲ စိတ်လွတ်ကိုယ် လွတ်ထားမည်ဆိုလျှင် ကလေးသူငယ်သည် မည်မျှဉာဏ်ထက်ထက် မြက်မြက်ရှိလာမည်နည်း၊ မည်မျှ အကင်းပါးလာမည်နည်း၊ မည်မျှ ဖျတ်ဖျတ်လတ်လတ်ရှိလာမည်နည်း။ သို့သော်ကလေးသူငယ်၏ နေ နည်းထိုင်နည်းသည် အပိုးမကျိုးသည့် နေနည်းထိုင်နည်းဖြစ်လာ လိမ့်မည်ဟူ၍လည်းကောင်း ထော်လော်ကန့်လန့် လုပ်လေ့လုပ်ထရှိ သောနေနည်းထိုင်နည်းမျိုး ဖြစ်လာလိမ့်မည်ဟူ၍ လည်းကောင်းမိဘ တချို့က စိုးရိမ်ကြောင့်ကြနေကြ သည်။ မည်သူမျှ ထော်လော်ကန့်လန့်

လုပ်သည်ကို မကြိုက်ပေ။ လူတိုင်းလူတိုင်း ကျိုးနွံသည်ကိုသာ နှစ်သက်ကြသည်။

မိဘများသည် ကျိုးနွံသောကလေးကို နှစ်သက်ကြသည်။ မိဘစကား မြေဝယ်မကျ နားထောင်သော ကလေးသူငယ်ကိုသာ မြတ်နိုးကြသည်။ လူ့လောက၌ များသောအားဖြင့် တွေ့မြင်သိရှိရသော အချက်တစ်ချက်ရှိသည်။ ကျိုးနွံသော ကလေးသူငယ်သည် ထုံထိုင်းသော၊ ထက်မြက်မှုမရှိသော ကလေးသူငယ်ဖြစ်နေတတ်သည်။ မိမိအစွမ်းအစကိုပြသော ကလေးသူငယ်သည် ထက်ထက်မြက်မြက် ကလေးသူငယ် ဖြစ်လာတတ်သည်။ သို့ရာတွင် ယင်းကလေးသူငယ်မျိုးသည် လူချစ်မခံရပေ။ အသိအမှတ်ပြုခြင်းမခံရပေ။ ယင်းကလေးငယ်မျိုးကို ဆရာသမားများကလည်း မချစ်ခင်ကြပေ။ လူ့အဖွဲ့စည်းကလည်း အသိအမှတ်မပြုချင်ကြပေ။ ဆီလိုအပေါက်ရှာပြီး အပြစ်ပြောနေတတ်ကြသည်။ ယင်းကလေးငယ်မျိုးသည် လူ့အဖွဲ့စည်းနှင့် အံဝင်ခွင်ကျမဖြစ်ဘဲ ကိုယ့်ဘာသာကိုယ် တစ်ကောင်ကြွက်ဘဝမျိုးဖြင့် နေရတတ်သည်။ မိမိသည် မိမိ မိဘအတွက် အကျိုးပြုသူ မဟုတ်ဟူ၍လည်းကောင်း၊ မိဘများကို စိတ်ချမ်းသာအောင် ပြုလုပ်သူမ ဟုတ်ဟူ၍လည်းကောင်း တွေးပြီး အားငယ်ခြင်းဖြစ်ရတတ်သည်။

သေသေချာချာ စဉ်းစားဆင်ခြင်ကြည့်လျှင် နားလည်သဘောပေါက်လာလိမ့်မည်။ ခရစ်တော်၏ မိဘများသည် စောစောပိုင်း

က ခရစ်တော်ကို အကြောင်းပြုပြီး စိတ်ချမ်းသာ ကိုယ်ချမ်းသာ မရှိခဲ့ကြပေ။ သိဒ္ဓတ္ထမင်းသား၏မယ်တော် ခမည်းတော်များသည်လည်း ထိုနည်းအတိုင်းပင် သိဒ္ဓတ္ထမင်းသား တောထွက်သွားစဉ်က စိတ်ရွှင်လန်းချမ်းမြေ့ခြင်း မရှိခဲ့ကြပေ။ ယင်းပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ် များသည် ရိုးရိုးလူများထဲက ရှိရင်းစွဲ လူ့လောက၏ ထုံးတမ်းစည်းကမ်းများကြားထဲက ထွင်းဖောက်ထိုးထွက်လာသော ပုဂ္ဂိုလ်များဖြစ်နေသည့်အတွက် ထိုပုဂ္ဂိုလ်တို့၏မိဘများသည် မဆွက စိတ်ချမ်းသာ ကိုယ်ချမ်းသာ မရှိခဲ့ကြခြင်းဖြစ်သည်။

ကလေးသူငယ်တိုင်းသည် စတင်မွေးလာစက အဖြူထည်သက်သက်ဖြစ်သည်။ အရောင်ဆိုးထားခြင်းမရှိပေ။ နောက်ပိုင်းကျမှ ကလေးသူငယ်ကို အရောင်ဆိုးကျခြင်းဖြစ်သည်။ ကလေးသူငယ်အပေါ်တွင် ချေးညှော်တွေ၊ ဖုံမှုန့်တွေ တင်ရခြင်းဖြစ်သည်။ ကလေးသူငယ်သည် ကိုယ့်ကိုယ်ကို အားကိုးပိုင်ခွင့်ရှိသည်။ မိမိအစွမ်းအစနှင့် ရပ်တည်လိုသော ဆန္ဒရှိသည်။ သို့ရာတွင် တချို့မိဘများက ကလေးသူငယ်ကို သူ့အစွမ်းအစနှင့် ရပ်တည်ခွင့် မပေးချင်ကြပေ။ သူ့အစွမ်းအစနှင့် ရပ်တည်ဖို့ ကြိုးစားခြင်းကို မိဘများက ထိတ်လန့်ကြောက်ရွံ့ကြသည်။

ကလေးသူငယ်များသည် ကိုယ့်အစွမ်းအစနှင့် ကိုယ်ရပ်တည်ဖို့လိုအပ်သည်။ ကိုယ်အစွမ်းအစနှင့် ရပ်တည်ဖို့ ကြိုးစားခြင်းသည်

သူ၏ အနာဂတ်လုံခြုံရေးနှင့် စီးပွားရေးအတွက် အာမခံပေးနိုင်သော အကြောင်းများဖြစ်သည့်အတွက်ကြောင့်ပင် ...။ သေသေချာချာ စဉ်းစားကြည့်လျှင် သဘောပေါက်လိမ့်မည်။ ကိုယ်စွမ်းကိုယ်စနှင့် ရပ်တည်ဖို့ ကြိုးစားခြင်းသည် ဘဝ၏ အခြေခံအကျဆုံးသော နိယာမ တရားဖြစ်သည်။ အမြစ်သည် မြေအောက်တွင် တွယ်နေသည်။ အကယ်၍ အမြစ်ကို မြေကြီးထဲက ထုတ်ယူလိုက်လျှင် အမြစ်နွမ်းခြောက် သွားလိမ့်မည်။ အမြစ်သည် ကိုယ့်အစွမ်းအစနှင့် ရပ်တည်နေသည်။ မြေကြီးထဲတွင် သူ့ဘာသာသူ သန်မာကြီးထွားနေသည်။ ကလေးသူငယ်သည်လည်း မိခင်၏ဝမ်းဗိုက်အတွင်းက အမှောင်ထဲတွင် သူ့ဘာသာသူ လွတ်လွတ်လပ်လပ် တည်ရှိနေခြင်းဖြစ်သည်။ မိခင်ဝမ်းတိုက် အတွင်းက အမှောင်ထဲတွင် သူ့ဘာသာသူ သီးသန့်လွတ်လွတ်လပ် လပ်နေသော ကလေးသူငယ်ကို အမှောင်ထဲက ဆွဲထုတ်လိုက်လျှင်၊ လူတွေကြားထဲ ဆွဲထုတ်လိုက်လျှင် အမိဝမ်းတိုက်အတွင်းက သူ့ဘာ သာသူ တသီးတခြား လွတ်လွတ်လပ်လပ်နေသော ကလေးသူငယ် သည် အသက်ပျောက်သွားရုံမှတစ်ပါး တခြားနည်းလမ်း ရှိမည်မဟုတ် တော့ပေ။ အမိဝမ်းတိုက်ထဲတွင် သူ့ဘာသာသူ သီးသန့်ကိုးလ အချိန် ကာလအထိ နေရလိမ့်မည်။

တိုးတက်ကြီးထွားဖို့လိုသော အရာဝတ္ထုတိုင်းသည် သူ့ဘာ သာသူ သီးသန့်ရှိနေဖို့ လိုအပ်သည်။ လူလားမြောက်လာသူ တစ်

ယောက်သည် မိမိဘာသာ မိမိသီးသန့်နေဖို့ ထူးထူးခြားခြား မလိုအပ်ပေ။ လူလားမြောက်လာသူ တစ်ယောက်ဖြစ်နေသည့်အတွက်ကြောင့်ဖြစ်သည်။ ကလေးသူငယ်အတွက်ကား သူ့ဘာသာသူ သီးသန့်နေရဖို့ လိုအပ်သည်။ တစ်ယောက်တည်း လုံးဝလွှတ်ပေးထားရမည်ဟူ၍မူ မလိုအပ်ပေ။

မိမိတို့၏ ကလေးသူငယ် ပျောက်ဆုံးသွားသည့်အခါမျိုး၌ဖြစ်စေ၊ သူ့ဘာသာသူတစ်ယောက်တည်း သီးသန့်နေသောအခါ၌ဖြစ်စေ၊ မိဘများသည် စိုးရိမ်ကြောင့်ကြမှုဖြစ်သွားတတ်ကြသည်။ အကယ်၍ တစ်ယောက်တည်းနေလျှင် ကလေးသူငယ်သည် သူ၏ပုဂ္ဂိုလ်ကကိုယ်ပိုင်ဘဝကို စတင်ပုံသွင်းလာမှာ စိုးရိမ်ထိတ်လန့်ကြသည့်အတွက်ဖြစ်သည်။ မိဘများအနေနှင့် မျက်စိအောက်က အပျောက်မခံလိုသောကြောင့် ကလေးသူငယ်များကို စည်းကမ်းကလနားဘောင်အတွင်း၌ အမြဲမပြတ်ထားကြသည်။ မိဘများအနေနှင့် မျက်စိအောက်က အပျောက်မခံလိုသည့်အတွက်ကြောင့် ယင်းကဲ့သို့ ဘောင်ကလနားအတွင်း၌ ထားကြခြင်းဖြစ်သည်။ မိဘများက မိမိတို့၏ကလေးသူငယ်များကို မျက်စိအောက်က အပျောက်မခံဘဲထားခြင်းသည် ကလေးသူငယ်များ၏ ကိုယ်ပိုင်အစွမ်းအစ လူးလွန့်တိုးတက်ဖွံ့ထွားလာအောင် မပြုလုပ်သည့်အပြင် ဘောင်တစ်ခုအတွင်း၌ ကျဉ်းကျဉ်းကျပ်ကျပ်ဖြစ်နေအောင် ထားခြင်းလည်းဖြစ်သည်။

မိဘတို့၏ စောင့်ကြပ်ခြင်းသည် ကလေးသူငယ်၏ ပင်ကိုယ်အစွမ်းအစ (Individualty)ကို ကြီးထွားလာအောင် မပြုလုပ်ပေ။ ကလေးသူငယ်ကို အပေါ်ယံရုပ် (Personality)ဖြင့် ဖုံးအုပ်ထားသည်။

Personality(အပေါ်ယံရုပ်) သည် အဖုံးအအုပ်မှတစ်ပါး အခြားမည်သည့်အရာမှမဟုတ်ပေ။ Personality သည် Person ဟူသော စကားလုံးမှလာသော ဝေါဟာရဖြစ်သည်။ Persona စကားလုံးသည် မျက်နှာဖုံး အနက်အဓိပ္ပာယ်ထွက်သည်။ ဂရိပြဇာတ်၌ ဇာတ်ဆောင်များသည် မျက်နှာဖုံးစွပ်ထားကြသည်။ Sona ၏ အဓိပ္ပာယ်မှာ အသံဖြစ်သည်။ Per ၏ အဓိပ္ပာယ်မှာ တစ်ဆင့်ဖြစ်သည်။ ဇာတ်ဆောင်များသည် မျက်နှာဖုံးကတစ်ဆင့် စကားပြောလေ့ရှိကြသည်။ ဇာတ်ဆောင်တို့၏ မျက်နှာအစစ်အမှန်ကို မမြင်မတွေ့ရပေ။ သူတို့၏ အသံကိုသာ ကြားရသည်။ အသံကို မျက်နှာဖုံးကတစ်ဆင့် ကြားရသောကြောင့် မျက်နှာဖုံးကို Persona ဟုခေါ်ခြင်းဖြစ်သည်။ Persona မှ Personality ဖြစ်လာသည်။

# အခန်း(၃)

ကလေးသူငယ်သည် အစောင့်အကြပ်ခံနေရသည် ဖြစ်၍ အမြဲမပြတ် အစောင့်အရှောက်နှင့်နေရသလို ဖြစ်နေပေလိမ့်မည်။ ယင်းသဘောတရားကို မိမိတို့ကိုယ်တိုင် တွေ့မြင်သိရှိ နိုင်သည်။ အကယ်၍ လူတစ်ဦးတစ်ယောက် ရေချိုးမည်ဆိုလျှင် ထိုလူသည် တခြားသောလူများနှင့်မတူဘဲ လုံးဝခြားနားမှုရှိနေသော လူတစ်ယောက် ဖြစ်နေပေလိမ့်မည်။ ရေချိုးခန်းထဲတွင် မျက်နှာဖုံးချွတ်ထားပေလိမ့်မည်။ ကြွေ့ကြသံပတ်တိနှင့်နေသော လူကြီးတစ်ယောက်ဖြစ်နေစေကာမူ သီချင်းညည်းနေပေလိမ့်မည်။ လူကြီးတစ်ယောက်ဖြစ်နေစေကာ မူမှန်ထဲက မိမိ၏မျက်နှာပုံပန်းကို တစ်မျိုးတဖုံ လုပ်ကြည့်

နေပေလိမ့်မည်။ မိမိတစ်ကိုယ်တည်း သီးသန့်နေရာရောက်နေသည်ကိုလည်းကောင်း၊ တံခါးအလုံပိတ်ထားသောနေရာထဲရောက်နေသည်ကိုလည်းကောင်း စိတ်ချလက်ချ သိရှိနေသည်။ သို့သော်လည်း တစ်ယောက်ယောက်က သော့ပေါက်က ချောင်းကြည့်နေသည်ဆိုသည်ကို သိသွားသည်နှင့် တစ်ပြိုင်နက် ချက်ချင်း အပြောင်းအလဲ လုပ်လိမ့်မည်။ ခပ်တည်တည် အမူအရာမျိုး ပြန်ဖြစ်လာလိမ့်မည်။ သီချင်းဆိုသံ ပျောက်သွားလိမ့်မည်။ မှန်ထဲကြည့်ပြီး မျက်နှာအနေအထား တစ်မျိုးတဖုံလုပ်တော့မည် မဟုတ်ပေ။ ဆိတ်ကွယ်ရာ၌ လုပ်လေ့လုပ်ထရှိသော အပြုအမူမျိုး လုပ်တော့မည် မဟုတ်ပေ။ ယင်းသည် Personality ဖြစ်သည်။ အဖုံးအပိတ်ထဲ ပြန်ရောက်သွားခြင်းဖြစ်သည်။

ကလေးသူငယ်တစ်ယောက်ယောက်ကို တတ်နိုင်သမျှ လွတ်လွတ်လပ်လပ်ထားရမည်။ အချုပ်အချယ် မပြုလုပ်သင့်ပေ။ သို့မှသာ ကလေးသူငယ်အနေနှင့် သူ၏ ပင်ကိုယ်အစွမ်းအစ (Individualty)ကို အနှောင့်အယှက်ကင်းရှင်းစွာဖြင့် ကြီးထွားသန်မာလာအောင် လုပ်နိုင်ပေလိမ့်မည်။ သို့သော်လည်း ကလေးသူငယ်နှင့်ပတ်သက်၍ နိုင်လိုမင်းထက် ပြုလုပ်ချင်ကြသည်။

အရှေ့ဖျားတိုင်းပြည်များတွင် လူမျိုးတစ်မျိုး တချို့ရှိသည်။ ယင်းလူမျိုးများ၌ အကျင့်တစ်ခုရှိသည်။ နံနက်တိုင်း ကလေးသူငယ်

www.burmeseclassic.com



တိုင်းက သူတို့မိဘကို သူတို့မက်သည့် အိပ်မက်အကြောင်း ပြောပြကြရသည်။ ကလေးသူငယ်သည် အိပ်မက်ထဲ၌ပင် တစ်ယောက်တည်း လွတ်လွတ်လပ်လပ် မနေရပေ။ မမက်သင့်သည့် အိပ်မက်မက်လျှင် ထိုကလေးသူငယ်သည် မတွေးသင့်သည်ကို တွေးသူဖြစ်ရမည်။ ယင်းအချက်ကို မိဘကို အသိပေးရခြင်းဖြစ်သည်။

ကလေးသူငယ်ကို မချုပ်ချယ်သင့်ပေ။ လွတ်လွတ်လပ်လပ်ထားသင့်သည်။ မိဘများအနေနှင့် မိမိတို့၏ ကလေးသူငယ်များကို အကူအညီပေးရုံသာ ပေးသင့်သည်။ အနှောင့်အယှက် မပေးသင့်ပေ။ ကလေးသူငယ်ကို သူလုပ်ချင်တာကို လုပ်ခွင့်ပြုပြီး သူမလုပ်ချင်တာကို မလုပ်ခိုင်းသင့်ပေ။ မိဘများ အနေနှင့် သတိထားရမှာက မိမိတို့၏ ကလေးသူငယ်များ သူတို့ကိုယ်သူတို့ ထိခိုက်နစ်နာသွားအောင် မပြုလုပ်စေဖို့နှင့် တခြားလူများအားလည်း ထိခိုက်နစ်နာသွားအောင် မပြုလုပ်စေဖို့ ဖြစ်သည်။

ကလေးသူငယ်များသည် ကိုယ့်ဟာကိုယ် တစ်ဦးတည်း၊ တစ်ယောက်တည်းနေလိုသော ဆန္ဒရှိကြသည်။ သူတို့၏ ကြီးထွားသန်မာလာရေးအတွက် နေရာကျယ်ကျယ်ပြန့်ပြန့်လိုအပ်သည်။ မိဘလုပ်သူများသည် ကလေးသူငယ်များအား ထိခိုက်နစ်နာမှု ဖြစ်မသွားစေရန် သတိကြီးစွာထားရမည်။

သို့သော်လည်း ယင်းအချက်ထက်ပိုပြီး သတိပြုသင့်သည်မှာ

ကလေးသူငယ်များအား အနှောင့်အယှက်မပေးရန်ဖြစ်သည်။ မိဘများသည် ကလေးသူငယ်များအား အမှန်တရားနှင့်ပတ်သက်ပြီး စူးစမ်းထောက်လှမ်းရန်အတွက် ဆန္ဒမျိုးပေါ်ပေါက်လာအောင် ဖန်တီးသင့်သည်။ သို့ရာတွင် အမှန်တရားနှင့်ပတ်သက်သော အတွေးအခေါ်ကိုပေးသော အယူဝါဒတစ်ခုခုကိုမူ ရိုက်သွင်းသည့် သဘောမျိုးဖြင့် မပေးသင့်ပေ။ အမှန်တရားနှင့်ပတ်သက်ပြီး မည်သို့ မည်ပုံ စူးစမ်းရမည်ဆိုသည်ကို ညွှန်ကြား ပြောပြသင့်သည်။ စူးစမ်းဆင်ခြင်မှုကို သင်ကြားပေးသင့်သည်။ စမ်းသပ်စစ်ဆေးမှုကို သင်ကြား ပေးသင့်သည်။ စွန့်စားမှုကို သင်ကြားပေးသင့်သည်။

ကလေးသူငယ်များအား မေးခွန်းများမေးနိုင်အောင် အကူအညီပေးသင့်သည်။ မိဘများအနေနှင့်မူ အကယ်၍ မိမိတို့ကိုယ်တိုင် အမှန်အတိုင်း မသိနားမလည်သော မေးခွန်းကို ကလေးသူငယ်များက မေးလာလျှင် ဖြေဆိုခြင်းမပြုသင့်ပေ။ မိဘများကိုယ်တိုင် သိရှိနားလည်သော မေးခွန်းများဖြစ်နေသည့်တိုင်အောင် 'ငါတို့ ပြောတာကို တသွေမတိမ်း မှတ်ယူမထားနှင့်၊ ယခုငါပြောတာဟာ ငါ့အတွေ့အကြုံကို ပြောပြတာဖြစ်တယ်၊ ငါပြောတဲ့ အချိန်အခိုက်အတန့်မှာ အဲဒီအကြောင်းအရာဟာ မှားချင်မှားသွားနိုင်တယ်၊ ဘာကြောင့်လဲဆိုရင် မင်းတို့အတွက် အဲဒီအကြောင်းအရာဟာ မင်းတို့ကိုယ်တိုင် တွေ့ကြုံ မှုမရှိသေးတဲ့ အကြောင်း

www.burmeseclassic.com



အရာဖြစ်နေတဲ့ အတွက်ကြောင့်ပဲ။ ငါပြောတာကို နားထောင်။ ဒါပေမယ့် တထစ်ချလိုက်နာခြင်း၊ ယုံကြည်ခြင်း မပြုနှင့်၊ စမ်းသပ်ခြင်း၊ စစ်ဆေးခြင်း၊ ရှာဖွေခြင်းဆိုတာတွေဟာ မလုပ်လို့မဖြစ်ဘူး။ မင်းတို့ကိုယ်တိုင် မသိသေးတဲ့ အသိပညာဟာ မင်းတို့အတွက် အသုံးမဝင်တဲ့အပြင် အန္တရာယ်တောင် ဖြစ်နိုင်သေးတယ်။ သူတစ်ပါးဆီကငှားတဲ့ အသိပညာဟာ အနှောင့်အယှက် အဟန့်အတားဖြစ်နေတတ်တယ်ဟု ပြောရမည်။

ကလေးသူငယ်များကို ဖိနှိပ်ချုပ်ချယ်ခြင်း မပြုသင့်ပေ။ ကြီးကြီးကျယ်ကျယ် ဆုံးမစကားမျိုး မပြောကြားသင့်ပေ။ ကလေးကောင်းတစ်ယောက်ဖြစ်လာဖို့အတွက် အကူအညီပေးသင့်သည်။ အထောက်အပံ့ ပေးသင့်သည်။ အားပေးအားမြှောက် ပြုသင့်သည်။ စစ်မှန်သော ဖခင်တစ်ယောက်သည်၊ စစ်မှန်သော မိခင်တစ်ယောက်သည်၊ စစ်မှန်သော မိဘများသည် ကလေးသူငယ်များအတွက် မြေတောင်မြှောက်ပေးသူများ ဖြစ်သင့်သည်။ မိဘများသည် ကလေးသူငယ်များအား သူတို့၏သဘာဝထဲတွင် အမြစ်ပိုမိုတွယ်သွားစေရန်အတွက်လည်းကောင်း၊ ပိုမိုအခြေကျသွားစေရန်အတွက်လည်းကောင်း၊ ပိုမိုခိုင်မြဲသွားစေ ရန်အတွက်လည်းကောင်း၊ သူတို့ကိုယ်သူတို့ အပြစ်ရှိသူတစ်ယောက်အဖြစ် မမှတ်စေဘဲ သူတို့ကိုယ်သူတို့ ချစ်ခင်မြတ်နိုးမှု ရှိသွားစေရန်အတွက်လည်းကောင်း၊ သူတို့

ကိုယ်သူတို့ လေးစားမှုရှိသွားစေရန်အတွက်လည်းကောင်း အကူအညီ ပေးသင့်သည်။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် မိမိကိုယ်မိမိ ချစ်ခင်မြတ်နိုး ခြင်း မရှိလျှင် ကမ္ဘာပေါ်ရှိ တခြားပုဂ္ဂိုလ်များကို ချစ်ခင်မြတ်နိုးမှု ပြုနိုင်ဖို့ မလွယ်ပေ။ မိမိကိုယ်ကိုမိမိ လေးစားမှုမရှိသော ကလေး ငယ်သူငယ်သည် အခြားလူတစ်ယောက်ယောက်ကို လေးစားမှုပြုနိုင် ဖို့မလွယ်ပေ။ မိမိကိုယ်မိမိ လေးစားမှုမရှိသော လူသည် တခြား လူတစ်ယောက်ယောက်ကို ဘယ်မှာလေးစားမှု ပြုနိုင်မည်နည်း။ ပထမဦးစွာ မိမိအတွက် မီးတိုင်ဖြစ်သင့်သည်။ သို့မှသာ မိမိ၏မီး တိုင်သည် အလင်းရောင် ပြန့်သွားပြီး သူတစ်ပါးတို့ထံ ရောက်သွား လိမ့်မည်။

ကလေးသူငယ်များသည် ပင်ကိုယ်ဉာဏ်ရှိလာကြသူများ ဖြစ်သည်။ အခွင့်အလမ်းပေါ်ပေါက်လာဖို့အတွက်သာ လိုအပ် သည်။ ကလေးသူငယ်များအတွက် ကြီးထွားလာဖို့ရန်၊ တိုးတက် လာဖို့ရန် အခွင့်အလမ်း လိုအပ်သည်။ ရေခံမြေခံ လိုအပ်သည်။ အဆင်ပြေသည့် ရာသီဥတု လိုအပ်သည်။ ကလေးသူငယ်တစ် ယောက်သည် မျက်စိပွင့်လာနိုင်သော၊ သီချင်တတ်ချင်သော၊ နိုးနိုး ကြားကြား ရှိချင်သော ‘ဇ’ ကလေးများနှင့် မွေးဖွားလာသူများ ဖြစ် သည်။ သို့သော်လည်း ကလေးသူငယ်များ၏ ယင်း‘ဓာတ်ခံ’

သို့မဟုတ် ယင်း '၉'ကို ဖျက်ဆီးပစ်ကြသည်။

ယင်းသို့ ပြုလုပ်ခြင်းသည် အကြီးမားဆုံးသော မလိုလားအပ်သည့် အပြုအမူ ဖြစ်သည်။ ကလေးသူငယ်၏အနိမ့်ခံဘဝမျိုး တခြားရှာတွေ့မည်မဟုတ်ပေ။ ယင်းအနိမ့်ခံဘဝက ကလေးသူငယ်များအား ရုန်းထွက်စေဖို့အတွက် အလုပ်လုပ်ဖို့အတွက် အထူးသတိထားရမည်။

လူ့ဘောင်ကြီးတစ်ခုလုံး တစ်နည်းတစ်လမ်းအားဖြင့် ပြုပြင်ပြောင်းလဲမပစ်သေးသရွေ့ လူ့ဘောင်ကြီးတစ်ခုလုံး အမြစ်အရင်းကစပြီး ပြုပြင်ပြောင်းလဲခြင်း မရှိသေးသည့် မိသားစုစနစ်ကို ပြုပြင်ပြောင်းလဲခြင်း မရှိသေး သရွေ့ ကလေးသူငယ်များကုတ်ပေါ်တွင် ခွစီးနေသော အနိမ့်ခံဘဝသည် အမြစ်ပြတ်သွားဖို့ မလွယ်ပေ။

🖐 🖐 🖐

# အခန်း(၄)

မိဘများသည် မိမိတို့၏ ကလေးသူငယ်များနှင့်ပတ်သက်ပြီး ကျဉ်းကျပ်သော စည်းကမ်းများကို ထားလေ့ရှိကြသည်။ မိမိတို့၏ ကလေးသူငယ်များအပေါ်တွင် ကြီးမားသော မျှော်လင့်ချက်ထား လိုသည့်အတွက် ကြောင့်ဖြစ်သည်။ မိမိတို့၏ ကလေးသူငယ်များ၌ တစ်စုံတစ်ခု အရင်းအနှီးမြုပ်နှံထားလို သည့်အတွက်ကြောင့် ဖြစ် သည်။ မိဘများသည် မိမိတို့၏ ကလေးသူငယ်များမှတဆင့် မိမိတို့ ကလေးသူငယ်များ၏ အကူအညီဖြင့် မိမိတို့၏ လိုလားချက်များ ရည်မှန်းချက်များကို ပြည့်ဝအောင် လုပ်လိုကြသည်။ ထို့ကြောင့် မိမိတို့၏ ကလေးသူငယ်များအပေါ်တွင် တင်းကျပ်သော စည်းမျဉ်းများ

ထားကြခြင်းဖြစ်၏။

မိဘများသည် မိမိတို့၏ ကလေးသူငယ်များကို အသုံးချလိုကြသည်။ တစ်စုံတစ်ယောက်သောသူကို အသုံးချလိုသော ခဏ၌ ယင်းတစ်စုံတစ်ယောက်သောသူနှင့် ပတ်သက်ပြီး တင်းကျပ်သော စည်းမျဉ်း မသတ်မှတ်၍ မဖြစ်ပေ။ တစ်စုံတစ်ယောက်သောသူအား ကိရိယာတန်ဆာပလာအဖြစ် အသုံးချလိုသည့်အချိန်၌ တင်းကျပ်သော စည်းမျဉ်း သို့မဟုတ် အပေါ်စီးက ဆက်ဆံခြင်း သို့မဟုတ် ခပ်မာမာ ဆက်ဆံခြင်းမျိုး ပေါ်ပေါက်လာကြသည်။

မိမိတို့၏ ကလေးသူငယ်များနှင့်ပတ်သက်ပြီး မိဘများ တင်းကျပ်သော စည်းမျဉ်းများထားကြခြင်းသည် မိမိတို့၏ ကလေးသူငယ်များအား မိမိတို့မျှော်မှန်းထားသူများ ဖြစ်လာစေလိုသောကြောင့် ဖြစ်သည်။ မိမိတို့၏ ကလေးသူငယ်များအား ဥစ္စာဓနကြွယ်ဝချမ်းသာသူများ ဖြစ်လာစေလိုကြသည်။ ပညာတတ်မြောက်သူများ ဖြစ်လာစေလိုကြသည်။ ထင်ပေါ်ကျော်ကြားသူများ ဖြစ်လာစေလိုကြသည်။ အများ၏ လေးစားခြင်းခံရသူများ ဖြစ်လာစေလိုကြသည်။ မိမိတို့ မရရှိခဲ့သောအဆင့်ကို မိမိတို့၏ ကလေးသူငယ်များမှတစ်ဆင့် မိမိတို့၏ကလေးသူငယ်များ၏ ပံ့ပိုးကူညီမှုဖြင့် ရရှိလိုသော ဆန္ဒရှိနေကြသည်။ မိမိတို့အနေနှင့် အောင်မြင်ထမြောက်ခြင်း မရှိခဲ့သော ရည်မှန်းချက်များကို မိမိတို့၏ ကလေးသူငယ်များမှတစ်

ဆင့် မိမိတို့၏ကလေးသူငယ်များကို အကြောင်းပြုလျက် အောင်မြင်ထမြောက်မှု ရရှိလိုကြသည်။ ပန်းတိုင်မရောက်ခဲ့သော မိမိတို့ခရီး၏ ခရီးသည်များ ဖြစ်စေလိုကြသည်။

ဖခင်ဖြစ်သူသည် ဥစ္စာဓနကြွယ်ဝချမ်းသာသော်လည်း အောင်မြင်မှုမရရှိဘဲ သေချိန်နီးကပ်လာသည်။ အနေးနှင့်အမြန် လူ့လောကမှ ခွဲခွာသွားရတော့မည်။ ယင်းအခြေအနေ၌ မိမိ၏ မျှော်မှန်းချက်ထမြောက် အောင်မြင်မှုမရှိသည့်အတွက် စိတ်အလို မကျ ဖြစ်နေသည်။ သို့သော်လည်း အားမလျှော့ဘဲ ဆက်လက်ဥစ္စာဓနရရာရကြောင်း စိတ်စောနေတုန်းပင်ရှိသေးသည်။ စိတ်မလျှော့သေးသော်လည်း မရဏတရားက အိမ်တံခါးလာ ခေါက်နေသည်။ ယင်းအခြေအနေ၌ မိမိ၏ခရီးကို မိမိသားအား ဆက်လက်လျှောက်စေလိုသည်။ မိမိအလုပ်ကို သားအား ဆက်လက် လုပ်ကိုင်စေလိုသည်။ မိမိ၏သားသည် မိမိကို ကိုယ်စားပြုနေသည့်အတွက်ကြောင့်ဖြစ်သည်။ မိမိ၏သားသည် မိမိ၏ သွေးဖြစ်သည်။ မိမိ၏ အစိတ်အပိုင်းဖြစ်သည်။ မိမိ၏မျိုးဆက်ဖြစ်သည်။

လူတို့သည် ယုံကြည်မှုရှိကြသည်။ ယုံကြည်မှုတိုင်း ယုံကြည်မှုတိုင်းတွင် သံသယအတွင်း ငုပ်နေသည်။ သံသယမရှိဘဲနှင့် ယုံကြည်မှုဖြစ်ပေါ်လာဖို့ မလွယ်ပေ။ သံသယကို ချိုးနှိမ်ပယ်ဖျောက်ဖို့အတွက် ယုံကြည်မှုတည်ဆောက်ကြခြင်း ဖြစ်သည်။ သို့ရာတွင်

သံသယသည် ပန်းသီးထဲတွင် အောင်းနေသော ပိုးကဲ့သို့ စိတ်နှလုံးထဲတွင် ကိန်းအောင်းနေသည်။ ယင်းသံသယပိုးသည် အတွင်းသန္တာန်ထဲတွင် လှိုက်စားနေသည်။ အတွင်းသန္တာန်ကို ပုပ်အောင်လုပ်နေသည်။

ဖခင်ဖြစ်သူက စဉ်းစားသည်။ ငါ၏ သား၏သန္တာန်တွင် ငါက မသေသူတစ်ယောက်အဖြစ်နှင့် ရှိနေလိမ့်မည်။ ငါ သေသွားမှာ အမှန်ဖြစ်သည်။ မကြာခင် မြေကြီးထဲ ရောက်သွားမည်။ သို့သော်လည်း ငါ၏သားက လူ့ပြည်မှာ ရှိနေလိမ့်ဦးမည်။ ငါ၏ အလို ဆန္ဒများလည်း မပြည့်ဝသေးပေ။ ယင်းအတွေးမျိုးရှိနေသော ဖခင်ဖြစ်သူသည် မိမိ၏ အလိုဆန္ဒများကို ဆက်လက်အကောင်အထည်ဖော်ရန် မိမိသားအပေါ်တွင် တာဝန်လွှဲပစ်ခဲ့သည်။ မိမိသားတွင် မိမိ၏အလိုဆန္ဒ ဗီဇများကို စိုက်ပျိုးထားခဲ့ပြီး မိမိသားအား 'ငါ၏ အလိုဆန္ဒများပြည့်အောင် ဖြည့်ရမည်၊ အကယ်၍ ငါ့သားက ငါ့အလိုဆန္ဒပြည့် အောင်လုပ်မည်ဆိုလျှင် ငါဝမ်းသာအားရ ဖြစ်ရလိမ့်မည်၊ ငါ့အလိုဆန္ဒကို ငါ့သားက ပြည့်ဝအောင် လုပ်မည်ဆိုလျှင် အဖေ့ပေါ်မှာတင်နေတဲ့ ကြွေးများကို ငါ့သားဆပ်ရာ ရောက်လိမ့်မည်၊ ငါ့အလိုဆန္ဒကို ငါ့သားပြည့်အောင် မလုပ်ဘူးဆိုလျှင်တော့ ငါ့ကို သစ္စာဖောက်သူ ဖြစ်လိမ့်မည်'ဟူ၍ သူ့ဆန္ဒကို ဖော်ပြလိမ့်မည်။ မိမိသားအပေါ်တွင်ထားသော တင်းကျပ်သည့် စည်းမျဉ်းများသည်

ယင်းကဲ့သို့ မိမိ၏ မျှော်မှန်းချက်၊ မိမိ၏အလိုဆန္ဒကို ပြည့်ဝအောင် မြင်အောင် ပုံဖော်စေလိုသည့်အတွက်၊ အောင်မြင်စေလိုသည့် အတွက်ကြောင့် ဖြစ်သည်။ ဖခင်ဖြစ်သူသည် မိမိကလေးကို မိမိ အလိုဆန္ဒအတိုင်းဖြစ်လာအောင် ပုံသွင်းပေလိမ့်မည်။ ကလေးကို ပုံသွင်းဖို့ကြိုးစားသော ဖခင်သည် ကလေးငယ်၏ ကိုယ်ပိုင်အတွေး အခေါ်ရှိသည်ဆိုသည်ကိုလည်းကောင်း၊ ကိုယ်ပိုင်အစွမ်းအစရှိ သည်ဆိုသည်ကိုလည်းကောင်း၊ စည်ပင်ဖွံ့ထွားလာမည့် ကိုယ်ပိုင် မျိုးစေ့ဗီဇရှိသည်ဆိုသည်ကိုလည်းကောင်း မေ့ထားသည်။ ဖခင်ဖြစ် သူသည် သူ၏ အတွေးအခေါ်များကို သွပ်သွင်းပြီး ကလေးသူငယ်၏ ကိုယ်ပိုင်အညွန့်၊ အညှောင့်ကို ဖြတ်တောက်ပစ်ဖို့ ကြိုးစားသည်။

ဖခင်ဖြစ်သူသည် သူ၏ကလေးသူငယ်ကို ချစ်သည်ဟူ၍ ထင်သည်။ အမှန်က သူ၏ကလေးငယ်ကို ချစ်ခြင်းမဟုတ်ဘဲ သူ၏ ရည်မှန်းချက်ကို ချစ်ခြင်းဖြစ်သည်။ သူ၏သားငယ်ကို ချစ်ခြင်းသည် သူ၏သားငယ်အား သူ့အတွက် ကီရိယာတန်ဆာပလာဖြစ်ဖို့ မျှော် လင့်ထားသည့်အတွက်ကြောင့်ဖြစ်သည်။ သူ၏သားသည် သူ့အတွက် ရည်မှန်းချက်အကောင်အထည်ဖော်ဖို့အတွက် နည်းလမ်းဖြစ်လာ ရမည်။ ကီရိယာတန်ဆာပလာ ဖြစ်လာရမည်။ ယင်းလိုလားချက်သည် မိမိတို့၏ ကလေးသူငယ်များအပေါ်တွင်ထားသော မိဘများ၏ တင်း ကျပ်သောစည်းမျဉ်း ဖြစ်သည်။

မိဘတို့သည် မိမိတို့၏ သားသမီးကလေးငယ်များနှင့် ပတ်သက်ပြီး တင်းကျပ်သော စည်းကမ်းကလနားများကို အဘယ် ကြောင့် သတ်မှတ်ထားကြသနည်း။ အမှန်က မိဘများသည် မိမိ တို့မျှော်မှန်းထားသော အလိုဆန္ဒများ၊ အကြံဉာဏ်များ၊ မျှော်လင့်ချက် များ ပြည့်ဝအောင်မြင်မှုများ မရှိကြပေ။ မိမိတို့အနေနှင့် အောင်မြင်မှု မရှိသော အကြံဉာဏ်များ၊ မျှော်လင့်ချက်များ၊ အလိုဆန္ဒများကို မိမိတို့သား သမီးများမှတစ်ဆင့် အောင်မြင်ထမြောက်အောင် ပြု လုပ်လိုကြသောကြောင့် ဖြစ်သည်။ မိဘများသည် မိမိတို့၏သား သမီးများကို အားကိုးလျက် ဘဝရပ်တည်မှုပြုလုပ်သွားလိုကြသည်။ မိဘများသည် သူတို့၏ သားငယ်သမီးငယ်များကို ပုံသွင်းကြသည်။ ယင်းသို့ ပုံသွင်းရာ၌ အင်အားသုံးပြီး ပုံသွင်းကြသောအခါ ကလေး သူငယ်များထံတွင်ရှိနေသော ရှိရင်းစွဲအစွမ်းအစသည် ဖျက်ဆီး ခြင်းခံရသလိုဖြစ်သွားသည်။ ကလေးသူငယ်များ၏ ရှိရင်း စွဲမျိုးစေ့ဗီဇသည် အညွန့် အညှောက်ပေါက်လာဖို့ လမ်းပိတ်သွား သည်။

✋ ✋ ✋

# အခန်း(၅)

မိဘများအနေနှင့် မိမိတို့၏သားငယ် သမီးငယ်များကို အမှန်တကယ်ချစ်သည်ဆိုလျှင် မိမိတို့၏အကြံဉာဏ်များကို၊ မိမိတို့၏စံနှုန်းများကို သားငယ်သမီးငယ်များအား မပေးသင့်ပေ။ အချစ်စစ်အချစ်မှန်သည် မည်သည့်အခါမှ အကြံဉာဏ်များ၊ စံနှုန်းများ၊ မူဝါဒများကို မပေးပေ။ အချစ်စစ်အချစ်မှန်က ပေးသောအရာမှာ လွတ်လပ်မှုဖြစ်၏။ မိမိတို့၏ သားငယ်သမီးငယ်များကို လွတ်လပ်မှုမပေးဘဲ မိမိတို့၏စံနှုန်းများကို အတင်းရိုက်ပြီး လိုက်နာကျင့်သုံးအောင် မပြုလုပ်သင့်ပေ။ အကယ်၍ မိမိ၏သားသမီးက ဂီတဝါသနာပါသည်ဆိုလျှင် မိမိတို့သားငယ်သမီးငယ်၏ ဂီတဝါသနာကို ဖျက်ဆီးမပစ်

www.burmeseclassic.com



သင့်ပေ။ ဂီတပညာရှင်တစ်ဦးတစ်ယောက်သည် ဥစ္စာခနေကြွယ်ဝ ချမ်းသာလာဖို့လမ်းမရှိပေ။ ဂီတပညာဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်လျှင် ဆင်းရဲတွင်းက ထွက်လာဖို့ ခဲယဉ်းလိမ့်မည်။ ယင်း အခြေခံအရ မိဘများသည် မိမိတို့၏သားသမီးများအား ဂီတပညာ ဖြင့် အသက်မွေးဝမ်းကျောင်း မပြုလုပ်စေလိုသည့်အတွက် သားသမီး များ၏ ဂီတဝါသနာကို ဖျက်လိုဖျက်ဆီးပြုလုပ်ချင်ကြသည်။

တချို့မိဘများသည် မိမိတို့၏သားသမီးများ စာရေးဝါသနာ ပါလျှင်လည်းကောင်း၊ ကဗျာဆရာတစ်ယောက်ဖြစ်ဖို့ ကြိုးစားအား ထုတ်လျှင်လည်းကောင်း၊ စာရေးဆရာတစ်ယောက် သို့မဟုတ် ကဗျာ ဆရာတစ်ယေက်သည် ထမင်းနပ်မှန်မှန်စားဖို့ရန်အတွက် လုံ့လ စိုက်နေရသည်ဖြစ်၍ မိမိတို့သားသမီးများအား စာရေးဆရာတစ် ယောက် သို့မဟုတ် ကဗျာဆရာတစ်ယောက်ဖြစ်လာစေလိုသည့် ဆန္ဒမရှိ သောကြောင့် မိမိတို့၏သားသမီးများ၏စာရေးခြင်း သို့မဟုတ် ကဗျာစပ်ခြင်းများကို အားမပေးသည့်အပြင် မလိုလားကြောင်းကို ပြကြသည်။

တချို့မိဘများသည် ဆရာဝန်ဖြစ်ဖို့ဝါသနာမပါသော သားသမီးများကို မိမိတို့၏အကျိုးကိုကြည့်လျက် ဆရာဝန်တစ် ယောက်ဖြစ်လာဖို့ အတင်းကြိုးစားကြသည်။ ယင်းသို့ပြုလုပ်ခြင်း များသည် သားသမီးများ၏ လွတ်လပ်ရေးကို ဖျက်လိုဖျက်ဆီး

လုပ်ကြခြင်းဖြစ်သည်။ အချို့မိဘများသည် နေ့စဉ်နေ့တိုင်း စာသင်ကျောင်းများတွင် သင်ကြားရသောစာများ လိုက်နိုင်ရန်အတွက် ကြိုးစားအားထုတ်နေရရုံမျှမက ကိုယ့်အိမ်တွင်လည်း ကျူရှင်ယူနေကြရသောသားသမီးများကို ကျောင်းအားသည့် တစ်ရက်နှစ်ရက် အချိန်ကလေး၌လည်းကောင်း၊ ကျောင်းပိတ်သော နေ့ရက်များ၌လည်းကောင်း တရားရိပ်သာများသို့ အတင်းတွန်းပို့ကြသည်။ ယင်းသို့ပြုလုပ်ခြင်းသည်လည်း ကလေးသူငယ်များ၏ အနားယူသောအချိန်နှင့် လွတ်လပ်မှုကိုပါ နှောင့်ယှက်ဟန့်တားခြင်းမျိုးသာ ဖြစ်သည်။

ကလေးသူငယ်များသည် လူရွယ် သို့မဟုတ် လူကြီးမဟုတ်ကြပေ။ ကလေးသူငယ်များထံမှ လူရွယ် သို့မဟုတ် လူကြီးများ၏စိတ်သဘောထား သို့မဟုတ် အပြုအမူများကို မျှော်လင့်မထားသင့်ပေ။ ကလေးသူငယ်များသည် ကလေးသူငယ်များသာ ဖြစ်ကြသည်။ ကလေးသူငယ်များ၏အမြင် သို့မဟုတ် အတွေးသည် လူကြီးများ၏အမြင် သို့မဟုတ် အတွေးနှင့် တစ်ခြားစီဖြစ်သည်။ ကလေးသူငယ်များအား လူကြီးများ၏အမြင်၊ လူကြီးများ၏အတွေးကို အတင်းရိုက်မသွင်းသင့်ပေ။ ကလေးသူငယ်များအား ကလေးသူငယ်များအဖြစ်ဖြင့်သာ နေခွင့်ပြုသင့်သည်။ ကလေးသူငယ်များသည် သူတို့၏ကလေးသူငယ်ဘဝကို နောက်တစ်ကြိမ် ပြန်ရကြ

တော့မည် မဟုတ်ပေ။ ကိုယ့်ဘဝနှင့်ကိုယ်ပျော်နေကြသော ကလေး သူငယ်များအား အနှောင့်အယှက် အဟန့်အတား မပြုချင်ပါနှင့်။

တစ်ခါတရံ ကလေးသူငယ်များ၏ အတွေး သို့မဟုတ် အပြု အမူကို လက်ခံဖို့ ခဲယဉ်းချင်ခဲယဉ်းနေပေလိမ့်မည်။ ကလေးသူ ငယ်တစ်ယောက် သစ်ပင်တက်ဖို့ကြိုးစားနေသည်ဆိုပါစို့။ လူကြီး မိဘများအနေနှင့် မည်သို့မည်ပုံ ပြုလုပ်ရမည်နည်း။ သစ်ပင်တက် နေသောကလေးငယ် သစ်ပင်ပေါ်က လိမ့်ကျသွားမည်လား။ သစ် ပင်ပေါ်က လိမ့်ကျလျှင် လက် သို့မဟုတ် ခြေထောက်ကျိုးသွားမည် လား၊ သို့မဟုတ် ကလေးသူငယ်၏ ကိုယ်လက်အင်္ဂါတစ်ခုခု ထိခိုက်ဒဏ်ရာရသွားမည်လား။ စိုးရိမ်ကြောင့်ကြမှု ဖြစ်ပေါ်လာ သည့်အတွက် ကလေးသူငယ်ထံ အတင်းပြေးသွားပြီး သစ်ပင် မတက်အောင် တားမြစ်ပိတ်ပင်လိမ့်မည်။ သစ်ပင်တက်ရတာကို ကလေးဘယ်လောက် စိတ်ပါဝင်စားတယ်၊ ဘယ်လောက်ပျော်တယ် ဆိုတာကို သိသောသူသည် ကလေးသူငယ်အား သစ်ပင်ပေါ် မည်သို့မည်ပုံတက်ရမည်ကို နည်းပေးလမ်းပြ ပြုလုပ်ပေးလိမ့်မည်၊ သို့မဟုတ် သစ်ပင် မည်သို့မည်ပုံတက်ရမည်ဆိုသည်ကို သင်ကြား ပြပေးသောကျောင်းသို့ ကလေးသူငယ်ကို ခေါ်ချင်ခေါ်သွားလိမ့်မည်။ ကလေးသူငယ်ကို သစ်ပင်ပေါ်မတက်နှင့်ဟု တားမြစ်ပိတ်ပင်ဖို့ စဉ်း စားကောင်းစဉ်းစားလိမ့်မည်။ သစ်ပင်တက်သောကလေးအတွက်

ထိတ်လန့် စိုးရွံ့မှုဖြစ်ခြင်းသည် အဆိုးမဟုတ်ပေ။ အကောင်းဖြစ်သည်။ စိုးရိမ်ကြောင့်ကြမှုသည် သစ်ပင်ပေါ်က ကလေးသူငယ် လိမ့်ကျသွားမှာလားဟု တွေးပြီးဖြစ်ပေါ်လာသော စိုးရိမ်ကြောင့်ကြမှုဖြစ်သည့်အတွက် ကလေးသူငယ်အပေါ်တွင်ထားသော ချစ်မေတ္တာကိုပြခြင်းပင်ဖြစ်သည်။ သို့ရာတွင် ကလေးသူငယ်အား သစ်ပင်ပေါ်မတက်အောင် တားမြစ်ပိတ်ပင် ခြင်းသည် ကလေးသူငယ်အား လူတစ်လုံး သူတစ်လုံးဖြစ်မလာအောင် တားမြစ်ပိတ်ပင်ခြင်းဖြစ်သည်။

သစ်ပင်တက်ခြင်းနှင့်ပတ်သက်ပြီး အချက်အလက်များရှိသည်။ ကလေးသူငယ် တစ်ယောက်ယောက်သည် သစ်ပင်တက်စမ်း မကြည့်လျှင် ချို့တဲ့မှုတစ်ခုခုရှိနေပေလိမ့်မည်။ သူ၏ဘဝတစ်လျှောက်၌ ပြည့်စုံမှုအတွက် တစ်ခုခုလိုနေပေလိမ့်မည်။ သစ်ပင်မတက်အောင် ဟန့်တားသူသည် ကလေးသူငယ်အား သစ်ပင်တက်ခြင်းမှတစ်ပါး တခြားနည်းလမ်းဖြင့် မရနိုင်သောအရာတစ်ခုခု မရနိုင်အောင် လုပ်ရာကျပေလိမ့်မည်။ နောက်ပိုင်း အသက်အရွယ်ကြီးလာသောအခါ ယင်းကလေးသူငယ်အတွက် သစ်ပင်တက်နိုင်ဖို့ ပိုပြီးခက်သွားပေလိမ့်မည်။ သစ်ပင်တက်ဖို့ကြိုးစားနေသော ကလေးသူငယ်ကို မတက်ဖို့ မပိတ်ပင်ပါနှင့်။ တက်ပါစေ။ သစ်ပင်တက်ဖို့ ကြိုးစားနေသော ကလေးသူငယ်ကို သစ်ပင်အောက်

လိမ့်ကျမှာ စိုးရိမ်လျှင် သစ်ပင်တက်ပုံတက်နည်း ပြောပြရလိမ့်မည်။ မည်သို့မည်ပုံတက်လျှင် လိမ့်မကျဘူးဟူ၍ ကလေးသူငယ်ကို သစ်ပင်အောက်လိမ့်မကျအောင် တက်နည်း ညွှန်ပြရလိမ့်မည်။ သစ်ပင်အောက် လိမ့်ကျမှာစိုးရိမ်သောကြောင့် ကလေးသူငယ်ကို သစ်ပင်မတက်အောင် တားမြစ်ပိတ်ပင်လျှင် နောင်သောအခါ၌ ထိုကလေးသူငယ်အား အခွင့်ရေးအမျိုးမျိုး ဆုံးရှုံးနစ်နာအောင် ပြုလုပ်ရာ ရောက်ပေလိမ့်မည်။

ကလေးငယ်တစ်ယောက် မိုးရွာထဲထွက်ပြီး လမ်းပေါ်တွင် ဆော့ကစားဖို့ ကြိုး ပမ်းအားထုတ်လျှင် ကလေး အအေးမိပြီး ဖျားမှာ စိုးရိမ်ရသည်။ ယင်းသို့ စိုးရိမ်ကြောင့် ကြမှုရှိခြင်းသည် မှားသည်ဟု မဆိုနိုင်ပေ။ ယင်းသို့ စိုးရိမ်ကြောင့်ကြမှုဖြစ်ပြီး ကလေးငယ်ကို မိုးရွာကြီးထဲ လမ်းပေါ်ထွက် မဆော့ဖို့ တားမြစ်ပိတ်ပင်ခြင်းထက် ကလေး ငယ် အအေးမမိနိုင်အောင် ကြိုတင်စီမံထားခြင်းက မကောင်းပေ ဘူးလား။ ဆရာဝန်ကို မေးပြီး အအေးခံနိုင်အောင်၊ အားရှိအောင် ဗီတာမင်များ ကြိုတင်ကျွေးထားလျှင် ကလေးသူငယ် အအေးခံနိုင် ပြီး မိုးရွာကြီးထဲ လမ်းပေါ်ထွက်ပြီး ဆော့မကစားနိုင်ပေဘူးလား။ မိုးရွာကြီးထဲ လမ်းပေါ်ထွက်ပြီး က,လို့လည်း ရပေလိမ့်မည်။ မိုး ရွာကြီးထဲ လမ်းပေါ်ထွက်ပြီး က,ခြင်းသည် မည်မျှပျော်စရာ ကောင်းသနည်းဆိုသည်ကို မိုးရွာကြီးထဲထွက်ပြီး က,သည့် ကလေး

မှ သိပေလိမ့်မည်။ ယင်းပျော်ရွှင်မှုမျိုးကို မခံစားနိုင်အောင် ပြုလုပ်ခြင်းသည် အလွန်တရာ အဖိုးထိုက်တန်သော တစ်စုံတစ်ခုသော အရာဝတ္ထု ဆုံးရှုံးနစ်နာအောင် ပြုလုပ်ခြင်းနှင့် အလားသဏ္ဍာန်တူသည်။

# အခန်း(၆)

ကလေးသူငယ်တစ်ယောက်ကို ကလေးလိုမှတ်ရမလား၊ သို့မဟုတ် လူရွယ်လို၊ လူကြီးလို မှတ်ရမလား။ ယင်းပြဿနာနှင့် ပတ်သက်ပြီး အိုရှိုးရေးသောစာကို မြန်မာပြန်ဆိုရေးသားနေချိန်၌ တဂိုးရေးသော 'The Home Coming' (အိမ်အပြန်)အမည်ရှိ ဝတ္ထုတိုတစ်ပုဒ်ကို သွားသတိရသည်။ တဂိုးဝတ္ထုတိုပေါင်းချုပ်ထဲက ရင်နှင့်ဖွယ် ယင်းဝတ္ထုတိုကလေးသည် ကလေးသူငယ်တစ်ယောက်ကို ကလေးလိုသဘော ထားရမလား၊ လူကြီးလို သဘောထားရမလားဆိုသည့် ပြဿနာနှင့်ပတ်သက်ပြီး လက်ကနဲပြက်လိုက်သည့် အလင်းရောင်ဖြစ်နေသည်။ ယခုရေးသားတင်ပြနေသော ကလေး

ပြဿနာနှင့် တိုက်ဆိုင်နေ၍ တဂိုး၏'အိမ်အပြန်' ဝတ္ထုတိုကို အကျဉ်းချုပ်၍ ဖော်ပြ ပါရစေ။

ဖာတစ်နှင့်မခန်အမည်ရှိ ကလေးညီ အစ်ကိုနှစ်ယောက်ရှိသည်။ ဖာတစ်ကအကြီး၊ မခန်က အငယ်။ တစ်နေ့ ဖာတစ်သည် သူ့သူငယ်ချင်းတစ်စုနှင့် မြစ်ကမ်းပါးရွံ့နွံပေါ်တွင် လှေရွက်တိုင်လုပ်ဖို့ထားသော သစ်တုံးကြီးကို တွန်းပြီး မြစ်ထဲမျှောပစ်လိုက်ဖို့လုပ်သည်။ ဖာတစ်၏ညီဖြစ်သူ မခန်က သစ်တုံးပေါ်သွားပြီး ခွထိုင်နေသည်။ ဖာတစ်နှင့်အပေါင်းအပါများက မခန်ကို 'ဟေ့ ဖယ်စမ်း'ဟုပြောပြီး အတင်းတွန်းပစ်သည်။ မခန်က တုတ်တုတ်မျှ မလှုပ်၊ မည်သူကမျှ မခန်ကို တွန်းပစ်၍မရ။ နောက်ဆုံးဖာတစ်စိတ်ပေါက်လာပြီး 'ဟေ့မခန်၊ မင်း သေချင်သလား၊ ဖယ်မလား၊ မဖယ်ဘူးလား'ဟု ကြိမ်းမောင်းသည်။ မခန်ကမူ သူထိုင်ထားသောနေရာမြဲသည် ထက်မြဲသွားအောင် လှုပ်ရုံသာ လှုပ်လိုက်သည်။ ဖာတစ်က သူ့အဖော်များအား မခန်ထိုင်ထားသည့် သစ်တုံးကို မခန်နှင့်အတူ တွန်းပြီး မြစ်ထဲမျှောပစ်လိုက်ဖို့ အကြံပေးသည်။ ဖာတစ်၏ကလေးအဖော်များက အားယူပြီး 'တစ် နှစ် သုံး'ဟုအော်လျက် သစ်တုံးကို ဝိုင်းတွန်းကြသည်။ သစ်တုံး တစ်ပတ်မ လည်ခင်ပင် မခန် ရွှံ့နွံပေါ် လွင့်စင်ကျသွားသည်။ မခန်ငိုယိုပြီး အိမ်ပြန်သွားသည်။ ထိုအခိုက် လှေတစ်စင်းကမ်းပါး

ဆိုက်လာပြီး လူကြီးတစ်ယောက်ဆင်းလာ၏။ လူကြီးက ဖာတစ်ကို 'ကလေးကျက္ကရာဝတီတို့ရဲ့အိမ် ဘယ်မှာရှိလဲ'ဟု မေးသည်။ ဖာတစ်က'ဟိုမှာ'ဟုပြောသည်။ ခရီးသည်က'ဘယ်မှာလဲ'ဟု တဖန်မေးပြန်သည်။ ဖာတစ်က 'မသိဘူး'ဟု ဘုတောလိုက်သည်။ ခရီးသည်က အခြားကလေးတစ်ယောက်ကို မေးပြီး သူသွားလိုသည့် အိမ်ကို ရှာဖို့ထွက်သွားသည်၊ ထိုအခိုက် ဖာတစ်တို့အိမ်က အစေခံ တစ်ယောက် ရောက်လာပြီး ဖာတစ်ကို သူ့အမေခေါ်နေတယ်ဟု ပြောသည်။ ဖာတစ်က'မလိုက်ဘူး၊ ပြန်သွား'ဟုပြောပြီး ငြင်းဆန် နေသည်။ အစေခံက ဖာတစ်ကို အတင်းပွေ့ပြီးခေါ်သွားသည်။ ဖာတစ် အိမ်ရောက်သွားသောအခါ သူ့အမေက 'ဖာတစ် နင် မခန်ကို ရိုက်တယ်ဆို'ဟုမေးသည်။

'ဟင့်အင်းကျွန်တော် မရိုက်ပါဘူး၊ ဘယ်သူပြောလဲ'

'နင် လိမ်မပြောနဲ့'

'ကျွန်တော် မရိုက်ပါဘူးလို့ပြောနေတာ၊ မခန်ကို မေးကြည့်ပါလား' ဟု ပြန်ပြောသည်။ မခန်ကိုမေးကြည့်သောအခါ မခန် က သူ၏ ပထမတိုင်ချက်ကို ထပ်မံမြဲ မြဲအောင် 'ဟုတ်တယ် အမေ၊ ဖာတစ် ကျွန်တော့်ကိုရိုက်တယ်'ဟု အဖြေပေးသည်။ ဖာတစ် သည်းမခံနိုင်တော့၊ မခန်ဆီသို့ပြေးသွားပြီး 'လိမ်ပြောဦးကွ၊ လိမ် ပြောဦးကွ'ဟု ပြောလျက် ဆင့်ကာဆင့်ကာ လက်သီးစာကျွေး

လိုက်သည်။ သူတို့၏မိခင်က မခန် ဘက်ကလိုက်ပြီး ဖာတစ်ကို အတင်းဆွဲဖယ်လျက် နှစ်ချက်သုံးချက်ရိုက်ပစ်လိုက်သည်။ ဖာတစ်က သူ့အမေကို တွန်းပစ်လိုက်သည်။ သူ့အမေက 'ကြည့်စမ်း၊ ငါ့ကိုတောင် ပြန်ပြီးလုပ်တယ်'ဟုအော်သည်။

ထိုအခိုက် လှေပေါ်ကဆင်းလျက် ကျက္ကရာဝတီတို့၏ အိမ်မေးသော ခရီးသည် သည် ထိုအိမ်သို့ ရောက်လာသည်။ အိမ်ထဲ ဝင်လာလျှင်ဝင်လာချင်း ထိုသူက –

''ဟဲ့ ဘာဖြစ်ကြတာလဲ''ဟု မေးလိုက်သည်။ ဖာတစ် ရှက်လည်းရှက်၊ ကြောက်လည်းကြောက်သွားသည်။

အမေလုပ်သူသည် အသံကြားရာဆီ ကြည့်လိုက်သောအခါ ကလကတ္တားမှာ နေသော သူ၏အစ်ကိုဖြစ်နေသည်ကို သိသွားပြီး သူ၏အစ်ကိုနှင့်ကွဲကွာနေသည်မှာ နှစ်အတန်ကြာသွားပြီဖြစ်၍ မမျှော်လင့်ဘဲ သူ၏အစ်ကိုနှင့်တွေ့သောအခါ ဖာတစ်တို့၏အိမ်တွင် နေ့ရက်အတန်ကြာမျှ မောင်နှမသားချင်းများ တစ်ပျော်တစ်ပါးကြီး နေကြသည်။ ကလကတ္တား မပြန်ခင်နှစ်ရက်တွင် အစ်ကိုဖြစ်သူ ဗိရှန်ဘာက သူ့နှမကို ကလေးများအကြောင်း စုံစမ်းမေးမြန်းကြည့်သည်။ သူ့နှမက သူ့အစ်ကိုကို ပြောပြသည်။ ဖာတစ်သည် လူပေလူ တေကလေး ဖြစ်သည်။ ပျင်းသည်၊ ဆော့လည်းဆော့သည်။ မိဘစကားကိုလည်း နားမထောင်။ မခန်က လိမ်လည်း

လိမ္မာသည်။ အေးလည်း အေးသည်။ စာကိုလည်း ကြိုးစားသည်။ ဗိရှန်ဘာက ဖာတစ်ကို ကလကတ္တား ခေါ်သွားပြီး ကျောင်းထား ပေးမည်ဟု ပြောသည်။ မိခင်မုဆိုးမက လွယ်လင့်တကူပင် သဘောတူလိုက်သည်။ ဖာတစ်ကလည်း သူ့ဦးကြီးနှင့် ကလကတ္တားလိုက်သွားသည်။

ကလကတ္တားရောက်သောအခါ ဖာတစ်သည် ဗိရှန်ဘာ၏ဇနီး သူ့အဒေါ်နှင့် နဖူးတွေ့ဒူးတွေ့ တွေ့သည်။ အဒေါ်ဖြစ်သူသည် အိမ်၌မလိုသည့် လူပိုတစ်ဦးထပ်တိုးလာခြင်းကို နှစ်မြို့ခြင်းမရှိပေ။ အိမ်က ကလေးသုံးယောက်ကိုထိန်းပြီး အိမ်မှုတာဝန်ကို ဆောင်ရွက်နေရသည်မှာ သူ့အတွက် အနေတော်ဖြစ်သည်ဟု ထင်နေသည်။ သူတို့အိမ်သို့ ၁၄ နှစ်အရွယ် တောသားလေး တစ်ယောက် မမျှော်လင့်ဘဲ ရောက်လာခြင်းသည် အိမ်၌ ယမ်းပုံမီးကျသည့် အဓိပ္ပာယ်ပင်ဖြစ်သည်။ ဗိရှန်ဘာသည် အသက်အရွယ်ဤမျှကြီးပျင်းလာခဲ့သည်ဖြစ်သော်လည်း ပါးနပ်လိမ္မာသူ ဟုတ်ပါ၏လား။

ဤကမ္ဘာလောက၌ ၁၄ နှစ်အရွယ် သူငယ်ထက်ဆိုးသော 'ခွစာ'မျိုး မရှိပေ။ ကလေးအရွယ်ဆိုလျှင် သည်းခံတတ်ကြသော်လည်း ၁၄ နှစ်အရွယ်သူငယ်နှင့် ပတ်သက်လာလျှင် မရှောင်သာသည့် ချို့တဲ့ချက်ပင်ဖြစ်စေကာမူ သည်းမခံချင်ကြ။ တစ်ဆယ့်သုံး

နှစ်၊ တစ်ဆယ့်လေးနှစ်အရွယ် ကိုယ်တိုင်ကလည်း သူ့အချိုးမကျပုံကို သိရှိရိပ်မိသည်။ ကိုယ့်ဘဝနှင့် စပ်လျဉ်းပြီး အမြဲ ရှိုးတို့ရှန့်တန့်ဖြစ်နေသည်။ အမြဲတောင်းပန်တိုးလျှိုးလိုစိတ် ပေါက်နေသည်။ သို့ရာတွင် ခက်နေသည့်အချက်တစ်ခုမှာ ထိုအရွယ်သူငယ်တို့သည် ချစ်ခင်ကြင်နာမှုကို လိုသည်ထက်ပို၍ ခံယူချင်ကြသည်။ ဝမ်းနည်းစရာကောင်းသည့်အချက်မှာ သူ့ကို မည်သူကမျှ ပွင့်ပွင့်လင်းလင်း မချစ်ဝံ့ပေ။ အကြောင်းမူကား အလိုလိုက်၍ အမိုက်စော်ကားမှာ စိုးရိမ်နေသောကြောင့်ဖြစ်သည်။

ဖာတစ်သည် သူ့အဒေါ်အတွက် ငြိုဟ်ကောင်တစ်ဦး ဖြစ်နေသည်။ ထိုအချက်ကို သူမလိုလားဆုံးဖြစ်နေသည်။ သူ့အဒေါ်က တစ်ခုခု အလုပ်ခိုင်းသည့်အခါမျိုး၌ ဝမ်းသာလွန်းသဖြင့် လိုသည်ထက်ပို၍ လုပ်သေးသည်။ သို့ရာတွင် ထိုအခါမျိုး၌ သူ့အဒေါ်က သူ့ကို ''မပိုချင်နဲ့၊ သွားနှင့်စာ နင်ဖတ်'ဟု ကြိမ်းမောင်းတတ်သည်။ အိမ်အတွင်း၌ ယင်းကဲ့သို့ အမြဲတစေ ငြူစူစောင်းမြောင်းခြင်းခံနေရသဖြင့် ဖာတစ်သည် အနေအထိုင် ကျဉ်းကျပ်လာသည်။ အိမ်အပြင် တစ်နေရာရာကို စိတ်ပြေလက်ပျောက် ထွက်လိုစိတ်ပေါ်လာသည်။ သို့ရာတွင် ထိုကဲ့သို့သောနေရာမျိုးကို ကြည့်မမြင်ပေ။ နံရံများကြားထဲတွင် အကျဉ်းခံနေရရင်း ဖာတစ်သည် သူ့ရွာကို အိပ်မက်မက်နေ သည်။ သူ တစ်နေကုန်

တစ်နေခန်း စွန်လွှတ်ခဲ့သော ကွင်းပြင်ကိုလည်းကောင်း၊ သူပုလွေမှုတ်ခဲ့သော မြစ်ကမ်းပါးကိုလည်းကောင်း၊ သူရေဆင်းကူးသော ချောင်းကလေးကိုလည်း ကောင်း၊ သူ့ကို မျက်မုန်းကျိုးနေသော မိခင်ကိုလည်းကောင်း နေ့ညဥ့်မပြတ် သတိရနေသည်။ အမေ့ထံသွားချင်သော ဆန္ဒသည် လည်းကောင်း၊ အမေ့ကို တစ်ကြိမ်လောက် တွေ့ချင်သည့် အာသာသည်လည်းကောင်း၊ ညနေဆည်းဆာ မိခင်နွားမနှင့် ကွဲကွာနေသော နွားပေါက်ကလေးကဲ့သို့ ‘အမေ့အမေ’ဟူသော စိတ်တွင်းက ခေါ်သံသည် လည်းကောင်း မကြာခဏ ပေါ်ပေါက်နေသည်။

တစ်နေ့တွင် ဖာတစ်သည် အရဲစွန့်ပြီး သူ့ဦးကြီးကို မေးကြည့်သည်။

‘‘ဦးကြီး ကျွန်တော် ဘယ်တော့ အိမ်ပြန်ရမလဲ’’

သူ့ဦးကြီးက ပြန်ပြောသည်။

‘‘ကျောင်းပိတ်တော့ ပြန်ရမှာပေါ့’’

သို့ရာတွင် သီတင်းကျွတ်ကျောင်း ပိတ်ချိန်အဝေးကြီး လိုသေးသည်။

# အခန်း(၇)

တစ်နေ့ ဖာတစ်သည် သူ၏ကျောင်းစာအုပ် ပျောက်သွားသည်။ အလိုလိုမှ စာကျက်၍ မရသည့်အထဲ စာအုပ်က ပျောက်ပြန်ရာ ဖာတစ်အတွက် အခက်ကြုံရတော့သည်။ နေ့စဉ်ရက်ဆက် ကျောင်းဆရာက သူ့ကို မညှာမတာ ကြိမ်စာကျွေးသည်။ ကျောင်း၌ သူ၏အခြေအနေ ဘယ်လောက်ဆိုးနေသနည်းဆိုလျှင် သူနှင့် ညီအစ်ကိုဝမ်းကွဲတော်သူ သူ့ဦးကြီး၏သားများကပင် သူ့ကို ဆေးဖော်ကြောဖက်မလုပ်ချင် ဖြစ်လာကြသည်။ ဖာတစ် အရှက်တကွဲဖြစ်သည့်အခါ သူ့ညီအစ်ကိုဝမ်းကွဲများသည် အခြားကျောင်းသားများထက်ပင် လှောင်ပြောင်သရော်ကြသည်။ နောက်ဆုံး ဖာတစ်

သည် သူ့အဒေါ်ထံသွားပြီး တရားခံ တစ်ဦးကဲ့သို့ လက်ပိုက်ရပ် လျက် –

''ကျွန်တော်စာအုပ် ပျောက်သွားပြီ အဒေါ်''ဟု ပြောသည်။ သူ့အဒေါ်က ဒေါသမျက်လုံးဖြင့်ကြည့်လျက်

''အေးကောင်းတယ်၊ နင့်ကို တစ်လတည်း စာအုပ် ငါးခါဝယ်မပေးနိုင်ဘူး သိလား''ဟု ငေါက်လိုက်သည်။

ကျောင်းက ပြန်လာသောအခါ ထိုည၌ ဖာတစ်ခေါင်း ကိုက်သည်။ ကိုယ်ပူလာသည်။ သူ့ကိုယ်သူ ဖျားမှန်းသိသည့်အတွက် ဗျာများသွားသည်။ တကယ်လို့ သူမကျန်းမမာဖြစ်နေလျှင် အဒေါ် အတွက် ရောမ အနှောင့်အယှက်တစ်ခု ဖြစ်လာတော့မည်။ သူ၏ အဖျားသည် အဒေါ်အတွက် ဘယ်လောက်ခံပြင်းစရာအကြောင်း ဖြစ်လာမည်ကို သူကောင်းကောင်းရိပ်မိသည်။ နေထိုင်မကောင်းဖြစ် သည့်အခါ သူလို လူပေလူတေကလေးများအတွက် လောကမှာ မိခင်ထက်ပိုပြီး ဘယ်လို လူမျိုးဆီက ပြုစုယုယမှု ရရှိနိုင်မည်နည်း။ ယင်းသို့တွေးလျက် ဖာတစ် အားငယ်သွားသည်။

နောက်တစ်နေ့နံနက် ဖာတစ် ပျောက်သွားသည်။ အိမ်နီး နားချင်းအိမ်များ၌ ဒေါင်းတောက်အောင် ရှာဖွေသော်လည်း အစ အနမျှပင် မတွေ့ရပေ။ ထိုနေ့တွင် ညကတည်းက မိုးတစိမ့်စိမ့် ရွာသွန်းနေသဖြင့် သူ့ကို လိုက်ရှာနေသူများသည် မိုးရွှဲရွှဲစိုကုန်

www.burmeseclassic.com



ကြသည်။ နောက်ဆုံး ဘယ်မှာမှ မတွေ့ရသဖြင့် လက်လျှော့ပြီး ဗိုရှန်ဘာဘာပူ ဂတ်တိုင်လိုက်သည်။

တစ်နေ့လုံး အချိန်ကုန်သွားသည်။ ညပိုင်းရောက်လာသောအခါ ပုလိပ်ကားတစ်စီး ဗိုရှန်ဘာအိမ် လာရပ်သည်။ ထိုအချိန်အထိ မိုးမစဲသေးပေ။ လမ်းပေါ်၌လည်း ရေလျှံနေသည်။ ပုလိပ်နှစ်ယောက်ပေါင်းပြီး ဖာတစ်ကို ကားပေါ်မှ ဗိုရှန်ဘာရှေ့ မယူလာသည်။ ဦးခေါင်းက ခြေထောက်အထိ ဖာတစ်တစ်ကိုယ်လုံး မိုးရွှဲရွှဲစိုနေသည်။ ရွံ့လည်း ပေကျံနေသည်။ မျက်နှာနှင့် မျက်လုံးနှစ်ဖက် အဖျားကြောင့် နီရဲနေသည်။ ချမ်းလွန်းလှသောကြောင့် ခိုက်ခိုက်တုန်နေသည်။

ဗိုရှန်ဘာလည်း ဖာတစ်ကို လက်နှစ်ဖက်ဖြင့်ပွေ့ပြီး အခန်းထဲခေါ်သွားသည်။ အဒေါ်က မြည်တွန်တောက်တီးသည်။

''အရည်မရ၊ အဖတ်မရနဲ့ သူများ ကလေးခေါ်လာပြီး ဘာပြုလို့ ဒုက္ခရှာနေရတာလဲ၊ သူ့အိမ်ကို ဘာဖြစ်လို့ ပြန်မပို့သေးတာလဲ့''

အဒေါ်ပြောသောစကား ကြားရသောအခါ ဖာတစ်က ရှိုက်ပြီးပြောသည်။

''ကျွန်တော် အမေ့ဆီပြန်သွားတာ၊ သူတို့ ကျွန်တော့်ကို ဖမ်းပြီး ပြန်ခေါ်လာတယ့်''

အဖျားရှိန် တက်သည်ထက် တက်လာသည်။ ဗိရှိန်ဘာ ဆရာဝန်ခေါ်လာသည်။ ဖာတစ်သည် နီရဲနေသော သူ၏မျက်လုံးကို ဖွင့်လျက် မျက်နှာကျက်ကို တစ်ချက်ကြည့်ပြီး ပြောသည်။

''ဦးကြီးကျောင်းပိတ်ပြီလား''

ဗိရှန်ဘာသည် လက်ကိုင်ပုဝါဖြင့် မျက်ရည်သုတ်လျက် အဖျားကြောင့် ခြစ်ခြစ် တောက်ပူနေသော ကလေး၏လက်ကလေး နှစ်ဖက်ကို ချစ်ခင်ကြင်နာစွာဖြင့် သူ့ရင်ခွင်ထဲ ထည့်ကိုင်ထားပြီးလျှင် ကလေး၏အနီး၌ တစ်ညလုံးနေသည်။ ဖာတစ်သည် တစ်ဖန် ကယောင်ကတမ်း ပြောပြန်သည်။

''ကျွန်တော့်ကို မရိုက်ပါနဲ့ အမေ၊ ကျွန်တော် ဘာမှမလုပ် ပါဘူး''

နောက်တစ်နေ့ နံနက်ပိုင်း နေထွက်လာသောအခါ ဖာတစ် သတိအနည်း ငယ်ရလာသည်။ တစ်စုံတစ်ဦးကို ရှာဖွေသည့်ပမာ ခေါင်းထောင်၍ အိမ်ထဲတွင် ဟိုဟိုသည်သည် လှမ်းကြည့်သည်။ နောက်ဆုံး၌ စိတ်အားလျော့သွားပြီး ခေါင်းအုံးပေါ် ခေါင်းပြန်ချပြီး လျှင် ပြတင်းပေါက်ဖက် မျက်နှာလှည့်၍ ပြန်အိပ်နေလိုက်သည်။ ဗိရှန် ဘာက ဖာတစ်၏ စိတ်ဆန္ဒကို ရိပ်မိဟန်တူသည်။ နားနားကပ် ပြီး –

''ဖာတစ့်၊ မင်း အမေ မှာလိုက်ပြီ၊ လာလိမ့်မယ်'' ဟု

www.burmeseclassic.com



တိုးတိုးပြောလိုက်သည်။ ထို့နောက် နောက်တစ်ရက်လည်း ကုန်ဆုံးသွားသည်။ ဆရာဝန်က မျက်နှာမသာမယာဖြင့် –

''အခြေအနေ အတော်ဆိုးနေပြီ'' ဟု ဖွင့်ဟပြောပြသည်။ ဗိရှန်ဘာသည် မှိတ်တုတ်မှိတ်တုတ်ဖြစ်နေသော မီးရောင်အောက်၌ လူမမာအနားတွင် ထိုင်လျက် ဖာတစ်အမေကို ငံ့လင့်နေသည်။

''သုံးလံ၊ လေးလံ့''

ဖာတစ်သည် သင်္ဘောသားများကဲ့သို့ အော်နေသည်။ သူ ကလကတ္တားလာစဉ်က ခရီးတော်တော်ဝေးဝေးအထိ သင်္ဘော စီးလာရသည်။ သင်္ဘောများ ရေထဲတွင် ကျောက်ဆူးကြိုးချလျက် သံနေသံထားဖြင့် ရေတိုင်းထွာနေသည်ကို သူကြားဖူးသည်။ အိပ်ရာပေါ်တွင် လဲနေသော ဖာတစ်သည် သင်္ဘောသားများကဲ့သို့ သနားစဖွယ်အသံဖြင့် ရေကိုတိုင်းထွာနေသည်။ သို့ရာတွင် သူ၏ ဘဝလှေယာဉ်လှော်ခတ်နေသော သမုဒ္ဒရာ ပြင်ကျယ်၌ ကျောက်ဆူး ကြိုးချ၍နေလိုပါသော် လည်း သူ့ခမျာ ချစရာနေရာမရ ဖြစ်နေ ရှာသည်။

ထို့နောက် လေပွေမွှေ့လိုက်သကဲ့သို့ ဖာတစ်၏အမေသည် အိမ်ထဲငိုပြီး အ တင်းပြေးဝင်လာသည်။ ဗိရှန်ဘာက အားပေးစကား ပြောသေးသည်။ သို့ရာတွင် ဖာတစ်အမေသည် သူ့သားဖာတစ် အိပ်ရာအနီး၌ ပက်လက်လှန်လှဲလိုက်လျက် –

☺ ပြုံးပန်းတစ်ရာစာပေ

www.burmeseclassic.com



''ဖာတစ် သားသားလေး''ဟု ငိုယိုပြီး ခေါ်လိုက်သည်။ ဖာတစ်က –

''အမေ့''ဟု ပြန်ထူးသည်။

''ဖာတစ့်သားလေးအမေ လာပြီလာလေ့''

ဖာတစ်သည် ဖြည်းညင်းစွာ ကိုယ်ကို တစ်ဖက်စောင်းလိုက်သည်။ ဟိုဟိုသည်သည် ကြည့်လိုက်သည်။

သို့ရာတွင် သူ့အနီးတွင် ရှိနေသူများကို မမြင်ရတော့ပေ။ အားနည်းသော အသံလေးဖြင့် နောက်ဆုံးစကားပြောလိုက်သည်။

''အမေ...ကျောင်းပိတ်ပြီနော်၊ ကျွန်တော် အိမ်ပြန်မယ်...'

☆ ☆ ☆

## အခန်း(၈)

ကလေးငယ်တစ်ယောက် မိခင်ဝမ်းတိုက်ထဲက မွေးဖွား လာသောခဏသည် ကလေးငယ်၏ဘဝ၌ အကြီးမားဆုံးဘေး အန္တရာယ်နှင့် ရင်ဆိုင်နေရသော ခဏဖြစ်သည်။ အသက်ပျောက် သွားခြင်းသည်ပင် ယင်းဘေးအန္တရာယ်လောက် ကြီးမားလိမ့်မည် မဟုတ်ပေ။ အသက်ပျောက်သွားခြင်း သို့မဟုတ် သေဆုံးသွား ခြင်းသည် သတိမပေးဘဲ ရောက်လာသည်။ သေခြင်း သို့မဟုတ် အသက်ပျောက်သွားခြင်းသည် များသောအားဖြင့် သတိမေ့နေချိန် ၌ ရောက်လာလိမ့်မည်။ အမိ၏ ဝမ်းတိုက်အတွင်းက မွေးဖွားလာစ အချိန်ကား ကလေးငယ် သတိရှိနေပြီဖြစ်သောအချိန် ဖြစ်သည်။

အမိဝမ်းတိုက်တွင်း၌ အချိန်ကာလ ကိုးလကြာမျှ ငြိမ်းငြိမ်းချမ်းချမ်း အိပ်ပျော်နေရခြင်းသည် အနှောင့်အယှက် ဖြစ်သွားပြီးလျှင် မိခင်နှင့် ဆက်စပ်နေသော ချက်ကြိုးဖြတ်တောက်ပစ်လိုက်သည်ကို ခံရသည်။ မိခင်နှင့် ဆက်စပ်နေသော ချက်ကြိုး ဖြတ်တောက်ပစ်လိုက်သည့်ခဏ၌ ကလေးငယ်အား ထိတ်လန့်ကြောက်ရွံ့ဖွယ်အသိ ဖန်တီးပေးလိုက်သည်။ ကလေးသူငယ်ကို မိခင်နှင့်လည်း တဖြည်းဖြည်း ခွာထားလိုက်ကြသည်။

ထိုခဏ၌ အိမ်ခန်းထဲတွင် စူးရှသော အလင်းရောင်မရှိသင့်ပေ။ ကလေးငယ်သည် အချိန်ကာလ ကိုးလကြာမျှ တကယ့်အမိုက်မှောင်ထဲ၌နေရပြီး ကလေးငယ်၏မျက်လုံးသည် အလင်းရောင်နှင့် ပဏာမစားသည့်အတွက်ကြောင့် ဖြစ်သည်။ မွေးဖွားလာသော အခန်းထဲတွင် အလင်းရောင်သည် ခပ်မှိန်မှိန် မဟုတ်ဘဲ လင်းလင်းထင်းထင်းကြီး ဖြစ်နေသော အလင်းရောင်ဖြစ်နေသည်။ ကလေးသူငယ်အနေနှင့် မွေးမွေးချင်း အလင်းရောင်နှင့် ရင်ဆိုင်ရသည်။ လူအတော်များများသည် အရွယ်မရောက်မီ မျက်စိမှုန်ကြခြင်းသည် ယင်းသို့ မွေးလာလာချင်း စူးစူးရှရှ အလင်းရောင်ကို ကြည့်ရသည့်အတွက်ကြောင့် ဖြစ်သည်။ နောက်ပိုင်း အရွယ်မရောက်မီ မျက်မှန်တပ်ရခြင်းသည်လည်း ယင်းအကြောင်းသည် အဓိကအကြောင်းဖြစ်ဖို့ ရှိသည်။

တိရစ္ဆာန်များ မျက်စိမှုန်သည့်အတွက် မျက်မှန်တပ်ရသည့် အဖြစ်မျိုး ရှိရဲ့လား။ တိရစ္ဆာန်များ၏ မျက်လုံးသည် သေချိန်အထိ အမြင်အားနည်းခြင်း ရှိမသွားဘဲ ပကတိအတိုင်း ဖြစ်နေကြသည်။ မျက်စိအမြင်မသန် ဖြစ်သွားရသည်မှာ၊ မျက်စိအမြင် အားနည်း သွားသည်မှာ မနုဿလူများသာ ဖြစ်သည်။ မနုဿလူများသာလျှင် အရွယ်မရောက်မီ မျက်စိအမြင်အားနည်းသွားကြခြင်း ဖြစ်သည်။

အမှောင်ခန်းထဲတွင် ကလေးမွေးဖွားသင့်သည်။ သို့မဟုတ် ကလည်း ဖယောင်းတိုင်မီးလောက် လင်းနေသော အခန်းထဲတွင် ကလေးမွေးဖွားသင့်သည်။ အမှောင်ခန်းသည် မွေးဖွားဖို့အတွက် အကောင်းဆုံးနေရာ ဖြစ်သည်။ သို့သော်လည်း အလင်းရောင် အနည်းအကျဉ်း လိုသည်ဆိုလျှင် ဖယောင်းတိုင်မီးအလင်းရောင် လောက်သာ ထားသင့်သည်။ သို့သော်လည်း ယခုအချိန်၌ သားဖွား ဆရာဝန်များသည် မည်သို့မည်ပုံ ကလေးမွေးဖွားပေးနေကြသနည်း။ ကလေးကို ကြိုဆိုသည့်နည်း လမ်းသည် ပုံစံမမှန်သောနည်းလမ်း ဖြစ်နေသည်။

သားဖွားဆရာဝန်များသည် ကလေး၏ခြေထောက်ကို မြှောက်ကိုင်ထားပြီး ကလေး၏ကျောကို ပုတ်ပေးကြသည်။ ကလေး အသက်ရှူနိုင်စေရန်အတွက် ယင်းသို့ ပြုလုပ်ပေးခြင်းဖြစ်သည်။ အမိဝမ်းထဲ၌ ကလေးသူငယ်သည် ကိုယ်တိုင်အသက်မရှူပေ။ မိခင်

ဖြစ်သူက ကလေးအတွက် အသက်ရှူပေးရသည်။ အစာစား ပေးရသည်။ ကလေးအတွက် ဘာမဆိုလုပ်ပေးရသည်။ သို့သော် လည်း မွေးကင်းစကလေးအား ဖောက်ထိုးဆွဲထားပြီး ကျောကို ပုတ်ပေးခြင်းသည် ကောင်းသော အစပျိုးခြင်းမဟုတ်ပေ။ သားဖွား ဆရာဝန်များသည် အလျင်စလို ဖြစ်နေကြသည်။ ယင်းသို့ မပြု လုပ်လျှင်လည်း ကလေးသည် သူ့ဘာသာသူ အသက်ရှူလာလိမ့် မည်။ မိခင်၏ဗိုက်ပေါ် တင်ထားရမည်။ ချက်ကြိုးမဖြတ်မီ ကလေး ကို မိခင်၏ဗိုက်ပေါ်တွင် ထားသင့်သည်။

ကလေးသည် မိခင်ဝမ်းတွင်း၌ နေခဲ့သည်။ ယခု အပြင် ဘက် ရောက်လာသည်။ ကြီးကြီးကျယ်ကျယ် ပြောင်းလဲသွားခြင်း မျိုး မဟုတ်ပေ။ မိခင် ရှိနေသည်။ သူ့မိခင်ကို ထိတွေ့နိုင်သည်။ မိခင် အသိဝင်လာနိုင်သည်။ ကိုယ့်အိမ်ဖြစ်သည်ဆိုသည်ကို သိ သည်။ အပြင်ဘက်ရောက်လာပြီဖြစ်သော်လည်း ကိုယ့်အိမ်ဖြစ် သည်ဆိုသော အသိရှိသည်။ သူ့မိခင်နှင့်အတူ အချိန်အတန်ကြာမျှ ထားသင့်သည်။ ယင်းသို့ ပြုလုပ်ပေးမှ အတွင်း၌နေစဉ်က သူ သိခဲ့သလို အပြင်ရောက်သောအခါ၌လည်း သူ့မိခင်မှန်း သိသွား ပေလိမ့်မည်။

ကလေး၏ ချက်ကြိုးကို သူ့ဘာသာ သူအသက်မရှူမချင်း မဖြတ်သင့်ပေ။ ယခုလုပ်ကြသည်မှာ ကလေးအသက်ရှူအောင်

ချက်ကြိုးဖြတ်ပြီး ကလေးကို ပုတ်ပုတ်ပေးကြသည်။ ယင်းကဲ့သို့ ပြုလုပ်ခြင်းသည် ကလေးကို အတင်းအသက်ရှူခိုင်းခြင်း ဖြစ်သည်။ အကြမ်းနည်းသုံးပြီး အသက်ရှူခိုင်းခြင်း ဖြစ်သည်။ သိပ္ပံနည်း မကျသော၊ သဘာဝမကျသော အသက်ရှူခိုင်းခြင်း ဖြစ်သည်။

မွေးကင်းစကလေးကို သူ့ဟာသူ အသက်ရှူလာအောင် လုပ်ရမည်။ သူ့ဟာသူ အသက်ရှူပါစေ။ သူ့ဟာသူ အသက်ရှူဖို့ အတွက် မိနစ်အနည်းငယ် ကြာချင်ကြာလိမ့်မည်။ စောင့်နေပါ။ အလောတကြီး မလုပ်ပါနှင့်။ လူတစ်ယောက်၏ ဘဝတစ်ခုလုံးအ တွက် ပြဿနာ ဖြစ်သည်။ နှစ်မိနစ် သုံးမိနစ် လောက်ကြာသည် အထိ စီးကရက်သောက်ချင် သောက်နေနိုင်သည်။ မိနစ်အနည်း ငယ်ကြာမျှ မိမိချစ်သူနှင့် ချစ်တင်းစကား နှီးနှောချင် နှီးနှော နေနိုင်သည်။ ယင်းသို့ ပြုလုပ်သည့်အတွက် မည်သူ့မှ ထိခိုက်နစ်နာ စရာ အကြောင်းမရှိပေ။ ဘာ့ကြောင့် အလျင်စလို ဖြစ်နေရသနည်း။ မွေးကင်းစကလေးအတွက် သုံးမိနစ်လောက် အချိန်မပေးနိုင်ဘူးလား။ မွေးကင်းစကလေးအတွက် သုံးမိနစ်ထက်ပိုပြီး အချိန်မလိုပေ။

သူ့ဟာသူ အသက်ရှူလာအောင် ထားပါ။ သုံးမိနစ် အတောအတွင်းမှာပင် အသက်ရှူလာပါလိမ့်မည်။ အသက်စတင်ရှူ သောခဏ၌ ကလေးသည် သူ့ဟာသူ အသက်ရှင်နိုင်သည်ဟူသော ယုံကြည်ချက်ဖြစ်လာလိမ့်မည်။ ထိုအခါကျမှ ချက်ကြိုးဖြတ်ပစ်နိုင်

www.burmeseclassic.com



သည်။ ထို့ထက်စောပြီး ပြုလုပ်ခြင်းသည် ကောင်းကျိုးဖြစ်မလာနိုင်ပေ။ ကလေးကို ထိတ်လန့်သွားအောင် မပြုလုပ်သင့်ပေ။

ထို့နောက် ကလေးနှင့်ပတ်သက်ပြီး သတိထားရမည့်အချက်မှာ မွေးကင်းစကလေးကို စောင်နှင့်ပတ်ပြီး သိပ်မထားခြင်းဖြစ်သည်။ ကိုးလလောက်အထိ ကလေးသည် အမိဝမ်းတိုက်အတွင်း၌ စောင်မခြုံဘဲနေခဲ့သည်။ အင်္ကျီမဝတ်ဘဲနေခဲ့သည်။ ခေါင်းအုံးမအုံးဘဲ နေခဲ့သည်။ အိပ်ရာခင်းမရှိဘဲ နေခဲ့သည်။ အိပ်ရာမရှိဘဲနေခဲ့သည်။ ယခုလို ဖြုတ်ခနဲ ပြောင်းလဲခြင်းမျိုး မပြုလုပ်သင့်ပေ။ ကလေးအတွက် သူ့မိခင်ဝမ်းတိုက်အတွင်း၌ နေခဲ့စဉ်က ပမာဏလောက် ရေရှိသည့် ရေစည်ပိုင်းငယ်ကလေးလိုသည်။ ယင်းရေစည်ပိုင်းငယ်သည် တကယ့်ပင်လယ်ရေဖြစ်သည်။ ဆားပမာဏ ထိုအတိုင်းပင်ဖြစ်သည်။ ဓာတုပမာဏ ထိုအတိုင်းပင်ဖြစ်သည်။ ယင်းကဲ့သို့ ပြုလုပ်ခြင်းသည် လူ့ဘဝသည် ပင်လယ်ထဲတွင် စတင်ခဲ့ရသည်ဟူ၍လည်းကောင်း၊ ပင်လယ်ရေထဲတွင် ရှိနေတုန်းပင် ရှိနေသည်ဟူ၍လည်းကောင်း၊ တဖန်ဖော်ပြသော သက်သေသာဓက ဖြစ်သည်။

ထို့ကြောင့် အမျိုးသမီးများ ကိုယ်လေးလက်ဝန်ရှိလာသောအခါ ဆားကဲ့သို့သော အစားအသောက်ကို စားကြခြင်းဖြစ်သည်။ မိခင်ဝမ်းတိုက်သည် ဆားအရသာရှိနေပြီး ကိုယ်ဝန်ဆောင်

ကလေးအနေနှင့် ပင်လယ်ထဲက ပင်လယ်ဆားငန်ရေ လိုအပ်သည့်အတွက်ကြောင့် ဖြစ်သည်။ ထို့ကြောင့် ယင်းရည်ရွယ်ချက်မျိုးဖြင့် စည်ပိုင်းငယ်ကလေးထဲတွင် ကလေးငယ်ကို လဲလျောင်းနေစေရမည်။ ယင်းသို့ပြုလုပ်လျှင် ကလေးငယ်က သူ့ကို ကောင်းကောင်းပြုစုခြင်းဖြစ်သည်ဟု ခံစားမှုရှိလာပေလိမ့်မည်။ ယင်းသို့ ပြုလုပ်ခြင်းသည် ကလေးသူငယ်အတွက် အပြင်အပနှင့်ထိတွေ့ခြင်း၊ ထိတွေ့ခွင့် သို့မဟုတ် သိကျွမ်းခွင့် ရရှိခြင်းဖြစ်သည်။

ဂျပန်နိုင်ငံ၌ ဂျပန်ဘုန်းတော်ကြီးတစ်ပါးသည် သုံးလသားအရွယ် ကလေးတစ်ယောက်ကို ရေကူးတတ်အောင် အလေ့အကျင့် လုပ်ပေးသည်။ ကလေးကို တဖြည်းဖြည်း ရေထဲချပေးသည်။ ပထမဦးစွာထို သုံးလသားကလေးကို အလေ့အကျင့် လုပ်ပေးပြီး နောက်ခြောက်လသားကလေးကိုလည်းကောင်း၊ ထို့နောက် ကိုးလသားကလေးသူငယ်ကိုလည်းကောင်း အလေ့အကျင့် လုပ်ပေးသည်။ အမှန်က ကလေးသည် မွေးကတည်းက ရေကူးသည့်အလေ့အထနှင့် မွေးလာခြင်း ဖြစ်သည်။ အမိဝမ်းတိုက်အတွင်း၌ ရေကူးလာခဲ့သောကြောင့် ဖြစ်သည်။

အမိဝမ်းတိုက်အတွင်း၌ ရှိနေစဉ်က ကဲ့သို့ပင် ကလေးအားအခွင့်အရေးပေးရမည်။ အခွင့်အရေးရလျှင် ရသလောက် ကလေးသည် မိမိကိုယ်မိမိ စိတ်ချယုံကြည်မှု ရှိလာလိမ့်မည်။ ကလေးကို

ယင်းကဲ့သို့ အတင်းရေကူးခိုင်းဖို့ မလိုပေ။ အတင်းလူကြီး ဖြစ်လာအောင် လုပ်စရာမလိုပေ။ အချိန်တန်လျှင် သူ့ဟာနှင့်သူ ဖြစ်လာပေလိမ့်မည်။

www.burmeseclassic.com

# အခန်း(၉)

ရိုးသားမှုသည် စွမ်းရည်သတ္တိဖြစ်သည်။ ပွင့်လင်းခြင်းသည် ရိုးသားခြင်းလည်း ဖြစ်သည်။ စွမ်းရည်သတ္တိလည်း ဖြစ်သည်။

ရိုးသားမှုရှိလျှင် စွမ်းရည်သတ္တိရှိဖို့ မလိုပေ။ ပွင့်လင်းခြင်းအတွက် ရိုးသားခြင်းလည်း မလိုပေ။ စွမ်းရည်သတ္တိလည်း မလိုပေ။ ရိုးသားခြင်းထက်ပိုပြီး ပွင့်လင်းခြင်း မရှိနိုင်သည့်အတွက်ကြောင့် ဖြစ်သည်။ ထို့ကြောင့် ပြဿနာတစ်ခုလုံးသည် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်၏ရိုးသားခြင်းကို မည်သို့မည်ပုံ ကာကွယ်ရမည်နည်းဟူသည့် ပြဿနာဖြစ်သည်။

ရိုးသားခြင်းသည် ရရှိသောအရာ တစ်ခုမဟုတ်ပေ။

☺ ပြုံးပန်းတစ်ရာစာပေ

သင်ကြားဆည်းပူးရသော အရာတစ်ခုလည်းမဟုတ်ပေ။ ပန်းချီ၊ ပန်းပု၊ ဂီတ၊ ကဗျာလို အရာဝတ္ထုတစ်ခုလည်း မဟုတ်ပေ။ ယင်း အရာဝတ္ထုနှင့်တူသောအရာလည်း မဟုတ်ပေ။ ယင်းအရာများ ထက်ပိုသော အသက်ရှူခြင်းနှင့်တူသည့် အရာမျိုးဖြစ်သည်။ မိမိနှင့်အတူ မွေးဖွားလာသော ဖွားဖက်တော်လည်းဖြစ်သည်။

ရိုးသားခြင်းသည် လူတိုင်းလူတိုင်း ၏ သဘာဝဖြစ်သည်။ မည်သူမှ ရိုးသားခြင်း အပြင် တခြားမည်သည့်အရာနှင့်မှ မွေးဖွား လာပေ။ ရိုးသားခြင်းမှတစ်ပါး မည်သည့်အရာနှင့် မည်သူမွေးဖွား လာနိုင်မည်နည်း။

မွေးဖွားခြင်းသည် ကမ္ဘာလောကထဲသို့ ဝင်ရောက်လာသည် ဟူသော အဓိပ္ပာယ် ဖြစ်သည်။ မိမိတွင် အနာဂတ်သာလျှင် ရှိသည်။ အတိတ်မရှိပေ။ ယင်းသည် ရိုးသားခြင်း၏ ဆိုလိုရင်းအဓိပ္ပာယ် ဖြစ်သည်။ ထို့ကြောင့် ရှေးဦးစွာ ရိုးသားခြင်း၏ အနက်အဓိပ္ပာယ် အားလုံးကို နားလည်အောင်ကြိုးစားရမည်။

ပထမဦးဆုံးအရာဝတ္ထုမှာ အတိတ်မဟုတ်ပေ။ အနာဂတ် သာဖြစ်သည်။ မိမိတို့သည် ရိုးသားခြင်းနှင့်အတူ ကမ္ဘာလောကထဲ သို့ ရောက်ရှိလာခြင်းဖြစ်သည်။ လူတိုင်း လူတိုင်းသည် တူညီသော နည်းလမ်းအားဖြင့် ရောက်ရှိလာကြသူများဖြစ်သည်။

မိမိတို့၏ရိုးသားမှုကိုလည်းကောင်း၊ ပွင့်လင်းခြင်းကို

www.burmeseclassic.com



လည်းကောင်း၊ မည်သူကမှ မဖျက်ဆီးနိုင်အောင် မည်သို့မည်ပုံ စီမံမည်နည်း၊ ယင်းသို့စီမံရန်အတွက် မည်သည့်နေရာမှ စွမ်းရည်သတ္တိ ရရှိမည်နည်း၊ ပြဿနာတစ်ရပ်ဖြစ်သည်။ မိမိတို့အနေနှင့် လူကြီးများနှင့် သူတို့ကမ္ဘာလောက၏ နှောင့်ယှက်ဖျက်စီးခြင်း မခံရအောင် မည်သို့မည်ပုံစီမံမည်နည်း။

လူတိုင်းလူတိုင်းအတွက် ယင်းပြဿနာပေါ်လာကောင်း ပေါ်လာလိမ့်မည်။ သို့ရာတွင် စိတ်ဝင်စားစရာကောင်းသည်မှာ တခြားအရာများနှင့် ပတ်သက်သည်။ မိမိတို့သည် ရင့်ကျက်နေသော ကမ္ဘာလောကနှင့် အရောင်းအဝယ်အတွက် ဈေးစတင်ညှိနှိုင်း နေကြသည်။ ရင့်ကျက်နေသော ကမ္ဘာလောကသည် မိမိတို့ကို ပေးဖို့ အရာဝတ္ထုများစွာ ရှိနေသည်။ မိမိတို့ထဲတွင်မူ ပေးရန်တစ်ခုတည်း သောအရာသာရှိသည်။ ယင်းအရာမှာ မိမိတို့၏ ဖြောင့်မတ်မှု၊ မိမိတို့၏ ကိုယ့်ဂုဏ် သိက္ခာကိုယ် ရိုသေမှုဖြစ်သည်။ မိမိတို့အနေနှင့် ပေးစရာများစွာမရှိပေ။ တစ်ခုတည်းသော အရာသာရှိသည်။ ယင်းအရာကို ရိုးသားခြင်း ဖြောင့်မတ်ခြင်းဟု ခေါ်နိုင်သည်။ မိမိတို့တွင် တစ်ခုတည်းသောအရာသာရှိသည်။

ကလေးသူငယ်အနေနှင့် မိမိမြင် တွေ့ရသော ပတ်ဝန်းကျင်ရှိ အရာဝတ္ထုတိုင်းကို စိတ်ပါဝင်စားမှုများစွာရှိသည်မှာ ဓမ္မတာသဘောတရားဖြစ်သည်။ ကလေးသူငယ်သည် အမြဲတစေ

'သည်ဟာလိုချင်သည်၊ ဟိုဟာလိုချင်သည်' ဆိုသော ဆန္ဒရှိနေသည်။ ယင်းဆန္ဒသည် လူ့သဘာဝ၏အစိတ်အပိုင်း ဖြစ်သည်။ ကလေးငယ်တစ်ယောက်ကိုကြည့်လျှင် မွေးကာစကလေးငယ်ဖြစ်စေကာမူ တစ်ခုခုကို ရှာဖွေနေသည်ကို တွေ့ရလိမ့်မည်။ ကလေးငယ်၏ လက်နှစ်ဖက်သည် တစ်ခုခုရှာရန်အတွက် လှုပ်ရှားနေပေလိမ့်မည်။ ယင်းသို့ ပြုလုပ်ခြင်းသည် သူ့ခရီးကို စတင်ခြင်းဖြစ်သည်။

သူ့ခရီး၌ အောင်မြင်ထမြောက်မှုမရှိခြင်းလည်း ဖြစ်လာနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ဤကမ္ဘာလောက၌ မပေးဘဲနှင့် တစ်ခုခုမရနိုင်သည့်အတွက်ကြောင့် ဖြစ်သည်။ ကလေးသူငယ်သည် သူပေးသော အရာဝတ္ထုမည်မျှတန်ဖိုးရှိသည်ဆိုသည်ကိုလည်းကောင်း၊ ကမ္ဘာလောကတစ်ခုလုံးက တစ်ဖက်မှာရှိပြီး၊ မိမိရိုးသားဖြောင့်မတ်မှုက အခြားတစ်ဖက်မှာ ရှိနေသည်ဆိုသည်ကိုလည်းကောင်း၊ မိမိ၏ ရိုးသားဖြောင့်မတ်မှုကပိုပြီး အလေးချိန်စီးနေသည်၊ ပိုပြီးတန်ဖိုးရှိနေသည်ဆိုသည်ကိုလည်းကောင်း သိနိုင်သည့်အခြေအနေမရှိရှာပေ။ ကလေးသူငယ်အနေနှင့် ယင်းအချက်နှင့်စပ်လျဉ်းပြီး သိဖို့နည်းလမ်း မရှိပေ။ ယင်းအချက်မှာ ပြဿနာတစ်ရပ် ဖြစ်သည်။ အကြောင်းသော်ကား သူရရှိသော အရာဝတ္ထုသည် ရရှိရုံသက်သက်မျှသာဖြစ်သည့် အတွက်ကြောင့်

www.burmeseclassic.com



ပင်တည်း။

''THE NEW CHILD'' ရေးသော စာရေးဆရာက သူ၏ ရိုးသားခြင်းနှင့် ပွင့်လင်းခြင်းကွယ်ပျောက်မသွားအောင် မည်သို့မည်ပုံ ဆောင်ရွက်ခဲ့သည်ဆိုသည့်အကြောင်း ရေးထားသည်။

အစပထမက ကျွန်ုပ်သည် မည်သည့်အရာကိုမှ မပြုလုပ်ပေ။ ကျွန်ုပ်သည် တစ်ကိုယ်တည်းနေရသော ကလေးငယ်ဖြစ်သည်။ ကျွန်ုပ်၏အမိဘက်က အဘိုးနှင့် အဘွား မွေးမြူကြည့်ရှုထားသောကြောင့် လူလားမြောက်လာသူဖြစ်သည်။ ကျွန်ုပ်၏မိဘနှစ်ပါးနှင့် အတူမနေခဲ့ရပေ။ အဘိုးကြီးနှင့် အဘွားကြီးတို့သည် သားထောက်သမီးခံမရှိဘဲ ထည်ထည်ကြီးနေရသူများဖြစ်၍ သူတို့၏ နောက်ဆုံးအချိန်၌ ဖြေဖျော်စရာဖြစ်မည့် ကလေးငယ်တစ်ယောက် ရှိချင်ကြသည်။ ကျွန်ုပ်၏မိဘနှစ်ပါးကလည်း ကျွန်ုပ်ကို အဘိုးနှင့်အဘွား အားပေးရန် သဘောတူကြသည်။ သားအကြီးဆုံး ကျွန်ုပ်ကို အဘိုးကြီး၊ အဘွားကြီးထံ ပို့လိုက်သည်။

ငယ်ရွယ်စဉ်ကခါက မိမိ၏မိသားစုနှင့် မည်သို့မည်ပုံ ဆက်သွယ်မှုရှိခဲ့သည်ဆို သည်ကို သတိမရပေ။ အဘိုးကြီး၊ အဘွားကြီး နှစ်ယောက်နှင့်လည်းကောင်း၊ သူတို့၏ အိမ်ဖော်ယောက်ျားနှင့်လည်းကောင်း၊ စုစုပေါင်း သုံးယောက်နှင့်သာ အတူတူ နေခဲ့ရသည်။ သုံးယောက်ထဲက တစ်ယောက်နှင့်တစ်ယောက်

ကွာဟချက်သည် အလွန်တရာကြီးမားကျယ် ပြန့်သည်။ ကျွန်ုပ် တစ်ယောက်တည်းသာနေရသည် အဖော်မရှိပေ။ အဘိုးအဘွားနှင့် အဖော်ဖြစ်သူက တတ်နိုင်သမျှ ကျွန်ုပ်နှင့်ခင် မင်ရင်းနှီးမှုရှိအောင် ကြိုးစားကြသည်။ သို့ရာတွင် ခင်မင်ရင်းနှီးမှု ဖြစ်မလာပေ။

ကျွန်ုပ်တစ်ယောက်တည်း အထီးကျန်ဖြစ်နေသည်။ သူတို့ကိုလည်း ဘာစကားမှ ပြောပြနိုင်ခြင်းမရှိပေ။ ကျွန်ုပ်တွင် အဖော်အပေါင်းဟူ၍ တစ်ယောက်မှ မရှိပေ။ ထိုရွာငယ်ကလေး၌ ကျွန်ုပ်၏မိသားစုသည် အချမ်းသာအကြွယ်ဝဆုံး ဖြစ်သည်။ ဦးရေ နှစ်ရာ ထက်မကျော်သော ရွာသူရွာသားများသာနေသော ရွာငယ် ကလေးဖြစ်ပြီး ရွာသူရွာသားများမှာ အလွန်ဆင်းရဲကြသူများဖြစ်၍ ကျွန်ုပ်အ ဘိုးအဘွားများသည် ရွာက ကလေးသူငယ်များနှင့် ကျွန်ုပ် ကိုပေါင်းသင်းဆက်ဆံခွင့်မပေးပေ။ ရွာသူရွာသားကလေးများသည် ညစ်ပတ်ပေရေနေကြသည်။ အမှန်ပြောရလျှင် ယင်းကလေးများသည် သူတောင်းစားသာသာလောက်သာ ရှိကြသည်။ ထို့ကြောင့် သူတို့ နှင့် မိတ်ဆွေသူငယ်ချင်းဖြစ်ဖို့အတွက် လမ်းမရှိပေ။ ယင်းအချက် သည် ကျွန်ုပ်အတွက် ဩ ဇာသက်ရောက်မှုများစွာ ရှိခဲ့သည်။ ကျွန်ုပ် ၏ဘဝတစ်လျှောက်၌ ကျွန်ုပ်တွင် မိတ်ဆွေသူငယ်ချင်းဟူ၍ တစ် ယောက်မှမရှိပေ။ မည်သူ တစ်ဦးတစ်ယောက်ကိုမှ မိတ်ဆွေသူငယ် အဖြစ် မသိပေ။ အသိအကျွမ်းရှိချင်ရှိမည်ဖြစ်သော်လည်း မိတ်ဆွေ

www.burmeseclassic.com



သူငယ်ချင်းအဖြစ်မျိုးနှင့် သိကျွမ်းရခြင်းမျိုး မဟုတ်ပေ။

ငယ်စဉ်တောင်ကျေး ကလေးအရွယ်က ပထမဆုံးအကြိမ် ကျွန်ုပ်မည်မျှ တစ်ကိုယ်တည်းနေရသနည်းဆိုလျှင် ယင်းကဲ့သို့ တကိုယ်တည်းနေရသည့်အဖြစ်ကို ပျော်စရာအဖြစ် ကျွန်ုပ် စတင် အသိအမှတ် ပြုခဲ့ရသည် အထိဖြစ်သည်။ အမှန်ပြောရလျှင် ယင်း အခြေအနေသည် ပျော်စရာကောင်းသော အခြေအနေတစ်ခု ဖြစ်သည်။ ယင်းအခြေအနေသည် ကျွန်ုပ်အတွက် ကြိမ်စာမဟုတ် ပေ။ မင်္ဂလာအခါကောင်း အခါခွင့်ဖြစ်နေသည်။ ပျော်စရာ ကောင်းသော အခြေအနေဟူ၍ စတင်အသိအမှတ်ပြုသည်။ ကိုယ့် ခြေထောက်နှင့်ကိုယ် စတင်ရပ်ဖို့ကြိုးစားသည်။ မည်သူ့ကိုမှ အားမကိုးရသော၊ မိမိတစ်ဦးတည်း လွတ်လွတ်လပ်လပ်နေရသော အကျင့်ရရှိသူ ဖြစ်လာသည်။ မည်သည့်အခါကာမှ ကစားခုန်စား ခြင်းကို စိတ်ပါဝင်စားခဲ့သည်ဟူ၍ မရှိပေ။ ငယ်စဉ်ကစပြီး ကျွန်ုပ် အတွက် ကစားနည်းလမ်းမရှိခဲ့ပေ။ ကျွန်ုပ်နှင့်အတူ ကစားသူလည်း တစ်ယောက်မှ မရှိပေ။ ငယ်ရွယ်စဉ်အချိန်ကာလက ကျွန်ုပ်သည် ကိုယ့်ဟာ ကိုယ်ထိုင်ပြီး မိမိကိုယ်ကိုသာလျှင် ကြည့်နေတတ်သည်။

✋ ✋ ✋

## အခန်း(၁၀)

ရေကန်တစ်ကန်ရှေ့ဘက်က ကျွန်ုပ်တို့၏ အိမ်ယာသည် သာယာလှပသော အိမ်ယာတစ်နေရာ ဖြစ်သည်။ လှပသာယာခြင်းလည်း ရှိသည်။ တိတ်ဆိတ်ငြိမ်သက်ခြင်းလည်း ရှိသည်။ တစ်ခါတရံ၌သာ ကြိုးကြာငှက်များ တန်းစီပျံလာသည်ကိုတွေ့ရပြီး ချစ်စဖွယ်အော်သံကို ကြားရသည်။ ထိုအချိန်မှသာ နေရာတစ်ဝိုက်၏ အေးချမ်းခြင်း အနှောင့်အယှက် ဖြစ်သွားတတ်သည်။ သို့မဟုတ်လျှင် တရားဘာဝနာစီးဖြန်းဖို့အတွက် နေရာကောင်း တစ်နေရာ ဖြစ်နေသည်။ ကြိုးကြာငှက်များ သူတို့၏အော်သံဖြင့် နေရာတစ်ဝိုက်၏ငြိမ်းချမ်းရေးကို အနှောင့်အယှက်ကိုပေးပြီးသည့်နောက်တွင်

www.burmeseclassic.com



ယင်းနေရာ တစ်ဝိုက်၏ငြိမ်းချမ်းရေးသည် ပိုပြီးလေးနက်မှု ရှိလာသည်။ ရေကန်ထဲတွင် ကြာအပြည့်ရှိနေသည်။ ကျွန်ုပ်သည် အကြီးအကျယ် ကြည်နူးပြီး နာရီပေါင်းများစွာ ထိုင်နေသည်။ ကမ္ဘာကြီးကို မေ့နေသလိုဖြစ်သည်။ ကြာပွင့်များ၊ ကြာငုံဖူးများ၊ တိတ်ဆိတ်နေခြင်း၊ ယင်းအရာများသည်ပင် မိမိ၏အာရုံထဲက အပြင်ဘက် ရောက်နေကြသည်။

ကျွန်ုပ်၏ ဘိုးဘွားများသည် အရာတစ်ခုကို သတိမထားဘဲ မနေကြပေ။ ယင်း အရာတစ်ခုမှာ ကျွန်ုပ် မိမိဘာမိမိ တစ်ကိုယ်တည်းနေရခြင်းကို အရသာခံစားနေခြင်း ဖြစ်သည်။ ကျွန်ုပ်ရွာထဲထွက်ပြီး မည်သူနှင့်မျှ တွေ့လိုခြင်းမရှိသည့်အဖြစ်ကိုလည်းကောင်း၊ မည်သူနှင့်မျှ စကားမပြောလိုသည့်အဖြစ်ကိုလည်းကောင်း၊ ဘိုးဘွားများသည် အမြဲတစေ တွေ့နေကြရသည်။ ကျွန်ုပ်ကို သူတို့စကားပြောလိုသည့်တိုင်အောင် ကျွန်ုပ်၏အဖြေ သည် 'ဟုတ်ကဲ့' သို့မဟုတ် 'ဟင့်အင်း'မျှသာ ဖြစ်သည်။ ကျွန်ုပ်စကားပြောနေလိုသည့် ဆန္ဒမရှိပေ။ ထို့ကြောင့် သူတို့သတိထားမိသော အချက်တစ်ချက်မှာ ကျွန်ုပ်မိမိဘာသာမိမိ တစ်ကိုယ်တည်းနေရခြင်းကို စိတ်ပါဝင်စားနေသည်ဟူသည့် အချက်ဖြစ်သည်။ ကျွန်ုပ်ကို အနှောင့်အယှက်မပေးခြင်းသည် သူတို့၏ တာဝန်ဝတ္တရားတစ်ခုဖြစ်သည်ဟူ၍လည်း အသိအမှတ်ပြုထားကြသည်။

☺ ပြုံးပန်းတစ်ရာစာပေ

ကလေးသူငယ်များကို သတိပေးသည့်အလေ့အထ တစ်ခု ရှိသည်။

''တိတ်တိတ်နေ၊ မင်းအဖေအလုပ် လုပ်နေတယ်၊ မင်းအဘိုး အိပ်နေတယ်၊ ဆူဆူညံညံမလုပ်နဲ့ ငြိမ်ငြိမ်နေ''

ကျွန်ုပ်ငယ်စဉ်အခါကမူ ပြောင်းပြန် ဖြစ်သည်။ ယင်းကဲ့သို့ဖြစ်ရခြင်းကို မည်သည့်အတွက်ကြောင့်ဟူ၍လည်းကောင်း၊ မည်သို့မည်ပုံဟူ၍လည်းကောင်း၊ ယခုအခါ၌ ကျွန်ုပ် ပြန်လည်မပြောပြတတ်တော့ပေ။ ကျွန်ုပ်တွေးတော၍မရသော အဖြစ်အပျက်တစ်ခု ဖြစ်ပျက်ခဲ့ခြင်းမျှသာဖြစ်သည်။ သက်ကြီးရွယ်အို သုံးယောက်စလုံးကပင်–

''သူ့ကို အနှောင့်အယှက်သွားမပေးနဲ့၊ သူ့ဟာသူတစ်ကိုယ်တည်း ဘာစိတ်ဝင်စားနေတယ်မသိဘူး''ဟု တစ်ယောက်နှင့်တစ်ယောက် တီးတိုးပြောကြသည်။ သူတို့သည် ကျွန်ုပ်၏ တုံဏှိဘာဝေ ဆိတ်ဆိတ်နေခြင်းကို နှစ်သက်ကြသည်။

ကလေးသူငယ်၏ ဆိတ်ဆိတ်နေ ခြင်းသည် အင်အားသုံးပြီး ဆိတ်ဆိတ်နေအောင်လုပ်၍ရသော ဆိတ်ဆိတ်နေခြင်းမျိုး မဟုတ်ပေ။

''မင်း အဓိပ္ပာယ်မရှိ ဆူဆူညံညံ လုပ်နေရင် ငါ မင်းကို ရိုက်မယ်''ဟု ပြောပြသည့်အတွက် ပေါ်ပေါက်လာသည့် တိတ်ဆိတ်

ငြိမ်သက်ခြင်းသည် ကလေးသူငယ်၏ ဆိတ်ဆိတ်နေခြင်းမဟုတ်ပေ။ အမှန်က ယင်းတိတ်ဆိတ်ငြိမ်သက်နေခြင်းသည် ကလေးသူငယ်၏ ဆိတ်ဆိတ်နေခြင်း မဟုတ်ရုံမျှသာမက တုံဏှိဘာဝေ ဆိတ်ဆိတ်နေခြင်းမျိုးလည်း မဟုတ်ပေ။ ယင်း တိတ်ဆိတ်ငြိမ်သက်နေခြင်းမျိုးသည် ယခုပြောပြနေသော ပီတိဖြစ်နေသော လေလှိုင်းများကို ဖန်တီးပေးနိုင်မည့် ဆိတ်ဆိတ်နေခြင်းမျိုးလည်း မဟုတ်ပေ။ မည်သည့်အကြောင်းတရားကိုမှ ထည့်တွက်မထားဘဲ သူ့ဟာသူ ငြိမ်ငြိမ်ဆိတ်ဆိတ်နေခြင်းသည်၊ သူ့ဟာသူ ပီတိဖြစ်နေခြင်းသည် မည်သည့်အရာကမှ ပြုလုပ်ဖန်တီးယူ၍ရသော အရာမျိုး မဟုတ်ပေ။ ယင်းတိတ်ဆိတ်နေခြင်းသည် ပီတိဖြစ်နေခြင်းသည် ပတ်ဝန်းကျင်တဝိုက်၌ အဖိုးတန်သော လေလှိုင်းများကိုလည်း ပြုလုပ်ဖန်တီးပေးသည်။

တိုးတက်ပြောင်းလဲလာသော ကမ္ဘာလောက၌ မိသားစုတိုင်း မိသားစုတိုင်းသည် ကလေးသူငယ်များထံမှ သင်ကြားနာယူမှု ပြုလုပ်ကြပေလိမ့်မည်။ ယခုခေတ်၌ကား ကလေးသူငယ်များကို သင်ကြားပေးဖို့ အလောတကြီး ဖြစ်နေကြသည်။ မည်သူကမျှ ကလေးသူငယ်များထံက သင်ကြားနာယူဖို့ စိတ်ကူးမထည့်ကြပေ။ အမှန်ကကလေးသူငယ်များထံမှလည်း သင်ကြားနာယူစရာများစွာ ရှိသည်။

မိမိတို့ အသက်အရွယ်ကြီးသည်ကတစ်ကြောင်း၊ ဩဇာ အရှိန်အဝါရှိသည်ကတစ်ကြောင်း၊ မိမိတို့ မည်သူမည်ဝါဖြစ်သည် ဆိုသည်ကိုလည်းကောင်း မိမိတို့ မည်သည့်အခြေအနေ ရောက်ရှိနေ သည်ဆိုသည်ကိုလည်းကောင်း၊ လူ့လောကအတွင်း မိမိတို့အခြေ အနေ မည်သို့မည်ပုံရှိနေသည်ကိုလည်းကောင်း မစဉ်းစားဘဲနှင့် မိသားစုများသည် ကလေးသူငယ်များကို မိမိတို့နှင့် ပုံတူဖြစ်အောင် လုပ်ကိုင်နေကြသည်။ မည်သူတစ်ဦးတစ်ယောက်မှ သေသေ ချာချာ စဉ်းစားမကြည့်ကြ။ သို့မဟုတ်လျှင် ကလေးသူငယ်များ ထံမှလည်း သင်ယူနာကြားပေလိမ့်မည်။ ကလေးသူငယ်များသည် လူသစ်ရောက်ရှိလာသူများဖြစ်သည့်အတွက် တခြားကမ္ဘာလောက က အရာဝတ္ထုများစွာကို သယ်ဆောင်ယူလာကြသည်။ မိမိ ဝမ်းတိုက်အတွင်းက ဆိတ်ဆိတ်နေခြင်းကိုလည်း သယ်ဆောင် လာကြသည်။ ထို့ကြောင့် ကျွန်ုပ်အတွက် ခုနစ်နှစ်တိတိ အနှောင့် အယှက်မရှိ နေလာခဲ့ရခြင်းသည် တိုက်ဆိုင်မှုဟူ၍ ဆိုရပေလိမ့် မည်။ မည်သူကမှ ကျွန်ုပ်ကို ကုန်သွယ်ရေး၊ နိုင်ငံရေး၊ မီးစင် ကြည့်ကရေး၊ တော်သလိုကြည့်လုပ်ရေး ကမ္ဘာလောကထဲ သွတ်သွင်း ဖို့ မကြိုးစားကြပေ။ ကျွန်ုပ်၏ဘိုးဘွားများ အထူးသဖြင့် အဘွားဖြစ်သူသည် ကျွန်ုပ်ကို သဘာဝကျကျသာ ထားလိုကြ သည်။ ကျွန်ုပ်၏အဘွားသည် ကျွန်ုပ်အား အမျိုးသမီးလောက

တစ်ခုလုံးအတွက် လေးစားမှုရှိအောင် ပြုလုပ်ပေးသော အကြောင်းတရားများထဲက အကြောင်းတစ်ကြောင်း ဖြစ်သည်။

ကျွန်ုပ်၏အဘွားသည် သာမန်အမျိုးသမီးတစ်ယောက်မျှသာ ဖြစ်သည်။ ပညာတတ်အမျိုးသမီးတစ်ယောက် မဟုတ်ပေ။ သို့သော်လည်း အလွန်တရာ နားလည်မှုရှိသော အမျိုးသမီးဖြစ်သည်။ အဘွားက အဘိုးနှင့်အိမ်ဖော်ဖြစ်သူအား ပြောပြသည်။

''ကျုပ်တို့တတွေဟာ ကိုယ့်ကိုကိုယ် ဘယ်နေရာကိုမှ ရောက် အောင်မပို့တဲ့ ဘဝနေနည်းမျိုးနဲ့ နေကြရလိမ့်မယ်၊ ကျုပ်တို့တတွေဟာ ယခင်ကအတိုင်းပါပဲ။ ဘာမှမထူးဘူး၊ အခွံချည်းပဲ၊ ယခုသေခြင်းတရား အနီးကပ်လာပြီ'' ယင်းသို့ပြောပြီး နောက် အဘွားက သူ့အယူအဆကို ပြောပြသည်။

'' ဒီကလေးကို ကျုပ်တို့ရဲ့ဩဇာလွှမ်းမိုးသွားအောင် မပြုလုပ်ရဘူး၊ သူ့အပေါ် ကျုပ်တို့ ဘယ်လိုဩဇာမျိုး လွှမ်းမိုးသွားအောင် လုပ်နိုင်လဲ၊ ကျုပ်တို့က ဘာမှဟုတ်တာမဟုတ်ဘူး၊ သူ့ကိုသူ ကိုယ်ပိုင်ဖြစ်လာအောင် အခွင့်အလမ်းပေးရမယ့်''

ကျွန်ုပ်၏အဘွားကို ကျွန်ုပ် အလွန်အမင်း ကျေးဇူးတင်သည်။ ကျွန်ုပ်၏အဘိုးသည် သူ့အနေနှင့် အနေးနှင့်အမြန်တာဝန်ရှိသူဖြစ်လိမ့်မည်ဟု ကြောင့်ကြစိတ်ရှိနေသည်။ အဘိုးနှင့်အဘွားက –

''ခင်ဗျားတို့ကို ကျုပ်တို့ကလေးကို အပ်ထားခဲ့မယ်၊ ခင်ဗျားတို့ သူ့ကို ဘာတစ်ခုမှ သင်ပြပေးစရာမလိုဘူး''ဟု ပြောသည်။

ကျွန်ုပ်၏အဘွားကမူ ထိုမျှလောက်ပင် ခွင့်မပြုဖို့ စိတ်ကူး ထဲမထည့်ပေ။ ရွာထဲ တွင် ကျွန်ုပ်ကိုဘာသာစကား၊ သင်္ချာ၊ ပထဝီ အစပိုင်းလောက် သင်ပြပေးနိုင်သူတစ်ယောက်ရှိသည်။ စတုတ္ထ အဆင့်ထိ ပညာသင်ကြားခဲ့သူဖြစ်သည်။ အိန္ဒိယနိုင်ငံ၌ အဆင့်လေး ဆင့်ထဲက အနိမ့်ဆုံးအဆင့်သည် မူလတန်းအဆင့်ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် မြို့ထဲတွင် ပညာအတတ်ဆုံး ဖြစ်နေသည်။

ကျွန်ုပ်၏အဘိုးက ကျွန်ုပ်ကို ထိုဆရာထံတွင် စာသင်စေ ချင်သည်။ ထိုဆရာလာပြီး ကျွန်ုပ်ကို စာသင်ပေးနိုင်သည်။ ယုတ်စွအဆုံး ထိုဆရာသည် စာတော့ဖတ်တတ်မည်။ ဂဏန်း သင်္ချာလည်း အထိုက်လျောက် တတ်မည်။ ကျွန်ုပ်မိဘများထံ ပြန်သွားလျှင် မိဘများက ခုနစ်နှစ်လောက် အချိန်ဖြုန်းနေသည် ဟူ၍ ပြောကြလိမ့်မည်မဟုတ်တော့ပေ။

သို့သော်လည်း ကျွန်ုပ်၏အဘွားက ပြောသည်။

''ခုနစ်နှစ်ကြာပြီးသည့်နောက် သူတို့လုပ်ချင်တာ လုပ်ပ စေ၊ ခုနစ်နှစ်အချိန်ကာလအထိ သူ့ဟာသူ သဘာဝအတိုင်း နေပစေ၊ ကျုပ်တို့ သူ့ကို အနှောင့်အယှက်ပေးစရာ မလိုဘူး''

အဘွားဓါ်အကြောင်းပြချက်က အမြဲတမ်းလိုလို တစ်ပုံစံတည်း ဖြစ်သည်။

''ရှင်စာဖတ်တတ်တဲ့အတွက် ဘာဖြစ်လာလို့လဲ၊ ရှင်ဂဏန်း သင်္ချာတွက်တတ်တဲ့အတွက် ဘာဖြစ်လာလို့လဲ၊ ရှင့်အနေနဲ့ တော်ရုံတန်ရုံလောက်သာ ပိုက်ဆံရှာလို့ရတယ်၊ သူ့ကိုလည်း တော်ရုံတန်ရုံပိုက်ဆံရှာစေပြီး ရှင့်လိုပဲ နေစေချင်လို့လား''

ထိုမျှပြောရုံနှင့် အဘိုးကြီးပါးစပ်ပိတ်သွားသည်။ ဘာဆက်လုပ်နိုင်တော့မည်နည်း။ အဘိုးအခက်အခဲ တွေ့နေသည်။ စောဒက ပြန်မတက်နိုင်တော့ပေ။ တာဝန်ရှိလာမည့်သူမှာ အဘွားမဟုတ်ဘဲ သူဖြစ်နေသည်ဆိုသည်ကို အဘိုးသိသည်။ ကျွန်ုပ်၏ဖခင်က အဘိုးကို –

''အဖေ ဘာလုပ်တာလဲ'' မေးလိမ့်မည်။ အဘိုးကံကောင်းသွားသည်။ ကျွန်ုပ်၏ဖခင်က သူ့ကို မေးခွန်းမထုတ်မီ အဘိုးကွယ်လွန်သွားသည်။

# အခန်း(၁၁)

ကျွန်နိုပ်ဖခင်သည် အမြဲတစေ–

''တာဝန်ရှိတာ အဘိုးပဲ့၊ ကလေးကို ဖျက်ဆီးတာ အဘိုး့''ဟု ပြောနေသည်။ သို့သော်လည်း ယခုအခါ၌ ကျွန်နိုပ် လူလားမြောက်လာပြီဖြစ်၍ ဖခင်ကို ရှင်းပြသည်။

''ကျွန်တော့်ရှေ့မှာ အဘိုးနှင့်ပတ်သက်ပြီး ဆန့်ကျင် ဘက်စကားတစ်ခွန်းမှ မပြောပါနဲ့၊ အဖေတို့မဖျက်ဆီးအောင် ကျွန်တော့်ကိုကယ်တာ ကျွန်တော့်အဘိုးဖြစ်တယ်၊ အဖေ့မှာ တခြား သားတွေရှိသေးတယ်၊ အဲဒီသားတွေကို ဖျက်ဆီးပစ်ပါလား၊ နောက်ဆုံးကျတော့ ဘယ်သူပျက်သွားတယ်ဆိုတာ အဖေတို့

www.burmeseclassic.com



ပြောလိမ့်မယ့်''

အဖေ့တွင် တခြားကလေးများလည်း ရှိသည်။ ကလေးများ တစ်ယောက်ပြီးတစ်ယောက် မွေးလာကြသည်။ ကျွန်ုပ်က အဖေ့ကို ကျီစားသည်။

''သားတစ်ဒါဇင်ဖြစ်အောင် နောက်ထပ်တစ်ယောက် မွေးပါဦးလား''

''သားဆယ့်တစ်ယောက် ဟုတ်လား''

လူတွေက မေးကြသည်။

''ကလေးဘယ်နှယောက်ရှိသလဲ၊ ဆယ့်တစ်ယောက် ဆိုတာ ကြည့်လို့မကောင်းပါဘူး၊ တစ်ဒါဇင်မှ ပိုပြီးကြည့်လို့ ပြောလို့ ကောင်းတယ့်''

နောက်ပိုင်းနှစ်များ၌ ကျွန်ုပ်အဖေကို ပြောလိုက်သည်။

''အဖေ့သားတွေ အကုန်လုံးကို အဖေ ဖျက်ဆီးပစ်နေတယ်၊ ကျွန်တော် လူရိုင်းတစ်ယောက်ဖြစ်နေတယ်၊ ရှေ့လျှောက် ပြီးတော့လည်း လူရိုင်းတစ်ယောက် ဖြစ်နေမှာပဲ့''

ရိုးသားသူအဖြစ် ကျွန်ုပ်ကို မြင်တွေ့နေရသည်မှာ အရိုင်း အစိုင်းအဖြစ်မှ တစ်ပါး တခြားမဟုတ်ပေ။ ပွင့်လင်းသူအဖြစ် ကျွန်ုပ်ကို မြင်တွေ့နေရသည်မှာ အရိုင်းအစိုင်းအဖြစ်မှတစ်ပါး တခြားဘာမှ မဟုတ်ပေ။ ကျွန်ုပ်သည် တစ်နည်းတစ်ဖုံအားဖြင့်

ယဉ်ကျေးမှု၏အပြင်ဘက် ရောက်နေသည်။

ကျွန်ုပ် သန်မာတောင့်တင်းလာသောအခါ၌ လူအတော်များများက ပြောသည်။

''ဒီကလေးကို မြန်နိုင်သမျှ မြန်မြန်ကိုင်တွယ်မှဖြစ်မယ်၊ အချိန်တွေ ဖြုန်းမနေနဲ့၊ ဒီကလေးကို စောစောကိုင်တွယ်လေလေ လွယ်ကူမှုရှိလေလေ ဖြစ်လိမ့်မယ်၊ ကလေး သန်မာအားကောင်းလာတဲ့အခါကျတော့ ကိုယ့်ဆန္ဒအတိုင်း ကလေးကို ကိုင်တွယ်ဖို့ အခက်အခဲရှိလိမ့်မယ့်''

ခုနစ်နှစ်ကြာလျှင် အတောင်အလက်စုံလာသည်၊ ခုနစ်နှစ်ရှိလျှင် ကလေးသည် အပြည့်အဝ သန်စွမ်းလာပြီဖြစ်၍ မည်သို့မျှ ကိုင်တွယ်၍ရလိမ့်မည် မဟုတ်ပေ။ ထိုအချိန်၌ ကလေးသည် ဘယ်ကိုသွားရမည်၊ ဘာလုပ်ရမည်ဆိုသည်ကို သိသည်။ ဆင်ခြေဆင်လက် ပြောတတ်လာသည်။ မည်သည့်အရာကမှန်ပြီး မည်သည့်အရာက မှားသည်ဆိုသည်ကိုလည်း မြင်နိုင်ခွင့်ရှိလာသည်။ အသက် ခုနစ်နှစ်ရှိလာသောအခါ ကလေး၏ပွင့်လင်းပြတ်သားမှုသည် အထွတ်အထိပ် ရောက်လာလိမ့်မည်။ ငယ်စဉ်က အနှောင့်အယှက်ပေးခြင်းမျိုး မရှိလျှင် ခုနစ်နှစ်သားအရွယ်၌ ကလေးသည် မည်သည့်အကြောင်း အရာမျိုးနှင့် ပတ်သက်ပတ်သက် မည်မျှပွင့်လင်းပြတ်သားလာသနည်းဆိုလျှင် သူ၏

ဘဝတစ်ခုလုံး နောင်တတစ်ဖန် ပူပင်ခြင်းမျိုး မရှိတော့ဘဲ နေသွားရပေလိမ့်မည်။

ကျွန်ုပ်သည် နောင်တတစ်ဖန် ပူပင်ခြင်းမျိုးမရှိဘဲ နေလာခဲ့သည်။ ကျွန်ုပ်သည် တစ်စုံတစ်ခုကို ကြိုးစားရှာဖွေခဲ့သည်။ ကျွန်ုပ်အနေနှင့် မှားတာတစ်ခုခုကိုများ လုပ်ခဲ့မိလေသလား။ ကျွန်ုပ်လုပ်ခဲ့သမိသမျှအာလုံး အမှန်ချည်းဖြစ်သည်ဟု လူတွေတွေးတာ မတွေးတာ အကြောင်းမဟုတ်ပေ။ ကျွန်ုပ် အမှားတစ်ခုခု ပြုလုပ်ခဲ့သည်ဟူ၍မူ ကျွန်ုပ် မည်သည့်အခါမှ မတွေးတောမိခဲ့ပေ။ ယင်းကဲ့သို့ မတွေးတောမိခဲ့ခြင်းကို ကမ္ဘာကြီးတစ်ခုလုံးက မှားသည်ဟု ထင်ချင်ထင်လိမ့်မည်။ သို့ရာတွင် ကျွန်ုပ်အတွက်မူ မမှားပေ။ အမှန်ကို ပြုလုပ်ခြင်းသာဖြစ်သည်။

ထို့ကြောင့် အတိတ်နှင့်ပတ်သက်ပြီး နောင်တတစ်ဖန် ပူပန်နေစရာမလိုပေ။ အတိတ်နှင့်ပတ်သက်ပြီး နောင်တတစ်ဖန် ပူပန်ခြင်းမရှိလျှင် လွတ်လပ်မှုရှိနေလိမ့်မည်။

'ထိုအရာကို ငါမလုပ်သင့်' ဟူ၍လည်းကောင်း၊ သို့မဟုတ်–

''ငါလုပ်သင့်သည်ဟု ထင်သော အရာကို ငါမလုပ်ခဲ့'' ဟူ၍လည်းကောင်း စိတ်ကူးနေရမည်ဖြစ်သောကြောင့် အတိတ်သည် ရေဝဲကဲ့သို့ တဝဲလည်လည် ဖြစ်နေပေလိမ့်မည်။ ယင်းအရာအားလုံးက နောက်ပြန် ဆွဲနေကြပေလိမ့်မည်။

နောက်က အရာဝတ္ထုကို ကျွန်ုပ် ပြန်ပြောင်းမကြည့်ပေ။ ကျွန်ုပ်တွင် အတိတ်မရှိပေ။ အတိတ်နှင့်ပတ်သက်ပြီး ကျွန်ုပ် တစ်ခုခုပြောလျှင် သာမန်သတိရရုံမျှသာ ဖြစ်မည်။ စိတ်ထဲနှင့်နေအောင် စွဲမည့်အစွဲမျိုး ရှိလိမ့်မည် မဟုတ်ပေ။ တစ်ယောက်ယောက် အကြောင်းကို ပြောရုံသဘောမျှလောက်သာ ပြောပြခြင်း ဖြစ်လိမ့်မည်။ ခိုင်ခိုင်မာမာ အကြောင်းမျိုး မဟုတ်ပေ။ မိမိ၏ ပုဂ္ဂလိကရေးရာနှင့် ပတ်သက်ဆက်နွယ်နေသော အရာဝတ္ထုမျိုးဟူ၍ ရှိမည်မဟုတ်ပေ။ တစ်ခြား လူတွေ ဖြစ်တတ်သော အကြောင်းအရာမျိုးမျှလောက်သာ ဖြစ်သည်။

# အခန်း(၁၂)

ကလေးသူငယ်များ အရွယ်ရောက်လာခြင်းနှင့်ပတ်သက်၍ သိသင့်သိထိုက်သော အချက်အလက်များကို သိရှိနားလည်ထားဖို့ လိုပေလိမ့်မည်။ လူ့ဘဝ၌ ခုနစ်နှစ်ကာလစက်ဝန်းများရှိသည်။ ကမ္ဘာမြေကြီးသည် ပထဝီဝင်ရိုးတွင် နှစ်ဆယ့်လေးနာရီ တစ်ကြိမ် ကျ လည်နေသလို လူ့ဘဝသည်လည်း ခုနစ်နှစ်တစ်ကြိမ် စက်ဝန်း လည်နေသည်။ နှစ်ဆယ့်လေးနာရီတစ်ကြိမ်လည်ပြီး အဘယ်ကြောင့် နှစ်ဆယ့်ငါးနာရီ မလည်သနည်း။ အဘယ်ကြောင့် နှစ်ဆယ့်သုံးနာရီ မ လည်သနည်း။ မည်သူမှ မသိပေ။ ယင်းမေးခွန်းနှင့်ပတ်သက်၍ အဖြေလည်းမရှိပေ။ အဖြစ်အပျက်တစ်ခုမျှသာဖြစ်သည်။

နေကို ပထဝီမြေကြီး တစ်ပတ်ပတ်ဖို့ အဘယ်ကြောင့် (၃၆၅) ရက်ကြာရသနည်း။ မည်သူမျှ မသိပေ။ မည်သူမျှသိဖို့လည်း မလို ပေ။ သိသည့်အတွက် ထူးခြားမှုရှိလာလိမ့်မည် မဟုတ်ပေ။ အကယ် ၍ ရက်ပေါင်း (၄၀၀)ကျော်ကြာသည်ဆိုလျှင်လည်းကောင်း၊ ရက် ပေါင်း (၃၀၀)ကြာသည်ဆိုလျှင်လည်းကောင်း၊ မိမိထင်သလောက် ကြာသည်ဆိုလျှင်လည်းကောင်း မည်ကဲ့သို့ ထူးခြားမှုရှိလာမည် နည်း။ ကွဲပြားခြားနားမှု ရှိမလာဘဲ တစ်မျိုးတည်းသော မေးခွန်းသာ ဖြစ်နေလိမ့်မည်။ အဘယ်ကြောင့်နည်း။

ထူးခြားမှုရှိသောအဖြေ ထွက်မလာဘဲ တစ်ခုတည်းသော သို့မဟုတ် တစ်မျိုးတည်းသောအဖြေသာလျှင် ထွက်လာသော မေး ခွန်းတစ်ခုခုသည် အကျိုးမရှိသော မေးခွန်းသာ ဖြစ်သည်။ ကမ္ဘာ မြေကြီးသည် ပထဝီဝင်ရိုးတွင် (၂၄)နာရီ တစ်ပတ်လည်သည်။ အဘယ်ကြောင့် ယင်းကဲ့သို့ ဖြစ်နေသနည်း။ (၂၅)နာရီတစ်ပတ် မလည်ဘူးလော။ (၂၆) နာရီသို့မဟုတ် (၃၀)နာရီ သို့မဟုတ် နာရီ (၆၀) သို့မဟုတ် မိမိမေးလိုသော နာရီအရေအတွက် မည်မျှကြာ ကြာအထိ တစ်ကြိမ် အဘယ်ကြောင့် စက်ဝန်းလည်မနေသနည်း။ ဘယ်နှစ်ကြိမ်မေးမေး ယင်းမေးခွန်းသည် တစ်မျိုးတည်းသာ သို့မဟုတ် တစ်ခုတည်းသာဖြစ်နေလိမ့်မည်။ ယင်းသို့ အဘယ် ကြောင့်ဖြစ်သနည်း။ ထူးခြားမှုရှိမလာသော တစ်မျိုးတည်း

သာဖြစ်နေသော မေးခွန်းများဖြစ်နေသောကြောင့် ဖြစ်သည်။

ထို့ကြောင့် လူ့ဘဝသည် အဘယ်ကြောင့် ခရစ်နှစ် တစ်ပတ်စက်ဝန်းလည်နေသနည်းဟူသောမေးခွန်းကို မေးစရာမလို ပေ။ ယင်းမေးခွန်း၏ အဖြေကိုလည်း သိဖို့မလိုပေ။ ခုနစ်နှစ် တစ်ကြိမ်လည်သော စက်ဝန်းနှုန်းဖြင့် လည်ပတ်နေသည်ကိုသာ သိသည်။ အကယ်၍ ယင်းခုနစ်နှစ်နှုန်းဖြင့် လည်ပတ်နေသော စက်ဝန်းများကို သိရှိနားလည်လျှင် လူ့ဘဝ ကြီးပြင်းလာခြင်းနှင့် ပတ်သက်၍လည်း သိရှိနားလည်ပေလိမ့်မည်။

ပထမဦးဆုံး ခုနစ်နှစ်သည် လူ့ဘဝ အခြေခံအုတ် မြစ်ဖြစ်သော အချိန်ဖြစ်၍ အလွန်တရာအရေးကြီးသော အချိန်ဖြစ် သည်။ ပထမဦးဆုံးခုနစ်နှစ်ကာလသည် လူ့ဘဝ အုတ်မြစ်ချသော ကာလဖြစ်၍ အတွေးအခေါ်အမျိုးမျိုး သူတို့ဦးနှောက်ထဲ တိုးဝင် နေကြလိမ့်မည်။ ယင်းအတွေးအခေါ်အယူ အဆများသည် သူတို့ကို သူတို့၏ပင်ကိုယ်ဗီဇနှင့် ကွဲကွာသွားအောင် ပြုလုပ်ကြလိမ့်မည်။ ယင်းအတွေးအခေါ်အယူအဆများသည် သူတို့အား ဖျက်လို ဖျက်စီး လုပ်ကြလိမ့်မည်။ ယင်းအတွေးအခေါ် အယူအဆများသည် သူတို့အား အရာဝတ္ထုတစ်ခုခုကို ပြတ်ပြတ်သားသား တိတိပပ သိနိုင်ခွင့် ရအောင်လုပ်ကြလိမ့်မည်မဟုတ်ပေ။ ယင်းအတွေးအခေါ် အယူအဆများသည် သူတို့၏မျက်စိရှေ့တွင် မိုးတိမ်များသဖွယ်

ရောက်ရှိလာကြလိမ့်မည်။ ယင်းအတွေးအခေါ်အယူအဆများသည် သူတို့ကို တစ်စုံတစ်ခုနှင့်ပတ်သက်ပြီးရှင်းလင်းသွားအောင်မလုပ်ဘဲ ရှုပ်ထွေးသွားအောင် လုပ်ကြလိမ့်မည်။

အရာဝတ္ထုများသည် ပြတ်ပြတ်သားသား ဖြစ်နေကြသည်။ လူ့ဘဝသည် အလွန်တရာ ပြတ်သားနေသည်။ မိမိတို့၏ မျက်စိ၌သာ မြူမှုန်တစ်ထပ်ပြီးတစ်ထပ် တင်နေခြင်းသာဖြစ်သည်။ ယင်းမြူမှုန်အထပ်အလွှာများသည် ဆေးမဆိုးရသေးဘဲ အဖြူထည် ချည်းဖြစ်နေသော ရိုးသားမှုအချိန်ကာလ၊ ပထမဦးဆုံး ခုနစ်နှစ် ကာလက ပေါ်ပေါက်လာကြခြင်း ဖြစ်သည်။ ထိုအချိန်ကာလသည် အလွန်ရိုးသားပြီး အလွန်ယုံလွယ်သော အချိန်ကာလဖြစ်၍ မိမိတို့အား လာပြောသမျှကို အမှန်တရားအဖြစ် လက်ခံကြသည်။

ယင်းအရွယ်၌ မိမိတို့၏ အခြေခံအုတ်မြစ်ထဲ ဝင်ရောက်အမြစ်တွယ်နေသော မည်သည့်အရာကိုမဆို နောက်ပိုင်း၌ အမှန်အတိုင်း သိရှိနားလည်ဖို့ မလွယ်တော့ပေ။ မိမိတို့၏ အသွေးအသား၊ အရိုးချဉ်ဆီတို့၏ အစိတ်အပိုင်း ဖြစ်လုမတတ် ရှိလာကြသည်။ မိမိတို့အတွက် တခြားမေးခွန်းပေါင်းများစွာကို ထုတ်ချင်ထုတ်မည်ဖြစ်ကြသော်လည်း မိမိတို့ယုံကြည်ချက်၏ အခြေခံအုတ်မြစ်နှင့်ပတ်သက်သော မေးခွန်းများကိုမူ မည်သည့်အခါမျှ မေးကြလိမ့်မည် မဟုတ်ပေ။

ကလေးသူငယ်များနှင့် ပတ်သက်ပြီး ပထမဦးဆုံး ဖော်ပြသော ချစ်ခြင်းမှာ ကလေးသူငယ်များကို သူတို့၏ပင်ကိုယ် အရိုးခံအတိုင်းထားခြင်း ဖြစ်သည်။ မသွေးရသေးသောကျောက်အတိုင်းထားခြင်းဖြစ်သည်။ အရိုင်းအတိုင်းထားခြင်းဖြစ်သည်။ ကလေးသူငယ်အား တစ်စုံတစ်ခုသော အယူအဆ၊ တစ်စုံတစ်ခုသော ယုံကြည်မှုကို ချက်ချင်းမပေးသင့်ပေ။ ကလေးသူငယ်အား တစ်စုံတစ်ခုသော အယူအဆ၊ တစ်စုံတစ်ခုသော ယုံကြည်မှု ချက်ချင်းပေးခြင်းသည် ကလေးသူငယ်များကို သနားငဲ့ညှာရာ မရောက်ပေ။ ရက်စက်ရာ ရောက်သည်။ သားတစ်ယောက်အနေနှင့် ဖခင်နှင့်သဘောတူညီမှု ရှိရမည်ဟူ၍ တထစ်ချ မယူဆရပေ။ အမှန်က ကလေးသူငယ်အနေနှင့် မိမိဖခင်၏ ခြေရာမနင်းခြင်းက ပို၍ပင်သင့်လျော်လိမ့်ဦးမည်။

တစ်စတစ်စတိုးတက်ပြောင်းလဲလာခြင်း 'အီဗော်လျူးရှင်း'ဖြစ်ပေါ်လာသည်မှာ ယင်းအခြေခံအကြောင်းတရားကြောင့်ဖြစ်သည်။ အကယ်၍ ကလေးသူငယ်တိုင်း မိမိတို့၏ ဖခင်အယူအဆအတိုင်း လိုက်နာကျင့်သုံးမည်ဆိုလျှင် တစ်စတစ်စတိုးတက်ပြောင်းလဲလာခြင်း 'အီဗော်လျူးရှင်း' ဖြစ်ပေါ်လာလိမ့်မည် မဟုတ်ပေ။ အကြောင်းမူကား ဖခင်ဖြစ်သူက သူ့ဖခင်၏အယူအဆအတိုင်း လိုက်နာကျင့်သုံးလိမ့်မည်။ ယင်းအစဉ်အတိုင်း ဖြစ်သွားပါက လူတိုင်း

လူတိုင်း ဘုရားသခင်က ဒေင်ဥယျာဉ်အပေါက်ဝ၌ ကိုယ်လုံးတည်း ထားခဲ့သော အာဒမ်နှင့် ဧဝတို့၏ အခြေအနေမျိုးက တက်လာ လိမ့်မည် မဟုတ်ပေ။ လူတိုင်း လူတိုင်း ဒေင်ဥယျာဉ်အပေါက်ဝ၌ပင် ရှိနေလိမ့်မည်။

သားဖြစ်သူများက မိမိတို့၏ ဖခင်များနှင့်လည်းကောင်း၊ မိမိတို့၏ ဖခင်များက သူတို့၏ ဖခင်များနှင့်လည်းကောင်း သဘော တူညီမှုမရှိဘဲ သူတို့၏ အစဉ်အလာများမှ ခွဲထွက်လာသောကြောင့် လူသားအနေနှင့် တစ်စတစ်စ တိုးတက်လာခြင်းဖြစ်သည်။

တစ်စတစ်စတိုးတက်လာခြင်း 'အီဗော်လျူးရှင်း' တစ်ခု လုံးသည် အတိတ်နှင့် သဘောထားတူညီမှုမရှိဘဲ လမ်းခွဲလာခြင်း ဖြစ်သည်။

အသိဉာဏ်နှင့် ပြည့်စုံသောလူတစ်ယောက် ဖြစ်လာလေ လေ၊ အတိတ်နှင့် သဘောထားကွဲလွဲမှု ဖြစ်လာလေလေ ဖြစ်ပေ လိမ့်မည်။

သို့ရာတွင် မိဘများကမူ မိမိတို့၏စကားကို မြေဝယ်မကျ လိုက်နာသော ကလေးသူငယ်များကိုသာ ကောင်းချီးပေးကြလိမ့် မည်။

ခုနစ်နှစ်သားအရွယ်ထိ ကလေးသူငယ်ကို ရိုးသားအပြစ် ကင်းစင်သော သူ့နဂိုအနေအထားအတိုင်း ထားသင့်သည်။ တခြား

လူများ၏ အတွေးအခေါ် အယူအဆများနှင့် ကလေးသူငယ်၏ နဂို ရိုးသားအပြစ်ကင်းစင်သော အနေအထားကို ထိခိုက်သွားအောင် ပြုလုပ်ပါက ကလေးသူငယ်များ၏ နဂိုဗီဇ တိုးတက်ဖွံ့ထွားလာမှု၌ အနှောင့်အယှက် အဟန့်အတား ဖြစ်ပေါ်လာနိုင်သည်။ အကယ်၍ မိမိတွင် ကလေးသူငယ်ရှိနေလျှင် ကလေးသူငယ်၏ နဂိုဗီဇ ထိခိုက် မသွားအောင် မိမိကိုယ်ကိုလည်း သတိထားရမည်။ အခြားသူများ အားလည်း မိမိကလေးသူငယ်၏ ပင်ကိုယ်ဗီဇ ထိခိုက်နစ်နာသွား အောင်မလုပ်ဖို့အတွက် ကာကွယ်ရမည်။ အဖျင်းဆုံး အသက်ခုနစ် နှစ်အရွယ်အထိ ကလေးသူငယ်ကို ထိပါးမသွားအောင် ကာကွယ် ထားဖို့ သတိပြုရမည်။

# အခန်း(၁၃)

ကလေးသူငယ်သည် အပင်ပေါက်ကလေးနှင့်တူသည်။ အားနည်းသည်။ ပျော့ပြောင်းသည်။ လေပြင်းပြင်းတိုက်ခတ်လာလျှင် ပျက်စီးသွားနိုင်သည်။ လဲကျသွားနိုင်သည်။ ပိုးမွှားတိရစ္ဆာန်များကလည်း စားပစ်လို့ရသည်။ သစ်ပင်ပေါက်ကလေးများကို သေမသွားအောင် အကာအကွယ်ပြုလုပ်ထားကြရသည်။ ခြံခတ်ထားကြရသည်။ ယင်းကဲ့ သို့ အကာအကွယ်ပြုလုပ်ထားခြင်း၊ ခြံခတ်ထားခြင်းသည် လှောင်အိမ်ထဲထည့်ထားခြင်းမျိုးမဟုတ်ပေ။ ဘေးရန်အန္တရာယ် ကျရောက်မလာစေရန် ကာကွယ်ထားခြင်းဖြစ်သည်။ သစ်ပင်သန်မာကြီးထွားလာသောအခါ၌ အကာအကွယ်မလို

တော့ပေ။ ခြံခတ်ထားစရာ မလိုတော့ပေ။

ကလေးသူငယ်အတွင်း တခြားသြဇာအရှိန်အဝါများ ဝင်ရောက်နေရာယူမလာစေရန် ကာကွယ်ထားရမည်။ သို့မှသာ သူ့ဟာသူ လွတ်လွတ်လပ်လပ် နေနိုင်ပေလိမ့်မည်။ ယင်းကဲ့သို့ ပြုလုပ်ရသော အချိန်ကာလအတိုင်းအတာမှာ ခုနစ်နှစ်သားအရွယ်ထိဖြစ်သည်။ အကြောင်းမူကား ခုနစ်နှစ်ပြည့်သောအခါ၌ ပထမဦးဆုံး စက်ဝန်းပြည့်သွားလိမ့်မည်ဖြစ်သည့်အတွက်ကြောင့် ဖြစ်သည်။ ကလေးသူငယ် ခုနစ်နှစ်သားအရွယ်ရှိလာသောအခါ ကောင်းကောင်း ရပ်တည်နိုင်လာသည်။ အားခွန်ဗလ ရှိလာပေလိမ့်မည်။

ခုနစ်နှစ်သားအရွယ် ကလေးသူငယ် မည်သို့မည်ပုံ သန်မာကြီးထွားလာသည်ဆိုသည်ကို သိချင်မှသိလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် နဂိုဗီဇ ထိပါးခြင်းမခံရသော ကလေးသူငယ်ကို မတွေ့ရဘဲ နဂိုဗီဇ ထိပါးခြင်းခံရသော ကလေးသူငယ်များကိုသာ တွေ့ရသောကြောင့် ဖြစ်သည်။ ကလေးသူငယ်များသည် မိမိတို့၏ မိဘများနှင့်မိသားစုများ၏ စိုးရိမ်ထိတ်လန့်ခြင်းများကိုသာ ဆောင်ထားရသူများ၊ ထိန်းထားရသူများဖြစ်၍ ကိုယ့်ဒူးကိုယ်ချွန် စိတ်သဘောမျိုး ပေါ်ပေါက်မလာနိုင်ကြပေ။ အကယ်၍ ကလေးသူငယ်တစ်ယောက်သည် ခုနစ်နှစ်အရွယ်အထိ သူတို့ ပင်ကိုယ်ဗီဇ ထိပါးခြင်းမခံရဘဲ နေရမည်ဆိုလျှင် ယင်းကဲ့သို့သော ကလေး

www.burmeseclassic.com



သူငယ်မျိုးကို တအံ့တသြ တွေ့မြင်ရပေလိမ့်မည်။ ယင်းကဲ့သို့သော ကလေးသူငယ်မျိုးသည် ထက်ထက်မြက်မြက် ရှိလာပေလိမ့်မည်။ သူတို့၏ မျက်စိသည် ကြည်လင်လာလိမ့်မည်။ သူတို့တွင် အံ့သြဖွယ်စွမ်းအားရှိလာသည်ကို တွေ့မြင်ရလိမ့်မည်။ အသက် ၇၀ အရွယ် လူကြီး၌ပင် မတွေ့ရသော ခွန်အားမျိုး ရှိလာသည်ကို တွေ့ရလိမ့်မည်။ ယင်းလူကြီးများသည် အခြေခံ ခိုင်မာမှုမရှိဘဲ ယိမ်းယိုင်နေသည့်အတွက်ကြောင့် ခွန်အားနှင့်ပတ်သက်ပြီး ခုနစ်နှစ်အရွယ် ကလေးသူငယ်၏ခွန်အားကို မမီကြခြင်း ဖြစ်သည်။ အမှန်က အဆောက်အဦမြင့်လေလေ ခိုင်မာမှုမရှိခြင်း၊ ယိမ်းယိုင်ခြင်းမျိုး ဖြစ် လာလေလေဖြစ်သည်။

အကယ်၍ သင်တို့သည် မိဘများဖြစ်ကြသည်ဆိုလျှင် ယင်းသတ္တိမျိုး ရှိကြဖို့လိုသည်။ မိမိတို့၏ကလေးသူငယ်များအား သူတို့၏ ပင်ကိုယ်ဗီဇကို ထိပါးခြင်းမရှိစေဘဲ အားပေးအားမြှောက်ပြုလုပ်ခြင်းမျိုးကို ပြုလုပ်ရလိမ့်မည်။ ကလေးသူငယ်များအတွက် မသိမမြင်ရသော အရပ်မျက်နှာများသို့ သွားရန်အတွက် တံခါးများကို ဖွင့်ပေးသင့်ကြသည်။ သို့မှသာ ကလေးသူငယ်များအနေနှင့် စွန့်စွန့်စားစား ပြုလုပ်လာကြပေလိမ့်မည်။ ကလေးသူငယ်များသည် သူတို့တွင် မည်သည့် အရာရှိသည်ကို မသိကြပေ။ မည်သူမှလည်း မသိကြပေ။

ကလေးသူငယ်သည် အမှောင်ထဲတွင် စမ်းတဝါးဝါး ရှာဖွေနေသည်။ အမှောင်ထဲတွင် စမ်းတဝါးဝါး ရှာဖွေနေသော ကလေးသူငယ်ကို အမှောင်ကြောက်သွားအောင် မပြုလုပ်ချင်ပါနှင့်။ အရှုံးကို ထိတ်လန့်ကြောက်ရွံ့သွားအောင် မလုပ်ချင်ပါနှင့်။ ပံ့ပိုးကူညီမှုကိုသာ ပြုလုပ်ပါ။ မသိမမြင်ဖူးသောခရီးကို သွားနေသည့်ကလေးသူငယ်ကို အပြည့်အဝ ပံ့ပိုးကူညီမှု ပြုလုပ်လျက် မိမိတို့၏ ပံ့ပိုးကူညီမှုဖြင့်၊ မိမိတို့၏မေတ္တာစေတနာဖြင့်၊ မိမိတို့၏ အားပေးမှုဖြင့် သူသွားမည့်ခရီးကို ရောက်အောင်ပို့ကြရလိမ့်မည်။

မိမိတို့၏ ထိတ်လန့်စိုးရိမ်မှုများဖြင့် ကလေးသူငယ်ကို ထိခိုက်သွားအောင် မပြုလုပ်ကြပါနှင့်။

မိမိတို့အနေနှင့် ထိတ်လန့်စိုးရိမ်မှုများ ရှိချင်ရှိကြလိမ့်မည်။ သို့ရာတွင် ယင်းစိုးရိမ်ထိတ်လန့်မှုများကို မိမိအတွင်း၌သာထား ပါ။ ကလေးသူငယ်များအပေါ် ယင်းစိုးရိမ်ကြောင့်ကြမှုများကို ဝန်ထုပ်ဝန်ပိုးအဖြစ် သွားမတင်ပါနှင့်။ ယင်းစိုးရိမ်ကြောင့်ကြမှုများသည် ခရီးစတင်ထွက်မည့် ကလေးသူငယ်အတွက် အနှောင့်အယှက်၊ အဟန့်အတား ဖြစ်လာပေလိမ့်မည်။

ကလေးသူငယ်များ၏ဘဝ၌ ဒုတိယ ခုနစ်နှစ် စက်ဝန်းသည်၊ ခုနစ်နှစ်အရွယ် မှ ၁၄ နှစ်အရွယ်သည် ကလေးငယ်များ၏ ဘဝ၌ အသစ်ထပ်တိုးလာသော စက်ဝန်းဖြစ်သည်။ ယင်းအရွယ်

သည် ကလေးသူငယ်၏ ဖိုမဆိုင်ရာစွမ်းအင် ပထမဦးဆုံး အစပျိုးလာသောအချိန်ကာလ ဖြစ်သည်။ သို့ရာတွင် ယင်းအစပျိုးချိန်သည် 'ရီဟာဆယ်'တစ်မျိုးမျှသာ ဖြစ်သည်။

မိဘတစ်ဦးတစ်ယောက်ဖြစ်လာဖို့ရန်မှာ ခက်ခဲသောအလုပ်ဖြစ်သည်။ ထို့ကြောင့် အကယ်၍ မိမိအနေနှင့် ယင်းခက်ခဲသောအလုပ်ကို လုပ်နိုင်ချေမရှိသေးဘူးဆိုလျှင် မိဘတစ်ဦးတစ်ယောက်ဖြစ်လာအောင် မပြုလုပ်ချင်ပါနှင့်။ လူတို့သည် မိမိတို့မည်သည့်အရာလုပ်နေကြသည်ဆိုသည်ကို မသိဘဲနှင့် ဖခင်နှင့်မိခင်ဖြစ်ဖို့အတွက် သက်သက်သာ ပြုလုပ်နေကြသည်။ မိမိတို့အနေနှင့် ကမ္ဘာလောကထဲတွင် လူနေမှုဘဝတစ်ခု ဆောင်ကျဉ်းလာချိန်ဖြစ်သည်။ ကမ္ဘာလောက၌ရှိသော သတိထားစရာအချက်အလက်အားလုံးကို သိဖို့လိုအပ်ပေလိမ့်မည်။ ကလေးသူငယ်အနေနှင့် ဖိုမကိစ္စနှင့်ပတ်သက်ပြီး 'ရီဟာဆယ်' စတင်လုပ်သည့်အချိန်သည် မိဘများ အနှောင့်အယှက်အပေးဆုံးအချိန်ဖြစ်သည်။ အကြောင်းမူကား မိဘများကိုယ်တိုင်ပင် အနှောင့်အယှက် အပေးခံခဲ့ရသူများဖြစ်သည့်အ တွက်ကြောင့် ဖြစ်သည်။ မိဘများအနေနှင့် သိရှိနားလည်နေသည်မှာ သူတို့ကိုယ်တိုင် ခံခဲ့ရသော ခံစားချက်ဖြစ်သည်။ ထို့ကြောင့် မိဘများသည် မိမိတို့၏ကလေးသူငယ်များနှင့်ပတ်သက်လာချိန်၌ သူတို့ခံစားခဲ့ရသည့် အတိုင်းပင် သူတို့၏

www.burmeseclassic.com



သားသမီးများကိုလည်း ခံရအောင် ပြုလုပ်ကြသည်။

လူ့အဖွဲ့အစည်းက ဖိုမကိစ္စ 'ရီဟာဆယ်'ကို ခွင့်မပြုပေ။ ၂၀ ရာစုအထိ ခွင့်မပြုပေ။ တိုးတက်သောနိုင်ငံများ၌မူ လွန်ခဲ့သော ၂ ဆယ်စု၊ ၃ ဆယ်စုအတွင်း ဖိုမကိစ္စ 'ရီဟာဆယ်'ကို ခွင့်ပြုလာသည်။ ယခုအခါ၌ကား ယောကျ်ားကလေးနှင့် မိန်းကလေး အတူရောပြီး စာသင်ကျောင်းများ၌ ကျောင်းတက်နေကြပြီ။ အိန္ဒိယလိုနိုင်ငံများ၌ပင် ယခုအချိန်၌ တက္ကသိုလ်ကျောင်းများ၌သာ မိန်းကလေးနှင့် ယောကျ်ားကလေးရောနှော ကျောင်းတက်ကြသည်။

ခုနစ်နှစ်အရွယ်ကျောင်းသားနှင့် ခုနစ်နှစ်အရွယ်ကျောင်းသူသည် ကျောင်းအိပ်ကျောင်းစားနေရသော ကျောင်းများ၌ အတူမနေကြရပေ။ ယခုအချိန်၌ကား ကလေးသူငယ်များအတွက် မည်ကဲ့သို့သော စွန့်စားမှုမျိုးကိုမှ မပြုလုပ်ရဘဲ မိမိတို့၏ မိသားစုများအား မည်ကဲ့သို့သော ပြဿနာမျိုးမှ မဖြစ်ပေါ်စေရဘဲ ဘာမဆို ပြုလုပ်လို့ရသည့်အချိန် ရောက်နေပြီ။

ယင်းကဲ့သို့အခြေအနေ၌ ဖိုမကိစ္စ အရိပ်အယောင် ပေါ်လာကြသည်။ သို့သော်လည်း 'ရီဟာဆယ်'မျှလောက်သာ ဖြစ်သည်။ တကယ့်တကယ် ပြဇာတ်အစစ် က,ခြင်း မဟုတ်ပေ။ အကယ်၍ 'ရီဟာဆယ်'ကို ခွင့်မပြုလျှင် တစ်နေ့ကျလျှင် ရုတ်တရက် ကန့်လန့်ကာပွင့်လာပြီး ပြဇာတ်အစစ် က,ပေလိမ့်သည်။

☺ ပြုံးပန်းတစ်ရာစာပေ

ယင်းခုနစ်နှစ်သည် လူ့ဘဝ၌ရှိသော ဒုတိယစက်ဝန်းသည် ‘ရီဟာဆယ်’အတွက် အရေးပါအရာရောက်သော စက်ဝန်း ဖြစ်သည်။ ယောကျ်ားကလေးနှင့် မိန်းကလေးတို့ တွေ့ကြသည်။ ရောကြသည်။ ကစားကြ သည်။ အသိအကျွမ်း ဖြစ်ကြသည်။ ယင်း အပြုအမူများကြောင့် လူ့အဖွဲ့အစည်း၌ ဖိုမ ကိစ္စဖောက်ပြန်မှုများ ၉၀ ရာနှုန်း ကျဆင်းသွားနိုင်သည်။ ခုနစ်နှစ်အရွယ်မှ တစ်ဆယ့်လေးနှစ်အရွယ်အထိ ကလေးသူငယ်များကို အတူတကွ နေထိုင်ခွင့်ပြုထားလျှင်၊ အတူတကွ ရေကူးခွင့်ပြုထားလျှင် ဖိုမကိစ္စဖောက်ပြန်မှုများ၊ လိင်ကိစ္စဖောက်ပြန်မှုများ ၉၀ ရာနှုန်း လျော့ကျသွားမည်ဖြစ်သည့်အပြင် ညစ်ညမ်းစာပေနှင့် ညစ်ညမ်းရုပ်ပုံ ထုတ်လုပ်မှုလည်း ၉၀ ရာနှုန်းလောက် လျော့ကျသွားလိမ့်မည်။ ယင်းကိစ္စများအတွက် ဘယ်သူဒုက္ခရှာနေတော့မည်နည်း။

www.burmeseclassic.com

# အခန်း(၁၄)

အကယ်၍ ယောက်ျားလေးတစ်ယောက်ယောက်သည် လွတ်လွတ်လပ်လပ် ဝတ်စားထားသော မိန်းကလေးအများအပြားကို တွေ့ရဖန်များလျှင် ပလေးဘွိုင်းလိုမဂ္ဂဇင်းမျိုးသည် သူ့အတွက် ဘာစိတ်ဝင် စားစရာလိုတော့မည်နည်း။ သူတစ်ပါးအကြောင်းကို သိလိုမြင်လိုသည့်စိတ်မျိုး ခေါင်းပါးသွားနိုင်စရာအကြောင်းရှိသည်။

ဒုတိယခုနစ်နှစ်စက်ဝန်းသည် အလွန်တရာ အရေးပါအရာရောက်သောအချိန်ကာလဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဒုတိယခုနစ်နှစ်စက်ဝန်းသည် နောက်တတိယခုနစ်နှစ်စက်ဝန်း၏ ရှေ့ပြေး

ဖြစ်သည့်အတွက်ကြောင့် ဖြစ်သည်။ အကယ်၍ အိမ်စာ (**Home-work**) ကို မှန်အောင်လုပ်လျှင်၊ အကယ်၍ မိမိ၏ ဖိုမဆိုင်ရာစွမ်းအင်ကို အားကစားစိတ်ဓာတ်မျိုးဖြင့် ကစားသည်ဆိုလျှင် ဖိုမကိစ္စ၊ လိင်ကိစ္စဖောက်ပြန်မှုများ ဖြစ်ပေါ်လာမည်မဟုတ်တော့ပေ။

ဆန်းဆန်းပြားပြား အရာအမျိုးမျိုး မိမိစိတ်ထဲ ဝင်ရောက်လာလိမ့်မည် မဟုတ်တော့ပေ။ အကြောင်းမူကား မိမိအနေနှင့် လိင်ကွဲပုဂ္ဂိုလ်နှင့်အတူ သဘာဝကျကျ ရွှေ့လျားနေသည့်အတွက် ဖြစ်သည်။ လိင်ကွဲပုဂ္ဂိုလ်ကလည်း မိမိနှင့်အတူ ရွှေ့လျားနေပေလိမ့်မည်။ အဟန့်အတားရှိမည် မဟုတ်ပေ။ မိမိအနေနှင့်လည်း မည်သူနှင့်ပတ်သက်၍မှ ဆန့်ကျင်ဘက်လုပ်တော့မည် မဟုတ်တော့ပေ။ မှောက်မှောက်မှားမှားလုပ်တော့မည် မဟုတ်တော့ပေ။ မိမိ၏အသိစိတ်သည် ပြတ်သားနေလိမ့်မည်။ မည်သူကမျှ မိမိ၏အသိစိတ်ထဲ မှန်သောအတွေးကိုဖြစ်စေ၊ မှားသော အတွေးကိုဖြစ်စေ ထည့်၍ရလိမ့်မည် မဟုတ်သောကြောင့် ဖြစ်သည်။

(၁၇)နှစ်အရွယ်နှင့် (၂၁)နှစ်အရွယ်အတွင်း ဖိုမအကြောင်းအရာနှင့်ပတ်သက်ပြီး အသိဉာဏ် ကြွယ်ဝလာလိမ့်မည်။ ယင်းအချက်ကို သိရှိနားလည်ဖို့ အရေးကြီးသည်။ အကယ်၍ 'ရီဟာဆယ်' စနစ်တကျဖြစ်လာခဲ့ပြီး ဖိုမနှင့်ပတ်သက်သော မိမိ၏အသိဉာဏ်ကြွယ်ဝလာမည်ဆိုလျှင် မိမိကိုယ်တိုင် တစ်ခါမှ မတွေးဘူး

သော ထူးခြားဆန်းကျယ်သော အရာများ ဖြစ်လာလိမ့်မည်။ မိမိအနေနှင့် ယင်းအခွင့် အလမ်းမျိုး မရဘူးသည့်အတွက်ကြောင့် ဖြစ်သည်။ ခုနစ်နှစ်သားအရွယ်မှ ဆယ့်လေးနှစ်သားအရွယ်အထိ ဒုတိယခုနစ်နှစ်အရွယ်သည် ပြဇာတ်မကမီ အချီးနိဒါန်း တစေ့တစောင်းမြင်ရအောင် ပြုလုပ်ပေလိမ့်မည်။ တတိယ ခုနစ်နှစ်အရွယ်ကမူ ကပြီးပြဇာတ်ကို တစေ့တစောင်းမြင်ရအောင် လုပ်ပေလိမ့်မည်။ မိမိအနေနှင့် ယောကျ်ားလေးဖြစ်လျှင် မိန်းကလေးများနှင့်လည်းကောင်း၊ မိန်းကလေးဖြစ်လျှင် ယောကျ်ားလေးများနှင့်လည်းကောင်း အတူတွဲနေတုန်းပင် ဖြစ်ပေလိမ့်မည်။ သို့ရာတွင် ထိုအချိန်၌ မိမိဘဝတွင် ကဏ္ဍသစ် စ,လာပေလိမ့်မည်။ ချစ်သူတွေ့လာလိမ့်မည်။

ပထမဦးစွာ ဆယ်ကျော်သက် အရွယ်များသည် ဘယ်လိုအကျိုးတရားမျိုး ဖြစ်လာဖြစ်လာ ရိုးသားရမည်။ မှန်ကန်ရမည်။ မိမိတို့၏ မိဘများအား မိမိတို့၏ မည်ကဲ့သို့သော ခံစားချက်မျိုးကိုမဆို အပေါ်စီးက ပြောခြင်းမျိုးမဟုတ်ဘဲ ရိုရိုကျိုးကျိုး ပြောပြရမည်။ မိမိတို့၏ ခံစားချက်များကို မိဘများအား ဖုံးကွယ်မထားသင့်ပေ။ မိမိတို့၏ခံစားချက်ကို မိဘများအား ဖုံးကွယ်ထားခြင်းသည် ဆယ်ကျော်သက်အရွယ်များနှင့် မိဘများကြားထဲတွင် ကွာဟသွားအောင် ပြုလုပ် ဖန်တီးထားခြင်းသာဖြစ်သည်။ မိဘများကလည်း တချို့

အကြောင်း အရာများစွာနှင့်ပတ်သက်ပြီး မိမိတို့၏ ကလေးသူငယ်များကို ဖုံးဖုံးဖိဖိထားကြသည်။ ကလေးသူငယ်များကလည်း မိဘတို့ကို ဖွင့်ဟမပြောကြပေ။ ယင်းသို့ ပြုလုပ်ကြသည့်အတွက် မိဘနှင့် သားသမီးများကြားထဲတွင် ကွာဟချက်ကြီးမားသည်ထက် ကြီးမား လာသည်။ တစ်နေ့သောအခါ၌ ကျွန်ုပ်သည် အဖေ့ကို–

''ကျွန်တော် စီးကရက်သောက်ချင်တယ်. . .''ဟု ပြောပြလိုက်သည်။

ဖခင်ကပြန်ပြောသည်။

''အဲဒါ ငါဘာလုပ်ရမှာလဲ. . .''

''အဖေ ကျွန်တော့်ကို စီးကရက်ဖိုး ပိုက်ဆံပေးရမယ်၊ စီးကရက်ဖိုး အဖေ့ဆီက ကျွန်တော် ပိုက်ဆံခိုးမယူချင်ဘူး၊ အဖေ မပေးဘူးဆိုရင်တော့ ကျွန်တော်ခိုးယူရလိမ့်မယ်၊ အဲဒီလို ကျွန်တော် အဖေ့ဆီက ပိုက်ဆံခိုးယူတယ်ဆိုရင် ကျွန်တော့်အပြစ်မဟုတ်ဘူး၊ အဖေ့အပြစ်၊ ကျွန်တော့်တာဝန်မဟုတ်ဘူး၊ အဖေ့တာဝန်၊ ကျွန်တော့်ကို အဖေ စီးကရက်သောက်ခွင့်မပြုဘူးဆိုရင်လည်း ကျွန်တော်သောက်ကြည့်မှာပဲ၊ ဒါပေမဲ့ ပြောင်မသောက်ဘဲ ခိုးသောက်ရလိမ့်မယ်၊ အဲဒီလိုဖြစ်လာရင် အဖေကျွန်တော့်ကို သူခိုးဖြစ်အောင် လုပ်ရာကျလိမ့်မယ်၊ ကျွန်တော့်ကို ခိုးကြောင်ခိုက်ကြောင်း အလုပ်ခိုင်းပြီး ရိုးသားမှုမရှိအောင် ပွင့်လင်းမှုမရှိအောင် လုပ်ရာကျ

လိမ့်မယ်၊ လူတွေအတော်များများ စီးကရက်သောက်နေကြတာကို ကျွန်တော်တွေ့မြင်တဲ့အတွက် ကျွန်တော်လည်း စမ်းသောက်ကြည့်ချင်တယ်၊ ကျွန်တော် အကောင်းဆုံး စီးကရက်ဝယ်ပြီး အဖေ့ရှေ့မှာ သောက်ကြည့်မယ်.''

အဖေက ပြန်ပြောသည်။

''မင်းဟာတော်တော် ဆန်းဆန်းကျယ်ကျယ် လုပ်ချင်တဲ့ အကောင်ပဲ၊ ဒါပေမဲ့ မင်းရဲ့အကြောင်းပြချက်ကတော့ မမှားဘူး၊ တကယ်လို့ ငါမင်းကို ပိုက်ဆံမပေးဘူးဆိုရင် မင်းခိုးယူမယ့်အကောင် ဖြစ်တယ်၊ အဲဒါကြောင့် ငါတားမြစ်ပိတ်ပင်ရင် မင်းကို မကောင်းတဲ့ အလုပ်များကို ပိုပြီးကျူးလွန်အောင် လုပ်ရာရောက်လိမ့်မယ်၊ အဲဒီလို ဖြစ်သွားရင် ငါတို့လည်း ထိခိုက်လာလိမ့်မယ်၊ အမှန်ပြောရရင်တော့ ငါမင်းကို စီးကရက်မသောက်စေချင်ဘူး.''

ကျွန်ုပ်က ပြောပြသည်။

''ကျွန်တော် စီးကရက် စွဲသောက်သွားမယ့်ကောင် မဟုတ်ပါဘူး၊ လူတွေ စီးကရက်သောက်တာကိုကြည့်ပြီး စီးကရက်သောက်ချင်တဲ့စိတ် ဖြစ်လာတာပါ၊ စီးကရက်သောက်တာ ကောင်းလား မကောင်းလားဆိုတာ ကျွန်တော်စမ်းကြည့်ချင်တယ်၊ စီးကရက်သောက်တာ ကောင်းတယ်ဆိုတဲ့ အကြောင်းသိရရင် အဖေ ကျွန်တော့်ကို စီးကရက် မပြတ်ဝယ်ပေးရလိမ့်မယ်၊ တကယ်လို့

www.burmeseclassic.com



စီးကရက်သောက်တာ မကောင်းဘူးဆိုတဲ့အကြောင်း သိရရင်တော့ တစ်လိပ်သောက်ပြီး ဆက်မသောက်ရုံပဲ ရှိတယ်၊ ဒါပေမဲ့ အဖေ တားမြစ်ပိတ်ပင်တဲ့အတွက် ကျွန်တော် တစ်ခုခု မလုပ်ရဘူးဆိုရင် တော့ ဖြစ်ပေါ်လာမယ့် အကျိုးဆက်တစ်ခုခုဟာ ကျွန်တော့် တာဝန် မဟုတ်ဘူး၊ အဖေ့တာဝန်ပဲ။''

ဈေးထဲတွင် ရောင်းနေသော အကောင်းဆုံးစီးကရက် အဖေဝယ်ပေးသည်။ ကျွန်ုပ်ဦးလေးများနှင့် ကျွန်ုပ်၏အဘိုးက ကျွန်ုပ်၏အဖေကို–

''ဘာဖြစ်လို့ ကလေးကို ဖျက်ဆီးနေတာလဲ''ဟု အပြစ် တင်ကြသည်။ သို့သော်လည်း အဖေက ပြန်ပြောသည်။

''ကလေးကို ဖျက်စီးတာမဟုတ်ဘူး၊ ကလေးကို ကျုပ်သိ သလောက်၊ အဖေတို့ အစ်ကိုတို့မသိကြဘူး၊ ကျုပ်သားက သူပြော သလိုမလုပ်တဲ့ ကလေးမဟုတ်ဘူး၊ ပြောတဲ့အတိုင်းလုပ်တဲ့ကလေး၊ သူ့မှန်ကန်မှုနဲ့ ရိုးသားမှုကို ကျုပ်လေးစားတယ်၊ ကျွန်တော့်ကို အင်အားသုံးပြီး တားမြစ်ပိတ်ပင်တာမျိုး မလုပ်ပါနဲ့၊ အဲဒီလိုလုပ် ရင် ကျွန်တော့်ကို အပြစ်တစ်ခုကျူးလွန်အောင် လုပ်သလိုဖြစ်သွား လိမ့်မယ်''လို့ သားက ပြောပြထားတယ်။

ကျွန်ုပ်စီးကရက် သောက်ကြည့်သည်။ စီးကရက်တစ်လိပ် မကုန်ခင် ချောင်းဆိုးလာသည်။ မျက်လုံးထဲ မျက်ရည်အပြည့် ဖြစ်

လာသည်။ စီးကရက်တစ်လိပ် ကုန်အောင်မသောက်နိုင်သောကြောင့် သောက်လက်စ စီးကရက်ကို လွှင့်ပစ်လိုက်သည်။ အဖေ့ကို ပြော လိုက်သည်။

''စီးကရက်တစ်လိပ်နဲ့ ကိစ္စပြတ်သွားပြီ၊ အဖေစိတ်ပူစရာ မလိုတော့ဘူး၊ ဒါပေမဲ့ အဖေသိအောင် ကျွန်တော်ပြော ပြထား ချင်တယ်၊ အဖေ့ကို ကွယ်ဝှက်ထားဖို့ ဘယ်လိုကိစ္စမျိုးကိုမဆို ကျွန်တော် အဖေ့ကိုပြောပြမယ်၊ ကိုယ့်အဖေ အရင်းခေါက် ခေါက် ကိုတောင် ဖွင့်ဟမပြောဘဲ ဖုံးကွယ်ထားတယ်ဆိုရင်၊ ဘယ်သူ့ကို သွားပြီး ပြောပြမလဲ၊ ကျွန်တော်နဲ့ အဖေ့ကြားထဲမှာ ရင်ကြားမစေ့ အောင် ကျွန်တော် မဖန်တီးချင်ပါဘူး့''

ကျွန်ုပ် စီးကရက်ပစ်ချလိုက်သည်ကို တွေ့ရသောအခါ အဖေ့ မျက်လုံးတွင်လည်း မျက်ရည်အပြည့်ဖြစ်လာသည်။

အဖေက ပြောသည်။

''ဘယ်သူမှ မကြိုက်ပေမဲ့ သားရဲ့ ရိုးသားဖြောင့်မတ်မှုက အဖေ့ကို စီးကရက် ဝယ်မပေးဘဲမနေအောင် ဖန်တီးလိုက်တယ်''

အိန္ဒိယနိုင်ငံ၌ မိမိ၏သားကို မည်သည့်အဖေကမှ စီးကရက်ဝယ်ပေးလိမ့်မည်မဟုတ်ပေ။ မိမိသားအတွက် စီးကရက် ဝယ်ပေးသော အဖြစ်အပျက်သည် ဖြစ်တောင့်ဖြစ်ခဲ အဖြစ်အပျက် ဖြစ်သည်။ ဖခင်လုပ်သူများသည် စီးကရက်သောက်သောအကျင့်

ကူးစက်သွားမှာ စိုးရိမ်သောကြောင့် မိမိတို့၏သားများရှေ့မှောက်၌ စီးကရက်မသောက်ကြပေ။

🖐 🖐 🖐

# အခန်း(၁၅)

ဆယ်ကျော်သက်အရွယ်များသည် ကျဉ်းထဲကျပ်ထဲ ရောက်နေကြသူများ ဖြစ်ကြသည်။ အပြောင်းအလဲဖြစ်နေကြသည်။ ကလေးသူ ငယ်ဘဝကို ထားပစ်ခဲ့ပြီး လုလင်ဘဝ ရှေးရှု လာသူများ ဖြစ်ကြသည်။ နေ့စဉ်နေ့တိုင်း သူတို့အတွက် ဘဝ၏ကဏ္ဍသစ်များ ပွင့်နေကြသည်။ အပြောင်းအလဲလုပ်မည့် စပ်ကူးစပ်ကူး အချိန်ကာလထဲ ရောက်နေကြသည်။ ထို့ကြောင့် မိမိတို့၏မိဘများထံမှ အကူအညီ အကြီးအကျယ် လိုအပ်နေကြသည်။

သို့ရာတွင် ယခုခေတ်တွင် တွေ့ရသော အခြေအနေကား တစ်မျိုးဖြစ်နေသည်။ ဆယ်ကျော်သက်အရွယ်များသည် မိမိတို့၏

မိဘများကို လုံးဝတွေ့ဆုံခြင်း မပြုကြပေ။ တစ်အိမ်ထဲတွင် အတူနေထိုင်ကြသော်လည်း တစ်ဦးနှင့်တစ်ဦး စကားမပြောကြပေ။ တစ်ယောက်၏စကားကို တစ်ယောက်က နားလည်မှုမရှိကြသောကြောင့် ဖြစ်သည်။ တစ်ယောက်၏အမြင်ကို တစ်ယောက်က နားလည်မှုမရှိကြသောကြောင့် ဖြစ်သည်။ ငွေကြေးလိုလားသည့် အချိန်၌သာ သားသမီးများသည် မိဘများနှင့် တွေ့ကြသည်။ သို့မဟုတ်လျှင်ကား တွေ့ဆုံခြင်း မရှိကြပေ။ ကွာဟချက်သည် ကြီးမားသည်ထက် ကြီးမားလာသည်။ တစ်စုံတစ်ယောက်အနေနှင့် တွေးကြည့်ဖို့ မလွယ်သည့် သူစိမ်းပြင်ပြင်များ ဖြစ်လာကြသည်။

ယင်းသို့ဖြစ်လာခြင်းသည် အမှန်တကယ်ပင် အကျပ်အတည်းဖြစ်သည်။

ဆယ်ကျော်သက်အရွယ်များအား မိမိတို့၏မိဘများကို မည်သည့်အကြောင်းအရာမျိုးကိုမဆို မကြောက်မရွံ့ ပြောပြနိုင်စေရန် အားပေးအားမြောက်ပြုလုပ်ရမည်။ ယင်းကဲ့သို့ ပြုလုပ်ခြင်းသည် ကလေးသူငယ်များအား အကူအညီပေးခြင်းမျှသာမက မိဘများကိုလည်း အကူအညီပေးရာရောက်သည်။

အမှန်တရားသည် အမှန်တရား၏ ကိုယ်ပိုင်အလှရှိသည်။ ရိုးသားခြင်းသည် ရိုးသားခြင်း၏ ကိုယ်ပိုင်အလှရှိသည်။ ဆယ်ကျော်သက်အရွယ်များအနေနှင့် မိမိတို့၏မိဘများကို အမှန်တရားဖြင့်

လည်းကောင်း၊ ရိုးသားခြင်းဖြင့်လည်းကောင်း၊ ချဉ်းကပ်လျက် မိမိတို့၏စိတ်နှလုံးကို ဖွင့်ပြကြမည်ဆိုလျှင် မိဘများကိုလည်း သူတို့၏ စိတ်နှလုံးကို ဖွင့်ပြရန်အတွက် တွန်းအားပေးရာ ရောက်သွားလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် မိဘများအနေနှင့် ဖွင့်ဟပြောလိုသော်လည်း ပြောနိုင်သည့်အခြေအနေမရှိသည့်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေသည် မဟုတ်လား။ လူ့အဖွဲ့အစည်းကလည်း တားမြစ်ပိတ်ပင်ထားသည်။ အစဉ်အလာကလည်း တားမြစ်ပိတ်ပင်ထားသည်။

သို့သော်လည်း အကယ်၍ မိဘများအနေနှင့် ဆယ်ကျော်သက်အရွယ်များအား အပြည့်အဝ ပွင့်လင်းနေသည်ကို တွေ့ရမည်ဆိုလျှင်၊ လျှို့ဝှက်ထားခြင်းမရှိသည်ကို တွေ့ရမည်ဆိုလျှင် ယင်းသို့ တွေ့မြင်ရခြင်းသည် မိဘတို့အတွက်လည်း ပွင့်ပွင့်လင်းလင်းရှိစေရန်၊ လျှို့ဝှက်မထားရန် အကူအညီအထောက်အပံ့ဖြစ်စေလိမ့်မည်။ ယင်းသို့ ဖြစ်လာလျှင်ကား စကားများစွာ ဆွေးနွေးပြောခဲ့ရသော မျိုးဆက်ကွာဟချက်သည် ပျောက်ကွယ်သွားပြီး အတွင်းအပြင်မရှိသည့် အခြေအနေမျိုးသို့ ရောက်ရှိသွားနိုင်သည်။

ဒုက္ခအပေးဆုံး ပြဿနာမှာ ဖိုမကိစ္စနှင့်ပတ်သက်သော ပြဿနာဖြစ်သည်။ ကလေးသူငယ်များသည် မိမိတို့၏စိတ်နှလုံးထဲတွင် မည်သည့်အရာများ ဖြစ်ပေါ်နေသည်ဆိုသည်ကို အမှန်

www.burmeseclassic.com



အတိုင်း မခြွင်းမချန် ပြောဆိုနိုင်ရမည်။ မည်သည့်အရာမှကိုမျှ လျှို့ဝှက်ထားရန်မလိုပေ။ မိမိတို့၏ စိတ်နှလုံးထဲတွင် ပေါ်လာသော မည်သည့်အရာမဆို သဘာဝအလျှောက် ပေါ်လာသော အရာများ ဖြစ်သည့်အတွက်ကြောင့် ဖြစ်သည်။ ကလေးသူငယ်များသည် မိမိတို့ မည်သို့မည်ပုံ ပြုလုပ်ရ မည်ဆိုသည်ကို မိဘများအား တိုင်ပင်ဆွေးနွေးသင့်ကြသည်။ ကလေးသူငယ်များအနေနှင့် အကျပ်အတည်းတွေ့နေရသော၊ အကူအညီလိုအပ်နေသောအချိန် ဖြစ်နေသည် မဟုတ်လား။ မိမိတို့၏ မိဘများမှတစ်ပါး တခြားမည်သူ့ထံ ချဉ်းကပ်မည်နည်း။

ပြဿနာတစ်ခုပေါ်လာလျှင် မိဘများကို ပြောပြရမည်။ ကလေးသူငယ်များသည် မိဘများကိုလည်းကောင်း၊ ဆရာသမားများကိုလည်းကောင်း တစ်စုံတစ်ခုသော အကြောင်းအရာနှင့်ပတ်သက်ပြီး လျှို့ဝှက်မထားသင့်ပေ။ ပွင့်လင်းရိုးသားမှု အပြည့်အဝရှိသင့်ကြသည်။ ယင်းသို့ဖြစ်လာမှ ကွာဟချက် ပျောက်ကွယ်သွားလိမ့်မည်။ ကွာဟချက်ကို ဖျောက်ဖျက်ပစ်ဖို့ လိုအပ်သည်။ မိဘနှင့် သားသမီးများကြားထဲတွင်လည်းကောင်း၊ လင်ယောကျ်ားနှင့် မယားများကြားထဲတွင်လည်းကောင်း၊ ဆရာသမားနှင့် ကျောင်းသားများထဲတွင်လည်းကောင်း ကွာဟချက်ရှိနေသော လူ့အဖွဲ့အစည်းထဲတွင် မည်သို့သော ကွာဟချက်ရှိမည်ဆိုသည်ကို တွေးဆကြည့်

www.burmeseclassic.com



၍ရသည်။ ယခုအခါတွင်ကား မည်သည့်နေရာ ကြည့်လိုက်ကြည့်လိုက် ကွာဟချက်များကိုသာ တွေ့မြင်နေရသည်။

လူတိုင်းလူတိုင်းသည် အဆက်အသွယ်အားလုံး ပြတ်တောက်နေသကဲ့သို့ပင် ကွာဟချက်အမျိုးမျိုးနှင့် ရင်ဆိုင်နေကြရသည်။ ယင်းအခြေအနေမျိုးရောက်နေသော လူ့အဖွဲ့အစည်းမမည်ပေ။ မည်သူမျှ အမှန်ကို ပြောနိုင်စွမ်းမရှိကြပေ။ လူတိုင်းလူတိုင်း အနှိမ်ခံနေရသည်။ လူတိုင်းလူတိုင်း မိမိ၏အလိုဆန္ဒကိုချိုးနှိမ်ထားနေကြရသည်။ လူတိုင်းလူတိုင်း အချဉ်ပေါက်နေကြသည်။ လူတိုင်းလူတိုင်း အထီးကျန်ဖြစ်နေကြသည်။ လူတိုင်းလူတိုင်း စိတ်ဓာတ်ကျနေကြသည်။

ကျွန်ုပ်တို့သည် ဒေါသထွက်နေသော မျိုးဆက်ကို ဖန်တီးထားကြသည်။ အဓိပ္ပာယ်မရှိသော ဒဿနများကို ဖန်တီးထားကြသည်။ ယင်းသို့ဖြစ်ရခြင်းအတွက် အဓိကအကြောင်းမှာ ကလေးသူငယ်များအနေနှင့် သူတို့၏မိဘများနှင့်အဆက်အသွယ် ပြတ်တောက်နေကြခြင်းဖြစ်သည်။

ကလေးသူငယ်များသည် ကြီးမားသောအလုပ်များကို လုပ်ကိုင်နိုင်ကြသည်။ ကြီးမားသောအလုပ်များကို လုပ်နိုင်သော စွမ်းရည်သတ္တိရှိကြသည်။ မိဘများအနေနှင့် ယင်းကဲ့သို့သော အလုပ်များကို လုပ်နိုင်စွမ်း ရှိချင်မှရှိမည်။ မိဘများအတွက် ခြွင်း

ချက်များစွာရှိနေကြသည်။ ဆယ်ကျော်သက်အရွယ်များကမူ ငယ်လည်း ငယ်ကြသေးသည်။ လတ်ဆတ်သစ်လွင်မှုလည်း ရှိကြသည်။ သူတို့ကို သူတို့၏ မိဘများနှင့်ပတ်သက်ပြီး ရိုးသားမှုရှိကြရန် နည်းပေးလမ်းပြပြုလုပ်ဖို့သာ လိုသည်။

ကျွန်ုပ်သည် မိမိ၏ဖခင်နှင့် ဆက်သွယ်မှုပြုလုပ်ခဲ့သည်။ ဖခင်ကို ကျွန်ုပ်က ပြောပြသည်။

''ကျွန်တော် သဘောတူညီမှုတစ်ခု ပြုလုပ်ချင်တယ်''

ဖခင်က ပြောသည်။

''ဘယ်လိုကိစ္စနဲ့ ပတ်သက်လို့လဲ''

ကျွန်ုပ်က ပြောပြသည်။

''တခြားသဘောတူညီချက် မဟုတ်ပါဘူး၊ တကယ်လို့ ကျွန်တော်က မကွယ်မဝှက်ဘဲ မှန်တဲ့စကားကို ပြောမယ်ဆိုရင် အဖေက ကျွန်တော့်ကို ဆုချရလိမ့်မယ်၊ အပြစ်ဒဏ်မပေးရဘူး၊ ဘာကြောင့်လဲဆိုတော့ အဖေက ကျွန်တော့်ကို အပြစ်ဒဏ်ပေးမယ်ဆိုရင် နောက်တစ်ကြိမ်ကျတော့ ကျွန်တော် မှန်တဲ့အတိုင်းမပြောဘဲ လိမ်ညာပြောလိမ့်မယ်''

ကမ္ဘာပေါ်ရှိ အဖြစ်အပျက်အားလုံးမှာ ထိုနည်းအတိုင်းပင် ဖြစ်နေကြခြင်း ဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်က ကျွန်ုပ်ဖခင်ကို ပြောပြသည်။

''အဖေဆုံးဖြတ်နိုင်စွမ်းရှိတယ်၊ တကယ်လို့ အဖေက ကျွန်တော့်ကို လိမ်ညာပြီး ပြောစေချင်တယ်ဆိုရင် ကျွန်တော် လိမ်ညာပြီး ပြောနိုင်တယ်၊ လိမ်ညာပြောမှ ဆုပေးမယ်ဆိုရင်တော့ လိမ်ညာပြီး ပြောရလိမ့်မယ် မှန်တာကိုပြောတဲ့အတွက် ဆုပေးမယ် ဆိုရင်တော့ ကျွန်တော်မှန်တာကိုပြောဖို့ အသင့်ပါပဲ၊ ဒါပေမဲ့ မှန် တာပြောတဲ့အတွက် အဖေ ကျွန်တော့်ကို အပြစ်ဒဏ်မပေးရ ဘူး''

ကျွန်ုပ်၏ဖခင်က–

''မင်းအဆိုပြုတဲ့ သဘောတူညီချက်ကို ငါလက်ခံ တယ်''ဟု ပြန်ပြောသည်။ ယင်းကဲ့သို့ ပြုလုပ်ခြင်းသည် လွယ် ကူသောနည်းလမ်းဖြစ်သည်။ အကယ်၍ သားသမီးအနေနှင့် မိမိ တို့၏မိဘကို ပွင့်ပွင့်လင်းလင်း မဆက်ဆံဘူးဆိုလျှင် ဤကမ္ဘာ လောက၌ရှိသော လူတိုင်းလူတိုင်းသည် မိမိ၏ဖခင်၊ မိခင်နှင့်လည်း တစိမ်းပြင်ပြင် ဖြစ်နေပေလိမ့်မည်။ အမှန်က မိမိဖခင်နှင့် မိခင် သည်လည်း တစိမ်းများပင်ဖြစ်ကြသည်။ အရင်းအနှီးဆုံး တစိမ်း များဖြစ်ကြ သည်။

မိမိ၏မိဘများနှင့် မိမိ၏ကြားထဲတွင် ကွာဟချက်ရှိ မနေအောင် မိမိ၏မိဘများကို ပွင့်ပွင့်လင်းလင်း ဆက်ဆံရမည်။ ယင်းသို့ပြုလုပ်ခြင်းသည် မိမိနှင့်ပတ်သက်ပြီး မိဘများ ရိုးသားမှု

ရှိလာစေရေး၌ အထောက်အကူဖြစ်လာနိုင်သည်။ ယင်းရိုးသားမှု မှန်ကန်မှုများသည် တခြားပုဂ္ဂိုလ်များအပေါ်တွင်လည်း အလားတူ အရည်အချင်းမျိုး ကူးစက်သွားနိုင်သည်။

# အခန်း(၁၆)

ကျွန်ုပ်၏ အလိုဆန္ဒအရ ပြောရလျှင် မိတ်ဆွေတို့လည်း မိမိတို့၏ကလေးသူငယ်များနှင့်ပတ်သက်ပြီး လုပ်သင့်လုပ်ထိုက်သော အလုပ်တစ်ခုကို လုပ်နိုင်ကြသည်။ ယင်းအလုပ်မှာ မိမိတို့ဘဝ၏ နမူနာအစိတ်အပိုင်းအတိုင်း လိုက်နာကျင့်သုံးစေခြင်းဖြစ်သည်။ မိမိတို့ကိုလည်း မိမိတို့၏မိဘများက ပုံသွင်းခဲ့ကြသည်ဟူ၍လည်းကောင်း၊ မိမိတို့လည်း သတ်မှတ်ထားသော ဘောင်တစ်ခုအတွင်း၌ နေခဲ့ရသည်ဟူ၍လည်းကောင်း ပြောပြရမည်။ ယင်းသတ်မှတ်ထားသော ဘောင်များ၊ စည်းကမ်းများကြောင့်လည်းကောင်း စံနှုန်းများကြောင့်လည်းကောင်း မိမိတို့၏ဘဝကို လက်လွှတ်

ခဲ့ရသည်။ ထို့ကြောင့် မိတ်ဆွေတို့သည် မိမိတို့ ကလေးသူငယ်များ၏ဘဝကို ဖျက်ဆီးပစ်ဖို့ ဆန္ဒမရှိကြပေ။ မိတ်ဆွေတို့သည် မိမိတို့၏ ကလေးသူငယ်များကို အပြည့်အဝ လွတ်လပ်မှုပေးလိုကြသည်။ မိမိတို့၏ကွပ်ကဲအုပ်ချုပ်မှုအောက်က လွတ်မြောက်စေလိုကြသည်။ အဘယ်ကြောင့်ဆိုသော် မိမိတို့သည် ကလေးသူငယ်များအတွက် အတိတ်တစ်ခုလုံး၏ ကိုယ်စားများဖြစ်နေသည့်အတွက်ကြောင့် ဖြစ်သည်။

''သားတို့ သမီးတို့ဟာ ဖေဖေတို့ မေမေတို့ရဲ့ ကွပ်ကဲမှုအောက်က လွတ်လပ်မှုရှိနေဖို့ လိုအပ်တယ်၊ ဖေဖေတို့ မေမေတို့ပြောတာကို နားမထောင်ကြနဲ့၊ ကိုယ့်အသိဉာဏ်ကိုသာ ကိုယ်အားကိုးရမယ်၊ တကယ်လို့ သားတို့သမီးတို့ လေလွင့်နေကြမယ်ဆိုရင်လည်း ကျေးကျွန်ဘဝနှင့်နေရတာထက် အခါခပ်သိမ်း မှန်တာချည်းပဲ လုပ်နေရတာထက် ကောင်းလိမ့်မယ်၊ တစ်ယောက်ယောက် ပြောတာကို နားယောင်ပြီး အမှားမပြုလုပ်ခြင်းထက် ကိုယ်ပိုင်အတွေးနှင့် ကိုယ့်ဟာကိုယ် အမှားပြုလုပ်ခြင်းက ကောင်းသေးတယ်''

ယင်းကဲ့သို့ မိမိတို့၏ သားသမီးများအား ပြောရန်အတွက် မိဘနှစ်ပါး၌ ကြီးမားထက်သန်သော ချစ်ခြင်းကိုရှိဖို့လိုသည်။

အကယ်၍ မိတ်ဆွေတို့ ချစ်သည်ဆိုလျှင် ယင်းကဲ့သို့ ပြောကြားခြင်းသည် အလွန်တရာ လွယ်ကူသော စကားဖြစ်လိမ့်မည်။ ဘယ်ပုံဘယ်နည်း ချစ်သည်ဟူ၍ မေးမကြည့်ပါနှင့်။ 'ဘယ်ပုံ

www.burmeseclassic.com



ဘယ်နည်း’ဟူသော စကားသည် နည်းလမ်းကို မေးခြင်းဖြစ်သည်။ နည်းပညာကို စုံစမ်းခြင်းဖြစ်သည်။ ချစ်ခြင်းသည် နည်းပညာတစ်ခု မဟုတ်ပေ။

မိမိတို့၏ သားသမီးများကို ချစ်ရမည်။ သူတို့၏လွတ်လပ်မှုကိုလည်း အားပေးရမည်။ မိမိတို့၏ သားသမီးများအား အမှားပြုလုပ်ပါစေ။ သူတို့ ဘယ်နေရာမှာ အမှားပြုလုပ်ခဲ့ကြသနည်း ဆိုသည်ကို ကြည့်ရှုလေ့လာတတ်အောင် အကူအညီပေးရမည်။ သားသမီးများကို ဤသို့ ပြောရမည်။

‘‘အမှားကျူးလွန်ပြုလုပ်တာ မမှားပါဘူး၊ တတ်နိုင်သလောက် အမှားပြုလုပ်ပါ၊ ဘာကြောင့်လဲဆိုတော့ အမှားပြုလုပ်တာဟာ သားတို့သမီးတို့အတွက် သင်ခန်းစာပိုရဖို့ နည်းလမ်းဖြစ်တယ်၊ ဒါပေမဲ့ တစ်ခုတည်းသော အမှားကိုတော့ ထပ်ကာထပ်ကာ မပြုလုပ်ကြနဲ့၊ အဲဒီလိုလုပ်တဲ့အတွက် သားတို့သမီးတို့ဟာ ငတုံးအေတွေ ဖြစ်လာနိုင်တယ်’’

ယခုကဲ့သို့ ပြောသောစကားသည် ကျွန်ုပ်ထံမှ ခပ်ပေါ့ပေါ့ကြားရသော အဖြေစကားဟု မမှတ်ပါနှင့်။ သင်တို့ကိုယ်တိုင် မိမိတို့၏ ကလေးသူငယ်များနှင့်နေထိုင်ပြီး ကလေးသူငယ်များကို အသေးအဖွဲကိစ္စများ၌ တတ်နိုင်သမျှ လွတ်လပ်မှုပေးပြီး စမ်းသပ်ကြည့်သင့်ကြသည်။

☺ ပြုံးပန်းတစ်ရာဓာပေ

မှုတစ်ခု ချထားသင့်သည်။ ကလေးသူငယ်များအား သူတို့၏ကိုယ်ခန္ဓာက ပြောသောစကားကို နားထောင်ရန်အတွက် အကူအညီပေးသင့်သည်။ သူတို့၏လိုအပ်ချက် များပြောသောစကားကို နားထောင်ရန် အကူအညီပေးသင့်သည်။ မိဘများအတွက် အခြေခံကျသောအလုပ်မှာ မိမိတို့၏ကလေးသူငယ်များအား မြောင်းထဲကျမသွားအောင် ကြည့်ရှုစောင့်ရှောက်ရန်ဖြစ်သည်။

ကလေးသူငယ်များသည် အလွန်တရာ သဘောပေါက်လွယ်သူများဖြစ်သည်။ အကယ်၍ သူတို့အား လေးလေးစားစား ဆက်ဆံကြမည်ဆိုလျှင် သူတို့ကလည်း နားထောင်ဖို့ အဆင်သင့်ဖြစ်နေကြသည်။ နားလည်အောင်လုပ်ဖို့ အဆင်သင့်ဖြစ်နေကြသည်။ ထိုအခါမျိုး၌ ကလေးသူငယ်များကို သူတို့၏ နားလည်မှုအတိုင်း ထားသင့်သည်။ အစပထမ၌ နှစ်များများ ကြာလိမ့်မည် မဟုတ်ပေ။ မကြာခင်အတောအတွင်း၌ပင် ကလေးသူငယ်များသည် သူတို့၏ ပင်ကိုယ်အသိဉာဏ်အရ နေသားတကျ ဖြစ်သွားလိမ့်မည်။ တစ်လျှောက်လုံး မိဘများ၏စောင့်ရှောက်မှု လိုလိမ့်မည် မဟုတ်ပေ။ မကြာခင်အတောအတွင်း၌ပင် သူတို့ကိုယ်ပိုင် အသိဉာဏ်ဖြင့် လှုပ်ရှားသွားလာမှု ပြုလုပ်နိုင်လာပေလိမ့်မည်။

ကလေးသူငယ်များသည် ငါတို့မ နှစ်ခြိုက်သော လမ်းကြောင်းသို့ သွားနိုင်သည်ဟူ၍ မိဘများအနေနှင့် စိုးရိမ်ကြောင့်

ကြမှုဖြစ်ခြင်းသည် မိတ်ဆွေတို့၏ပြဿနာ ဖြစ်သည်။ မိတ်ဆွေတို့၏ ကလေးသူငယ်များမှာမူ မိတ်ဆွေတို့ နှစ်မြို့စရာဖြစ်လာအောင် သို့မဟုတ် နှစ်မြို့စရာဖြစ်မလာအောင် မွေးဖွားလာကြသူများ မဟုတ်ပေ။ ကလေးသူငယ်များသည် သူတို့ဘဝဖြင့် သူတို့နေကြပေလိမ့်မည်။ သူတို့ဘဝဖြင့် သူတို့ နေကြသည်ကို မိဘများအနေနှင့် ဝမ်းသာအားရ ဖြစ်သင့်ကြသည်။ မိမိ၏ပင်ကိုယ်ဗီဇအတိုင်း နေသွားလျှင် ပထမတန်း အဆင့်မြင့်သူ ဖြစ်လာနိုင်ရမည်ဆိုလျှင်။ မိမိ၏ ပင်ကိုယ်ဗီဇက သွေဖီသွားသည်။ ဒုတိယတန်း အဆင့်လောက်သာ ရှိနေပေလိမ်မည်။

မည်သူမျှ မိမိမျှော်မှန်းထားသည့်အတိုင်း ဖြစ်မလာဘဲ တခြားပုံစံတစ်မျိုး ဖြစ်လာသောအကြောင်းကြောင့် လူ့အဖွဲ့အစည်း တစ်ခုလုံးသည် ဒုတိယတန်းစားလူများနှင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်နေသည်။ ထို့ကြောင့် ဒုတိယတန်းစားလူများ ပြုလုပ်မည့် မည်သည့်အရာမဆို ပထမတန်းစားဖြစ်လာ နိုင်လိမ့်မည် မဟုတ်ပေ။ ထိုပုဂ္ဂိုလ်များအနေနှင့် ပြီးပြည့်စုံပြီဟု ယူဆခြင်း မဖြစ်နိုင်ပေ။ ထိုပုဂ္ဂိုလ်များအနေနှင့် ပီတိသောမနဿဖြစ်ရသည့် အခြေအနေသို့ ရောက်ရှိမလာနိုင်ပေ။

မိဘများ၏အလုပ်သည် အလွန်သိမ်မွေ့သည်။ အလွန်တန်ဖိုးကြီးမားသည်။ အဘယ်ကြောင့်ဆိုသော် ကလေးသူငယ်၏

ဘဝတစ်ခုလုံးသည် မိဘများ၏အလုပ်ပေါ်တွင် အခြေခံနေရသည့်အတွက်ဖြစ်သည်။ ထို့ကြောင့် ကလေးသူငယ်လိုအပ်သောအရာကို မည်သည့်နည်းနှင့်မဆို ရရှိအောင် အကူအညီပေးသင့်သည်။

ဖခင်သို့မဟုတ် မိခင်၏ ပြုလုပ်ဆောင်ရွက်စရာသည် ကြီးကျယ်လှပေသည်။ အကြောင်းမူကား မိဘတို့သည် ဘာတစ်ခုမှ သိရှိနားလည်ထားခြင်းမရှိသေးဘဲ ပင်ကိုယ်ဗီဇကိုသာ ဆောင်ကြဉ်းလာသော ဧည့်သည်သစ်ကို ကမ္ဘာလောကထဲ ဆောင်ကြဉ်းလာသူများဖြစ်သည့်အတွက်ကြောင့် ဖြစ်သည်။ ထို့ကြောင့် ကလေးသူငယ်၏ ပင်ကိုယ်ဗီဇ ကြီးထွားလာခွင့်မရဘူးဆိုလျှင် ကလေးသူငယ်အနေနှင့် နှစ်သိမ့်ရွှင်လန်းခြင်း ရှိလာလိမ့်မည် မဟုတ်ပေ။

မည်သည့်မိဘကမှ သူတို့ကလေး သူငယ်၏ စိတ်ရွှင်လန်းချမ်းမြေ့ခြင်းမရှိဘဲ နေသည်ကို လိုလားလိမ့်မည်မဟုတ်ပေ။ မိမိတို့၏ ကလေးသူငယ် ရွှင်ရွှင်လန်းလန်း၊ ချမ်းချမ်းမြေ့မြေ့ နေသည်ကိုသာ လိုလားကြပေလိမ့်မည်။ မိဘတို့၏ ယင်းအယူအဆသည် မှန်ကန်မှုမရှိပေ။ အကယ်၍ ဆရာဝန်ဖြစ်လာသည်ဆိုလျှင်၊ ပါမောက္ခဖြစ်လာသည်ဆိုလျှင်၊ အင်ဂျင်နီယာဖြစ်လာသည်ဆိုလျှင်၊ သိပ္ပံပညာရှင်ဖြစ်လာသည်ဆိုလျှင် မိမိတို့၏သားသမီးများ ဝမ်းမြောက်ဝမ်းသာရှိလာလိမ့်မည်ဟူ၍ မိဘများက ထင်မှတ်ကြသည်။ ကိုယ်ဖြစ်ဖို့ လိုလားသည့်အတိုင်း ဖြစ်လာမှသာ သားသမီးများ ရွှင်

www.burmeseclassic.com



လန်းနှစ်သိမ့်မှု ဖြစ်လာနိုင်သည်ဆိုသည့်အချက်ကို မိဘများ မသိကြပေ။ သားသမီးများသည် သူတို့၏ အတွင်းသန္တာန်၌ပါရှိလာသော မျိုးစေ့ဗီဇအတိုင်းသာ ဖြစ်လာနိုင်သည်။

ထို့ကြောင့် သားသမီးများအား ဖြစ် နိုင်သည့် နည်းလမ်းဖြင့် လွတ်လပ်မှုရရှိရေးအတွက်၊ အခွင့်အရေးရှိရေးအတွက် အကူအညီပေးရမည်။ ယေဘူယျအားဖြင့် သားသမီးတစ်ယောက်က သူတို့၏မိခင်ကို တစ်စုံတစ်ခုတောင်းသည်ဆိုလျှင် သားသမီး ပြောပြသောစကားကို နားထောင်ခြင်းအလျဉ်းမရှိဘဲ မိမိသားသမီးက မည်သည့်အရာ တောင်းသည်ဆိုသည်ကို သတိမပြုဘဲ ‘နိုး’ သို့မဟုတ် ‘ဟင့်အင်း’ဆိုသည့် စကားတစ်ခွန်းကိုသာ ပြောလိမ့်မည်။ ‘ဟင့်အင်း’ဆိုသည့် စကားလုံးသည် အပေါ်စီးကနေပြီး နိုင့်ထက်စီးနင်း ပြောသောစကားလုံးဖြစ်သည်။ ‘ရက်(စ်)’ သို့မဟုတ် ‘အင်း’ ဟူသော စကားလုံးမှာမူ အပေါ်စီးက နိုင့်ထက်စီးနင်းပြောသော စကားများနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ထို့ကြောင့် ဖခင်ဖြစ်စေ၊ မိခင်ဖြစ်စေ အာဏာပိုင်နေသော တစ်စုံတစ်ယောက်ကဖြစ်စေ ‘ရက်(စ်)’ သို့မဟုတ် ‘အင်း’ ဟု ပြောလိုကြလိမ့်မည် မဟုတ်ပေ။

www.burmeseclassic.com

# အခန်း(၁၇)

ကလေးသူငယ်သည် အိမ်အပြင်ဘက်တွင် ကစားလိုသည့်စိတ်ပေါ်လာသည်။ 'နိုး' 'ဟင့်အင်း'။ ကလေးငယ်သည် မိုးရွာနေစဉ် အပြင်ဘက်ထွက်ပြီး မိုးရွာကြီးထဲ က,လိုသည်။ ဆော့လိုသည်။ 'နိုး''ဟင့်အင်း'။ မိုးရွာထဲမထွက်ရဘူး။ အအေးမိလိမ့်မယ်။ နှာစေးချောင်းဆိုးအဖျားသည် ကင်ဆာရောဂါ မဟုတ်ပေ။ သို့ရာတွင် 'မိုးရွာကြီးထဲမှာ ထွက်မကစားနှင့်၊ ထွက်မဆော့နှင့်'ဟု တားမြစ်ပိတ်ပင်ခြင်းခံရသော ကလေးသူငယ်သည် နောက်တစ်ကြိမ်မကစားနိုင်တော့ဘဲ၊ မကနိုင်တော့ဘဲ၊ မဆော့နိုင်တော့ဘဲ ကြီးမားသောအရာဝတ္ထုတစ်ခုကို၊ တကယ်လှသော အရာဝတ္ထု

တစ်ခုကို လက်လွှတ်လိုက်ရပေလိမ့်မည်။

အအေးမိခြင်းသည် အစမ်းသပ်ခံအချက်တစ်ခု ဖြစ်လိမ့်မည်။ ကလေးသူငယ်အနေနှင့် အအေးမမိဘဲ နေမည်မဟုတ်ဟူ၍ ပုံသေကားချတွက်ထား၍ ရမည်မဟုတ်ပေ။ အမှန်က ကလေးသူငယ်ကို တားမြစ်ပိတ်ပင်လေလေ ကလေးသူငယ်သည် အထိမခံ ရွှေပန်းကန်ဖြစ်လေလေ ဖြစ်လိမ့်မည်။ ကလေးသူငယ်အား ခွင့်ပြုမှုပေးလေလေ။ ကလေးသူငယ်သည် ထူပေဒါပေခံနိုင်သည့်အဆင့်ရောက်သွားလေလေ ဖြစ်လိမ့်မည်။

မိဘများသည် 'ရက်စ်' သို့မဟုတ် 'အင်း' ဟူ၍ပြောတတ်ဖို့ သင်ကြားဆည်းပူးထားသင့်သည်။ မိဘများသည် လုပ်နေကျအတိုင်း (၉၉)'နိုး' သို့မဟုတ်'ဟင့်အင်း'ဟု ပြောကြသည်။ ယင်းသို့ပြောခြင်းသည် အာဏာပြရုံအတွက် သက်သက်မှတပါး အခြားအကြောင်းတစ်စုံတစ်ခုအတွက် မဟုတ်ပေ။ လူတိုင်းလူတိုင်းသည် သမ္မတဖြစ်မလာနိုင်ပေ။ သိန်းသန်းများစွာသော ပြည်သူများပေါ်တွင် အာဏာရှိသူ ဖြစ်မလာနိုင်ပေ။ သို့ရာတွင် လူတိုင်းလူတိုင်းသည် လင်ယောကျ်ားတစ်ယောက် ဖြစ်လာနိုင်သည်။ မိမိ၏ ဇနီးမယားအပေါ်တွင် အခွင့်အာဏာ ရှိလာနိုင်သည်။ မိန်းမတစ်ယောက်သည်လည်း ဇနီးမယားတစ်ယောက် ဖြစ်လာနိုင်သည်။ မိမိတို့၏သားသမီးများအပေါ်တွင် အခွင့်အာဏာရှိလာနိုင်သည်။

ကလေးသူငယ်တိုင်းသည် ကစားစရာ ဝက်ဝံရုပ်ရရှိနိုင်သည်။ ကစားစရာ ဝက်ဝံရုပ်ပေါ်တွင် အာဃာတပြုနိုင်သည်။ ကစားစရာ ဝက်ဝံရုပ်ကို တစ်နေရာကနေပြီး အခြားတစ်နေရာသို့ ကန်ထုတ်ပစ်လို့ရသည်။ ကစားစရာ ဝက်ဝံရုပ်ကို ပယ်ပယ်နယ်နယ် ပါးရိုက်၍ရသည်။ သနားစရာ ဝက်ဝံရုပ်ခမျာ၏အောက်၌မူ မည်သူမျှ မရှိပေ။ ယင်းစနစ်သည် အာဃာတပြချင်နေသော လူ့အဖွဲ့အစည်း၏ စနစ်တစ်ခု ဖြစ်သည်။

ကျွန်ုပ် ယခုပြောပြနေသည်မှာ လွတ်လပ်မှုရှိသော'ရက်စ်' သို့မဟုတ် 'အင်း'ဟူသောစကားလုံးကို ကြားနေရပြီး 'နိုး' သို့မဟုတ် 'ဟင့်အင်း'ဟူသောစကားလုံးကို ကြားရခဲ့သော ကလေးသူငယ်များကို ဖန်တီးရန်ဖြစ်ပြီး အာဃာတပြချင်သော လူ့အဖွဲ့အစည်း ကွယ်ပျောက်သွားအောင် ပြောပြနေခြင်းဖြစ်သည်.။ ။

www.burmeseclassic.com

# အခန်း(၁၈)

ပညာရေး၏လျှို့ဝှက်ချက်ကို နားလည်ဖို့ရန်အတွက် အတန်ငယ် ခက်ခဲမှု ရှိချင်ရှိနေလိမ့်မည်။ ပညာရေး၏ လျှို့ဝှက်ချက်နှင့်ပတ်သက်ပြီး ကျွန်ုပ်ထင်မှတ်ထားသည်ကို ပြောပြပါမည်။ ကလေးသူငယ်တို့သည် အသက်အရွယ် ငယ်ကြသေးသူတွေဖြစ်၍ ပညာရေး၏ လျှို့ဝှက်ချက်နှင့်ပတ်သက်ပြီး သိချင်မှသိကြဦးမည်။ သို့သော်လည်း ကလေးငယ်တို့ကို အကြောင်းပြုလျက် တခြားလူများကမူ သိချင်သိနေကြလိမ့်မည်။ တစ်နေ့သောအခါ၌ ကလေးသူငယ်များလည်း အရွယ်ရောက်လာကြပြီးလျှင် ပညာရေး၏ လျှို့ဝှက်ချက်နှင့်ပတ်သက်ပြီး သိရှိနားလည်သော အခြေအနေသို့ ရောက်

ရှိလာလိမ့်မည်။

အလွန်တရာ ရှုပ်ထွေးသောပြဿနာဖြစ်သည်။ ယင်းပြဿနာနှင့် ပတ်သက်သောအကြောင်းအရာများကို နားမလည်ဘဲနှင့် ကျွန်ုပ်ကို မေးခွန်းထုတ်ကြသည်။ လူ၏ အနာဂတ်အတွက် အခြေခံအကျဆုံး ပြဿနာဖြစ်သည်။ ကျွန်ုပ်အစကစပြီး ပြောပြလိုသည်။

ယခုအချိန်အထိ ကံသေကံမ မဟုတ်ဘဲ ကျရာအခြေအနေအရ နေကြရသည်။ မိမိတို့၏ ပင်ကိုယ်ဗီဇသည် မည်သည့်အရာ ဖြစ်သည်ဆိုသည်ကိုလည်းကောင်း၊ သဘာဝအရ မိမိတို့ဘယ်ပုံဘယ်နည်းမျိုး ဖြစ်လာလိမ့်မည်ဆိုသည်ကိုလည်းကောင်း မည်သူမျှ မသိကြပေ။ ထို့ကြောင့် ပညာရေး၏ လျှို့ဝှက်ချက်နှင့်ပတ်သက်သော ပြဿနာကိုလည်း မိမိတို့၏ပင်ကိုယ်ဗီဇ မည်သည့်အရာဆိုသည်ကို မသိဘဲနှင့် သတ်မှတ် ဆုံးဖြတ်၍ရလိမ့်မည်မဟုတ်ပေ။ မိမိသည် ဂီတဆရာဖြစ်လာဖို့ မွေးဖွားလာသလား၊ ကဗျာဆရာဖြစ်ဖို့မွေးဖွားလာသလား၊ ဆရာဝန်ဖြစ်ဖို့ မွေးဖွားလာသလား၊ မိမိတို့၏ အလားအလာများနှင့်ပတ်သက်ပြီး မသိဘဲနှင့် အမိုက်မှောင်ထဲတွင် စမ်းတဝါးဝါးနှင့် ထူးခြားဆန်းကျယ်သောအကြောင်းများအတွက် အများပြည်သူတို့၏ ကံကြမ္မာကို သတ်မှတ်ဆုံး ဖြတ်လုပ်နေကြသည်။

ပညာရေးဆိုသော အမြစ်အရင်း၌ ပုံစံသတ်မှတ်ခြင်း

အနက်အဓိပ္ပာယ် ရှိနေသည်။ ပညာရေး၏ အရင်းအမြစ်အဓိပ္ပာယ်၌ လျှို့ဝှက်ချက်ရှိနေသည်။ မိမိ၏ အတွင်းသန္တာန်တွင် မည်ကဲ့သို့သော ပင်ကိုယ်ဗီဇ ရှိနေရှိနေ ပုံစံချမှတ်ရလိမ့်မည်။ အပြည့်အဝ အခွင့်အလမ်း ပေးရလိမ့်မည်။ ယင်းသို့ ပြုလုပ်မှသာ မိမိတို့၏ ပင်ကိုယ်ဗီဇသည် ပွင့်လန်းလာလိမ့်မည်။ သို့ရာတွင် မိမိတို့၏ အတွင်းသန္တာန်၌ မည်သည့်အရာ ကိန်းအောင်းနေသည်ဆိုသည်ကိုလည်းကောင်း မိမိအနေနှင့် မည်ကဲ့သို့သော ရေခံမြေခံ လိုအပ်သည်ဆိုသည်ကိုလည်းကောင်း၊ စိုက်ပျိုးရန်အတွက် မည်ကဲ့သို့သော ဥယျာဉ်မှူး၊ မည်ကဲ့သို့သော ရာသီ၊ မည်သို့သော ရာသီဥတု၊ မည်သို့သော အချိန်ကာလ လိုအပ်သည်ဆိုသည်ကိုလည်းကောင်း မည်သူမျှ မသိကြပေ။

မိဘဖြစ်သူများသည် မိမိတို့၏ ရည်မှန်းချက်အရသာ မိမိတို့၏ ကလေးသူငယ်များနှင့်ပတ်သက်ပြီး သတ်မှတ်ဆုံးဖြတ်ကြသည်။

ထို့ကြောင့် ကမ္ဘာလောက၌ အကြီးအကျယ် အကျပ်အတည်း တွေ့နေကြရခြင်း ဖြစ်သည်။ ထင်ရှားကျော်ကြားသော ဂီတ ပညာရှင်တစ်ယောက်ဖြစ်ဖို့ ဗီဇပါလာသူကလည်း စက်မှုလုပ်ငန်းရှင်တစ်ယောက် ဖြစ်လာသည်။ မော်ဆရာဖြစ်ရမည့်သူကလည်း ဂဏန်းသင်္ချာကျွမ်းကျင်သောပညာရှင် ဖြစ်လာသည်။

လူတိုင်းလူတိုင်းလိုလိုပင် နေရာမှန်မရောက်ဘဲ နေရာမှားတွင် ရောက်ရှိနေကြသည်။ နေရာမှား ရောက်ရှိနေခြင်းသည် အလွန်တရာ အခံရခက်သောအရာ ဖြစ်သည်။ မိမိ အဘယ်ကြောင့် ဒုက္ခခံနေရ သနည်းဆိုသည်ကို မိမိကိုယ်တိုင် သိလိမ့်မည်မဟုတ်ပေ။ အဘယ် ကြောင့်ဆိုသော် မိမိ၏ပစ်မှတ် ပျောက်ဆုံးသွားသည်ဆိုသည့် အကြောင်း မိမိကိုယ်တိုင် မသိသည့်အတွက်ကြောင့်ဖြစ်သည်။ မိမိ မည်ကဲ့သို့ ဖြစ်လာသင့် ဖြစ်လာထိုက်သည်ဆိုသော အကြံဉာဏ်နှင့် ပတ်သက်ပြီး အခြားလူတစ်ယောက်ယောက် နမူနာနောက်လိုက် နေကြရသည်။

ထို့ကြောင့် ကျွန်ုပ်၏အလိုအရ ပြောရမည်ဆိုလျှင် ပထမဦးဆုံးအချက်မှာ မျိုးရိုးဗီဇရှိလာခဲ့သော အတတ်ပညာနှင့် အစပြုခြင်းဖြစ်သည်။ ယင်းအချက်၌ ပညာရေးအားလုံး၏ လျှို့ဝှက်ချက် ကိန်းအောင်းနေသည်။ ယခုအချိန်အထိ ကျွန်ုပ်တို့ ပညာရေး အမည်တပ်ခေါ်လာခဲ့သော ပညာရေးသည် ပညာရေး စစ်စစ်မှ ဟုတ်ရဲ့လားဟု စဉ်းစားဖြစ်လာသည်ဟု ဆိုနိုင်သည်။

မျိုးရိုးဗီဇရှိလာခဲ့သော အတတ်ပညာ၌ လျှို့ဝှက်ချက် ရှိနေသည်။ ယခုအခါ၌ လူတိုင်းလူတိုင်း၏ အစီအစဉ်ကို သိပ္ပံနည်း အရ ရှာဖွေကြည့်ရှုရသည်။ မွေးမလာခင်ကပင် လူတစ်ယောက်၏ အစီအစဉ်နှင့် ပတ်သက်ပြီး သိပ္ပံနည်းအရ ရှာကြည့်ရှုရသည်။

ယောကျ်ားသုတ်သွေးသည် လူတစ်ယောက်၏ဘဝအတွက် အစီအစဉ်များစွာကို ဆောင်ကြဉ်းသွားသည်။

မည်ကဲ့သို့သောလူ ဖြစ်လာမည်ဆိုသည်ကိုလည်းကောင်း၊ ယောကျ်ားဖြစ်လာ မည်လား၊ မိန်းမဖြစ်လာမည်လား၊ သန်မာထွားကြိုင်းသူဖြစ်လာမည်လား၊ လူပိန်လူဗလံ ဖြစ်လာမည်လား၊ ကျန်းမာသူဖြစ်လာမည်လား၊ ရောဂါသည်ဖြစ်လာမည်လား၊ ရောဂါဝေဒနာကို ကြံ့ကြံ့ခံနိုင်သူ ဖြစ်လာမည်လား၊ အသက်ဘယ်လောက်နေရမည်လဲ၊ ဘယ်လောက်ရှည်ရှည် နေရမည်လဲ၊ ဘယ်လိုပင် ကိုယ်ဗီဇများ ကိန်းအောင်းနေသလဲ၊ သင်္ချာပညာရှင် ဖြစ်လာမလား၊ နာမည်ကျော် ပန်းချီဆရာ၊ သို့မဟုတ် နာမည်ကျော် ကဗျာဆရာ သို့မဟုတ် နာမည်ကျော် လုပ်ငန်းရှင်တစ်ယောက်ဖြစ်လာမလား။ မမွေးခင်ကပင် ကြိုတင်လျက် လူတိုင်းလူတိုင်း၏အစီအစဉ်နှင့်ပတ်သက်ပြီး ရှာကြည့်၍ ရနိုင်သည့် အခြေအနေမျိုးရှိနေသည်။ လူတစ်ယောက်၏ဘဝနှင့်ပတ်သက်သောသတ္တဗေဒဆိုင်ရာ အစကနဦး၌ ထိုလူ၏ကံကြမ္မာသည် ရေးသားမှတ်တမ်းတင်ထားသည်။ ဇာတာခွင်၌လည်းကောင်း၊ ဂြိုဟ်နက္ခတ်များ၌လည်းကောင်း၊ လက္ခဏာများ၌လည်းကောင်း ရေးသားမှတ်တမ်းတင်ထားခြင်းမရှိပေ။

ယခုအခါ၌ ကမ္ဘာလောကသစ်အတွက် သိပ္ပံပညာတံခါး

များ ပွင့်နေသည်။ လူ၏ သုတ်သွေးတိုင်းကို ဖွင့်ထားသော စာအုပ်ကဲ့သို့ ဖတ်၍ရသလောက်ဖြစ်နေသည်။ မိမိကလေးသူငယ်၏ဘဝကို မိမိသတ်မှတ်ဆုံး ဖြတ်၍ရသည်။ မိမိ၏ကလေးသူငယ် မမွေးဖွားခင် မိမိ၏ကလေးသူငယ်အား မည်ကဲ့သို့ ပုံသွင်းလိုသည်ကို မိမိအနေနှင့် ရွေးချယ်၍ ရသည်။ ကျွန်ုပ်အလိုအရ ပြောရမည်ဆိုလျှင် ပညာရေးအစစ်အမှန်သည် ထိုအချိန်ကပင် အစပြုသည်။

ချစ်ခြင်းအလုပ် ပြုလုပ်သည့်အခါတိုင်း လူသည် ယုတ်စွအဆုံး သုတ်သွေး သန်းဂဏန်းအထိ ထုတ်ကြသည်။ သို့သော်လည်း တစ်ခုတည်းသော သုတ်သွေးသာလျှင် မိန်းမ၏ဥသို့ ရောက်ရှိသွားနိုင်သည်။ ယင်းမှာ ခရီးရှည်အပြေးပြိုင်ပွဲဖြစ်သည်။ အကြီးအသေး ပမာဏအရ ပကတိမျက်စိဖြင့် မမြင်ရသော သေးငယ်သည့်အနေနှင့် မိခင်၏ဥဆီသို့ ရောက်အောင်သွားရသော ခြေလှမ်းသည် နှစ်မိုင်လောက်ရှည်လျားပြီး လူ့သက်တမ်း၏ အချိန်ကာလ နှစ်နာရီမျှလောက်ကြာသည်။ ထို့ကြောင့် အကယ်၍နှစ်နာရီအတောအတွင်း ရောက်မသွားလျှင် ပျောက်ကွယ်သေဆုံးသွားနိုင်သည်။ လူ့ဘဝ၌ ယင်းကဲ့သို့သော ပြိုင်ပွဲမျိုးကို နောက်ထပ်တစ်ကြိမ်မျှ ရင်ဆိုင်ရလိမ့်မည် မဟုတ်တော့ပေ။

လူ၏ဘဝတစ်ခုလုံးသည် ပြိုင်ပွဲဖြစ်သည်။ သို့ရာတွင် အစပထမသည် အဆိုးဆုံး ပြိုင်ပွဲဖြစ်သည်။ လူတစ်သန်းလောက်

မိန်းမ၏ ဥရှိရာသို့ ပြေးသွားနေကြပြီး ယင်းတို့အထဲက တစ်ယောက်သောသူသာလျှင် အပြေးပြိုင်ပွဲ၌ အနိုင်ရဖို့ ပြေးသွားနေခြင်းဖြစ်သည်။ ကျန်လူများမှာမူ ပျက်စီးသေဆုံးဖို့ရန်အတွက် ပြေးသွားနေကြခြင်း ဖြစ်သည်။ ယင်းပြေးပွဲသည် မျက်ကန်းကစားပွဲတစ်မျိုး ဖြစ်သည်။ ငတုံးငအ များသာလျှင် ရှေးဦးစွာရောက်ရှိသွားမည့် အလားအလာရှိသည်။ ထို့ကြောင့် ကမ္ဘာလောကသည် ငတုံးငအများ အပြည့် ရှိနေခြင်း ဖြစ်သည်။ ငတုံးငအများသည် မည်သူ့ကိုမျှ ဂရုပြုကြလိမ့်မည် မဟုတ်ပေ။ မည်သူ့အကြောင်းကိုမှ ထည့်သွင်းစဉ်းစားလိမ့်မည် မဟုတ်ပေ။ အားကိုသုံးပြီး မျက်ကန်းပြေးသွားရုံ ပြေးသွားကြလိမ့်မည်။ လိမ္မာသူများကမူ ဘေးတွင်ရပ်လျက် မည်သည့်အရာဖြစ်နေသနည်းဟူ၍ ကြည့်နေကြပေလိမ့်မည်။ အမှန်တကယ် တတ်သိလိမ္မာသူများသည် ပြိုင်ပွဲ၌ ပါဝင်ဆင်နွှဲချင်မှ ဆင်နွှဲကြလိမ့်မည်။ ယင်းသို့ ဖြစ်ခြင်းမှာ မလိုလားအပ်သော အရာဖြစ်သည်။

www.burmeseclassic.com

# အခန်း(၁၉)

ယင်းပြဿနာများကို ဖြေရှင်း၍ ရနိုင်သည်။ သို့ရာတွင် ဘာသာရေး အစွဲအလမ်းများသည် ကမ္ဘာပေါ်တွင် တိုးတက်မှု ဟူသမျှနှင့် အတွေးအခေါ်သစ်ဟူသမျှအတွက် ကြီးမားသော အဟန့်အတားဖြစ်နေသည်။

ကျွန်ုပ်သည် ဘာသာရေးအစွဲအလမ်းအားလုံး၏ ဆန့်ကျင်မှုကို ခံခဲ့ရပေလိမ့်မည်။ မိမိဘဝတစ်လျှောက်လုံး ဆန့်ကျင်ဘက်ပြုမှုကို ခံခဲ့ရသည်။ သို့သော်လည်း အရေးမကြီးပါ။ မိမိ၏ အယူအဆတစ်ခုကို ကျွန်ုပ်တင်ပြလိုသည်။ ကလေးသူငယ် ရယူလိုသော ယောက်ျားတိုင်းသည် မိမိတို့၏ သုတ်သွေးကို ဆေး

ရုံ၌ ပေးလှူလျက် ယင်းသုတ်သွေးများအတွက် အလားအလာ မည်ကဲ့သို့ရှိသည်ကို ဆေးသိပ္ပံအဖွဲ့၏ စစ်ဆေးမှုကိုခံယူသင့်သည်။

ယင်းသုတ်သွေး သန်းဂဏန်းထဲတွင် အဲလ်ဘတ်အိုင်စတင်း၊ ဘာထရန်ရပ်ဆဲလ်၊ မာတင်ဟိုက်ဒက်ကို ယေဟူဒီမီနုဟင်ကဲ့သို့သော ဂီတပညာရှင်ကြီးများ၊ နီဂျင်စကိုင်းကဲ့သို့သော အကပညာရှင်ကြီးများ၊ ဖရက်ဒရစ်နစ်ရှေးကဲ့သို့သော ဒဿနပညာရှင်ကြီးများ၊ သီအိုဒိုဒ့ေါတိုယက်ဘာစကီးကဲ့သို့သော ဝတ္ထုရေးဆရာကြီးများ ဖြစ်ပေါ်လာနိုင်သည်။ ယင်းတို့ကို သီးသန့်ထုတ်လျက် မိဘများအနေနှင့် မိမိတို့ဆန္ဒရှိသည့်အတိုင်း ရွေးချယ်မှုပြုနိုင်ကြသည်။ မိမိတို့အနေနှင့် စိန်တုံးကြီးများကို ရွေးချယ်မှုပြုနိုင်သည်အခါ စိန်အရေအတွက် ဘယ်မှာလိုတော့မည်နည်း။ မိမိတို့အနေနှင့် ရွေးချယ်သူဖြစ်လာနိုင်သည့်အခါ မတော်တဆ မိမိတို့လက်ဝယ်ရောက်လာမှုမျိုး ဘယ်မှာရှိတော့မည်နည်း။

မိမိတို့ ဆန္ဒရှိသည်ဆိုလျှင် ဥစ္စာဓနေ အကြီးအကျယ်ကြွယ်ဝချမ်းသာအောင် ပြုလုပ်မည့် ဟင်နရီဖို့ဒ်တစ်ယောက်ကို ရွေးချယ်နိုင်သည်။ ငွေကြေးဓနသည် အနုပညာတစ်ရပ်ဖြစ်သည်။ အခြားပစ္စည်းဝတ္ထုတစ်ခုကဲ့သို့ပင် ငွေကြေးဓနလည်း သူကိုယ်ပိုင်အစွမ်းအစ ရှိသည်။ လူတိုင်း၊ လူတိုင်း ဟင်နရီဖို့ဒ် ဖြစ်မလာနိုင်

ပေ။

ယင်းအချက်သည် မျိုးရိုးဗီဇ၏ အစဖြစ်သည်။ နောက်ဆုံးတွင် နေ့စဉ်နေ့တိုင်း ကြီးထွားသန်စွမ်းမှုဖြစ်စေသော အလုပ်ရှိလာပေလိမ့်မည်။ ရွေးချယ်ထားသော သုတ်သွေးသည် လုပ်ငန်းအစီအစဉ် ရှိခဲ့မည်ဖြစ်သော်လည်း ယင်းလုပ်ငန်းအစီအစဉ်ကို အနည်းအကျဉ်းပြောင်းယူ၍ရသည်။ အဲလ်ဘတ်အိုင်စတိုင်း၏ စိတ်မျိုးရှိမည်ဖြစ်သော်လည်း ကိုယ်ကာယနှင့် ကျန်းမာမှုက ချို့တဲ့ချင်ချို့တဲ့နေလိမ့်မည်။ ယင်းအခြေအနေမျိုး၌ လုပ်ငန်းအစီအစဉ် ထပ်ဖြည့်၍လည်း ရသည်။ သက်တမ်း(၅၀)နေရသူ ဖြစ်ချင်ဖြစ်လိမ့်မည်။ သို့ရာတွင် လုပ်ငန်းအစီအစဉ်ကို ပြောင်းလဲပစ်၍ရသည်။ မိမိဆန္ဒရှိသလောက် အသက်ရှည်ရှည်နေ၍ရသည်။ ကျန်းမာနေပြီး ရောဂါဝေဒနာဖြစ်မလာအောင် ခုခံအားကောင်းလျှင် ကောင်းသလောက် သက်တမ်းအများဆုံး(၃၀၀) လောက်အထိ နေရအောင် လုပ်၍ရသည်။ ယင်းအရာအားလုံးကို လုပ်ငန်းအစီအစဉ်၌ ထပ်ဖြည့်၍ရသည်။

ကလေးသူငယ်၏ ခရီးအစပြုတော့မည်။ မိဘနှစ်ပါး၏ ကြောင့်ကြစိုက်မှုအပြည့်ဖြင့် ကလေးသူငယ်အား မိမိဖြစ်လိုသည့် နေရာသို့ရောက်အောင် သွားနိုင်စေခြင်းငှာလည်းကောင်း၊ မည်သည့်ကျောင်းသို့ ကလေးသူငယ်ကို ပို့မည်ဆိုသည်ကိုလည်းကောင်း၊

www.burmeseclassic.com



မျိုးရိုးဗီဇ ထုံးတမ်းစဉ်လာအရ မည်သည့်ပညာရေးမျိုးကို ပေးမည်ဆိုသည်ကိုလည်းကောင်း၊ မိဘ၏ ယင်းကဲ့သို့သော ကြောင့်ကျစိုက်မှုအပြည့်ဖြင့် ကလေးသူငယ်၏ခရီးကို စတင်ခြေလှမ်းလှမ်းသည်။

ထိုအခါ၌ ကမ္ဘာလောကသည် ပညာရှင်များ၊ စွမ်းပကားရှိသူများ၊ ကျန်းမာရေးနှင့် ပြည့်စုံသူများ အပြည့်ရှိနေသည့် ကမ္ဘာလောကဖြစ်လာလိမ့်မည်။ ဇရာကို အပြည့်အဝ ရှောင်ကွင်းနိုင်ဖို့ရန်အတွက် အလားအလာလည်း ရှိလာလိမ့်မည်။ လူတစ်ယောက်အနေနှင့် ကွယ်လွန်သည့်အချိန်အထိ ငယ်ငယ်ရွယ်ရွယ် အချိန်ကကဲ့သို့ပင် ကျန်းမာသန်စွမ်းစွာနေနိုင်သော အခြေအနေမျိုး ရောက်ရှိလာလိမ့်မည်။

ယင်းအခြေအနေများသည် ယုံတမ်းစကား မဟုတ်ပေ။ ဝတ္ထုထဲက အကြောင်းအရာများ မဟုတ်ပေ။ သိပ္ပံနည်းကျ တွေ့ရသော၊ လက်တွေ့သိရသော အကြောင်းအရာများ ဖြစ်လာလိမ့်မည်။ သို့ရာတွင် ဘာသာရေးအစွဲအလမ်းများသည် ယင်းသိပ္ပံနည်းကျ အဖြစ်အပျက်များကို လူတွေ မသိနားမလည်အောင် ပိတ်ပင်တားမြစ်ထားသည်။ ဘာသာရေး အစွဲအလမ်းများသည် ဆန်းသစ်သော အရာဝတ္ထုများကို ထိတ်လန့်ကြောက်ရွံ့ကြသည်။ သူတို့၏ ထိတ်လန့်ကြောက်ရွံ့ခြင်းမှာ လူ့ကျင့်ဝတ် ပျက်စီးပျောက်

ကွယ်သွားမည်လားဟူ၍ စိုးရိမ်ကြောင့်ကြခြင်း ဖြစ်သည်။ ပျက်စီး ပျောက်ကွယ်သွားလျှင် သွားပါစေ၊ ကမ္ဘာလောက၌ မည်ကဲ့သို့သော လူ့ကျင့်ဝတ်များ တည်ရှိနေသနည်း။ ကြောင်သူတော်များ၏ အကျင့်မျိုးမှတစ်ပါး တခြားလူ့ကျင့်ဝတ် ရှိသေးသလော။

မျိုးရိုးဗီဇသည် မွေးလာမည့် ကလေးသူငယ်တစ်ယောက်၏ အကျင့်စာရိတ္တကိုလည်းကောင်း၊ ကျင့်ဝတ်ကိုလည်းကောင်း၊ စည်းကမ်းကိုလည်းကောင်း သတ်မှတ်ဆုံးဖြတ်နိုင်သည်။ ထိုအချိန်မှစ၍ အရာဝတ္ထုအားလုံး ဖြစ်နိုင်ဖို့ အလားအလာရှိလာသည်။ ကလေးသူငယ်သည် ဖိုမဆက်ဆံမှုကြောင့် မွေးဖွားလာခြင်း မဟုတ်ပေ။ ဖိုမဆက်ဆံမှုသည် ကစားသည့်သဘောလောက်မျှသာ ဖြစ်လာပေလိမ့်မည်။ ဖိုမဆက်ဆံခြင်းသည် တာဝန်တစ်ခုခုကိုယူသည့် အပြုအမူမျိုးမဟုတ်ပေ။

သိပ္ပံနည်းကျ အမှန်တရားတစ်ခုကို တွေ့မြင်နေရသည်။ သိပ္ပံပညာရှင်များ ပြောသောစကားကို နားမထောင်ဘဲ ယုံကြည်မှုအစွဲအလမ်းရှိသူများ၏ စကားကို နားထောင်နေကြသည့်အတွက် လူတို့သည် မလိုအပ်သော ခံစားရသော ဆင်းရဲဒုက္ခများကို ခံစားနေကြရသည်။ ယုံကြည်မှုအစွဲအလမ်းရှိသူများသည် လူတို့၏ဘဝနှင့်ပတ်သက်လာလျှင် အပြည့်အဝ စွက်ဖက်မှု ပြုလုပ်နေကြသည်။

ထို့ကြောင့် ပညာရေးနှင့်ပတ်သက်သော ကျွန်ုပ်၏ ပထမဦးဆုံးတင်ပြချက်မှာ ဤသို့ဖြစ်သည်။ ကလေးသူငယ်များ မျိုးရိုးဗီဇအရ မွေးဖွားလာခြင်းမဟုတ်လျှင်၊ မိမိတို့ ယခုအထိ လိုက်နာကျင့်သုံးနေကြသော လျှော့ကြီးထိုး ရိုးရိုးနည်းကို စွန့်ပယ်ခြင်း မပြုလုပ်ကြလျှင် ပညာရေးသည် မည်သည့်အခါမှ မှန်ကန်တိကျသော ပညာရေး ဖြစ်လာနိုင်လိမ့်မည် မဟုတ်ပေ။ ယင်းအချက်မှာ အလွန်အနက်အဓိပ္ပာယ်ပြည့်ဝသော လျှို့ဝှက်ချက်များထဲက တစ်ခုဖြစ်သည်။ သိပ္ပံနည်းကျ နည်းလမ်းများကို လိုက်နာခြင်း မပြုကြလျှင် ကျွန်ုပ်တို့သည် လူ့ဘဝတိုးတက်မြင့်မားရေးအတွက် လုပ်နိုင်စွမ်းရှိကြလိမ့်မည် မဟုတ်ပေ။

✋ ✋ ✋

# အခန်း(၂၀)

အကယ်၍ အရာဝတ္ထုတစ်ခုခုကို မြင်နိုင်သည့် စွမ်းအားရှိမည်ဆိုလျှင် ယင်းအရာဝတ္ထုကို မှတ်မိနေအောင် ပြုလုပ်နေစရာမလိုပေ။ သို့ရာတွင် အရာဝတ္ထုတစ်ခုခုကို နားနှင့်ကြားအောင် ပြုလုပ်မည်ဆိုလျှင် ယင်းအရာဝတ္ထုကို အမှတ်သညာထဲစွဲနေအောင် မလုပ်၍မဖြစ်ပေ။ ပညာရေး၏(၉၈)ရာနှုန်းနီးပါးကို ရုပ်မြင်သံကြားကတစ်ဆင့် ပေးနိုင်သည်။ ကျောင်းသားများမေးသောမေးခွန်းကိုလည်း ကွန်ပျူတာဖြင့် ဖြေ၍ရသည်။ ဆရာကမူမှန်သော တပည့်ကျောင်းသားများကို မှန်သောလမ်းကြောင်းကိုပြရန်၊ ကွန်ပျူတာသုံးနည်းပြရန်၊ နောက်ဆုံးထွက်သောစာအုပ်ကို မည်

သို့မည်ပုံရှာရမည်ဆိုသည်ကို ပြောပြရန်အတွက်သာ လမ်းညွှန်ကြားသူ ပြုလုပ်ရလိမ့်မည်။ ဆရာ၏အလုပ်သည် လုံးဝကွဲပြားခြားနားမှု ရှိလာလိမ့်မည်။ ဆရာ၏အလုပ်သည် ပညာဗဟုသုတကို ပေးခြင်းမဟုတ်တော့ဘဲ ခေတ်ပြိုင်ဗဟုသုတနှင့် ပတ်သက်၍လည်းကောင်း၊ နောက်ဆုံးပေါ် ပညာဗဟုသုတနှင့် ပတ်သက်၍လည်းကောင်း တပည့်များကို သတိပြုဖို့အတွက်သာ ပြုလုပ်ရလိမ့်မည်။ ဆရာသည် လမ်းညွှန်းသူတစ်ယောက်သာ ဖြစ်ပေလိမ့်မည်။

ယင်းသို့ စဉ်းစားဆင်ခြင်ပြီးလျှင် ကျွန်ုပ်သည် ပညာရေးကို အချိန်အတိုင်းအတာ(၅)မျိုးဖြင့် ခွဲခြားပြထားသည်။

ပထမအချိန်ကာလ အတိုင်းအတာမှာ အသိဉာဏ်ဗဟုသုတပေးရသော အချိန်ကာလဖြစ်သည်။ သမိုင်းဘာသာရပ်ကဲ့သို့လည်းကောင်း၊ ပထဝီဘာသာ ရပ်ကဲ့သို့လည်းကောင်း၊ အခြားဘာသာရပ် အတော်များများကဲ့သို့လည်းကောင်း၊ ကွန်ပျူတာအပါအဝင် ရုပ်မြင်သံကြားဖြင့် ထိတွေ့ရသော အချိန်ကာလအတိုင်းအတာ ဖြစ်ရမည်။

ဒုတိယအစိတ်အပိုင်းမှာ သိပ္ပံပညာဖြစ်သင့်သည်။ ယင်းအစိတ်အပိုင်းကိုလည်း ရုပ်မြင်သံကြား၊ ကွန်ပျူတာများဖြင့်သာ သင်ကြားပို့ချပေး၍ ရသည်။ သို့ရာတွင် ယင်းသို့ပြုလုပ်ခြင်းသည်

www.burmeseclassic.com



ရှုတ်ထွေးမှု ပိုများလာနိုင်သည်။ ထို့ကြောင့် လူပုဂ္ဂိုလ်၏ညွှန်ကြားချက်သည် အလွန်လိုအပ်သောအရာ ဖြစ်လာပေလိမ့်မည်။

ပထမအချိန်ကာလအတိုင်းအတာ၌ပင် ဘာသာစကားလည်း ပေါ်လာသည်။ ကမ္ဘာပေါ်၌ရှိသော လူတိုင်းလူတိုင်းသည် အဖျင်းဆုံး ဘာသာစကားနှစ်မျိုး တတ်ထားရမည်။ ဘာသာစကားတစ်မျိုးမှာ မိမိ၏ အမိဘာသာစကားဖြစ်ပြီး ဒုတိယအမျိုးအစားမှာ ဆက်ဆံရေးအတွက် နိုင်ငံတကာယာဉ်နှင့် အလားသဏ္ဍာန်တူသော အင်္ဂလိပ်ဘာသာစကားဖြစ်သည်။ ယင်းဘာသာစကားများကိုလည်း ရုပ်မြင်သံကြားဖြင့် တိတိကျကျ သင်ကြားတတ်မြောက်လာအောင် သင်ကြားပို့ချပေး၍ရသည်။ အသံထွက်ကိုဖြစ်စေ၊ သဒ္ဒါကိုဖြစ်စေ မည်သည့်အရာကိုမဆို လူကိုယ်တိုင်ထက်ပိုပြီး ရုပ်မြင်သံကြားက တိကျမှန်ကန်မှုရှိလာအောင် သင်ကြား ပို့ချပေးနိုင်သည်။

ကျွန်ုပ်တို့သည် ကမ္ဘာပေါ်၌ ညီရင်းအစ်ကို ပတ်ဝန်းကျင်ကို ပြုပြင်ဖန်တီးနိုင်သည်။ ဘာသာစကားသည် လူများကို တစ်ဦးနှင့်တစ်ဦး ဆက်သွယ်မှုရအောင်လည်း လုပ်ပေးနိုင်သည်။ ဆက်သွယ်မှုမရအောင်လည်း လုပ်ပေးနိုင်သည်။ ယခုအခါ၌ နိုင်ငံတကာသုံး ဘာသာစကားမရှိသည်မှာ အမှန်ဖြစ်သည်။ အင်္ဂလိပ်ဘာသာစကားသည် အပြန့်ပွားဆုံး ဘာသာစကားဖြစ်သည်။

☺ ပြုံးပန်းတစ်ရာစာပေ

www.burmeseclassic.com



လူတို့သည် မိမိတို့၏အစွဲများကို ဖျောက်ဖျက်ပစ်သင့်ကြသည်။ အမှန်တရားကို ကြည့်ရှုသင့်ကြသည်။ အစွဲများကို ဖျောက်ဖျက်ပစ်ရန်အတွက် ဖြစ်သော ဘာသာစကားကို ဖန်တီးရန် များစွာ အားထုတ်မှု ပြုကြသည်။ စပိန်လူမျိုးက သူတို့၏ဘာသာစကားသည် နိုင်ငံတကာ ဘာသာစကားဖြစ်ရမည်ဟူ၍ ပြောဆိုနေကြသည်။ သူတို့၏ဘာသာစကားသည် အခြားဘာသာစကားတစ်ခုထက်ပိုပြီး လူပေါင်းများစွာ ပြောကြားနေသည့် ဘာသာစကားဖြစ်သည့်အတွက်ကြောင့်ပင်ဖြစ်သည်။ ယင်းအစွဲမျိုးကို ပျောက်ကင်းသွားစေရန်အတွက် အက်စ်ပရင်တိုကဲ့သို့သော ဘာသာစကားများကို ပြုလုပ်ထားကြသည်။

သို့ရာတွင် ပြုလုပ်ထားသော ဘာသာစကားသည် အသုံးချ၍ မရတတ်ပေ။ တိုးတက်ဖွံ့ဖြိုးလာသော အရာဝတ္ထုများသည် အရေအတွက် အနည်းငယ်မျှသာရှိသည်။ ယင်းအရာဝတ္ထုများသည် ပြုလုပ်ဖန်တီး၍ရသော အရာဝတ္ထုများ မဟုတ်ပေ။ ဘာသာစကားတစ်ခုခုသည် နှစ်ပေါင်းထောင်နှင့်ချီ၍ တိုးတက်ကြီးထွားမှုရှိလာသော ဘာသာစကားများသာဖြစ်သည်။ အက်စ်ပရင်တိုသည် မည်မျှအတုအယောင် ဖြစ်နေသနည်းဆိုလျှင် အားထုတ်မှုအားလုံး အရှုံးနှင့် ရင်ဆိုင်သွားရသည် အထိဖြစ်သည်။

သို့သော်လည်း ဘာသာစကားနှစ်မျိုးကို ပြုလုပ်ဖန်တီး

ရန်အတွက်မူ အလွန် လိုအပ်သည်။ ပထမဘာသာစကားမှာ အမိဘာသာစကားဖြစ်သည်။ အကြောင်းမူကား မိမိတို့၏ အမိဘာသာစကားဖြင့် ပြောဆိုရခြင်း၌သာ ခံစားမှုအပြည့်ရှိနေသည်။ ကျွန်ုပ်၏ ပါမောက္ခများထဲက တစ်ဦးဖြစ်သော အက်(စ်)ကေဆက်(စ်) စေနာသည် တိုင်းပြည် ပေါင်းများစွာ၌ ဒဿနိက ဗေဒပါမောက္ခအဖြစ် သင်ကြားပို့ချနေသော ပုဂ္ဂိုလ်ဖြစ်သည်။ ပါမောက္ခ ဆက်(စ်) စေနာက ပြောဘူးသည်။ နိုင်ငံခြားဘာသာစကားဖြင့် မည့်သည့်အရာကိုမဆို လုပ်၍ရသည်။ သို့ရာတွင် ရန်ဖြစ်ရမည့် တိုက်ခိုက်ရမည့် အချိန်ရောက်လာသည် ဖြစ်စေ၊ ချစ်ရမည့်အချိန် ရောက်လာသည်ဖြစ်စေ၊ မိမိတို့၏ ခံစားချက်များနှင့်ပတ်သက်ပြီး မှန်ကန်မှုမရှိဟူ၍လည်းကောင်း၊ ရိုးသားမှုမရှိဟူ၍လည်းကောင်း ထင်မှတ်ယူဆကြသည်။ မိမိတို့၏ ခံစားမှုအတွက် မိမိတို့၏ ရိုးသားမှုအတွက်၊ မိမိတို့၏ဘာသာစကားအတွက် မိမိတို့သည် မိခင်နို့ကို သောက်သုံးလာခဲ့ခြင်းဖြစ်သည်။ မိမိ၏ အသွေး၊ အရိုး၊ ချဉ်ဆီများ၏ အစိတ်အပိုင်းများ ဖြစ်လာကြခြင်းဖြစ်သည်။ သို့ရာတွင် ယင်းအချက်သည်လည်း လုံလောက်ခြင်းမရှိသေးရုံမျှသာမက လူတို့ကို အုပ်စုငယ်ကလေးများဖြစ်အောင် ဖန်တီးပေးလျှင် တခြားလူများကို တစိမ်းပြင် ပြင်ဖြစ်အောင် ဖန်တီးပြုလုပ်သည်။

နိုင်ငံတကာ ဘာသာစကားတစ်ခုသည် တစ်ခုတည်းသော

ကမ္ဘာဖြစ်ရန်အတွက်၊ တစ်ခုတည်းသော လူသားဖြစ်ရန်အတွက် အခြေခံအဖြစ် အထူးပင် လိုအပ်သည်။ ထို့ကြောင့် လူတိုင်း လူတိုင်းအတွက် ဘာသာစကားနှစ်မျိုး လုံးဝလိုအပ်သည်။ ယင်း အချက်သည် ပထမအချိန်ကာလအတိုင်းအတာ၌ ဖြစ်ထွန်း ပေါ်ပေါက်လာလိမ့်မည်။

ဒုတိယအချက်မှာ သိပ္ပံနည်းကျ အကြောင်းအရာများကို စူးစမ်းမှုပြုခြင်းဖြစ် သည်။ သိပ္ပံနည်းကျ အကြောင်းအရာများသည် အလွန်တရာ အရေးကြီးသော အကြောင်းအရာများ ဖြစ်ကြသည်။ အကြောင်းမူကား တစ်ဝက်အမှန်တရားဖြစ်သည့်အတွက်ကြောင့် ဖြစ်သည်။ အပြင် ဗဟိဒ္ဓအကြောင်း အရာဖြစ်သည့်အတွက်ကြောင့် ဖြစ်သည်။ တတိယအချက်မှာ ယနေ့မျက်မှောက်ကာလ ပညာရေး၌ ချို့တဲ့နေသော အချက်ဖြစ်သည့် ဘဝနေနည်းပညာဖြစ်သည်။ ချစ်ခြင်းဟူသည် မည်သည့်အရာဖြစ်သနည်းဆိုသည်ကို မိမိတို့ သိရှိနားလည်ကြသည်ဟူ၍ လူတွေက ထင်မှတ်နေကြသည်။ အမှန် က မသိကြပေ။ သူတို့သိသော အချိန်ကာလသည် အလွန်နောက် ကျသည်။ ကလေးသူငယ်တိုင်းကို သူတို့၏ဒေါသ၊ သူတို့၏အမုန်း၊ သူတို့၏ မနာလိုဝန်တိုမှုများကို ချစ်ခြင်းအဖြစ် ပြောင်းလဲလာ အောင်လုပ်ဖို့အတွက် အကူအညီပေးသင့်သည်။

🖐 🖐 🖐

# အခန်း(၂၁)

အတိတ်ကရှိလာခဲ့သောပညာရေးသည် ပြည်သူများအား အသက်မွေးဝမ်းကျောင်းမှုအတွက်မျှသာ ဖန်တီးပေးပြီး လူနေမှုဘဝနှင့်ပတ်သက်သည့် အသိဉာဏ်ကိုမူ ပေးစွမ်းနိုင်ခြင်းမရှိပေ။ အကြောင်းမှုကား အပြိုင်သဘောမျိုးကို အခြေခံထားသည့်အတွက်ကြောင့်ဖြစ်သည်။

အပြိုင်စနစ်တစ်ခုသည် အကြမ်းဖက်ခြင်း ငုပ်နေသည်ဖြစ်၍ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးမှုမရှိသော လူတို့ကိုသာ ပြုလုပ်ဖန်တီးသည်။ ယင်းတို့၏အားထုတ်မှုသည် နာမည်ကျော်ကြားမှုရရှိစေရန်နှင့် အမျိုးမျိုးသောရည်မှန်းချက်များ အောင်

www.burmeseclassic.com



မြင်မှုရရှိစေရန်အတွက်ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး ယှဉ်ပြိုင်ကြသူများသည် ရည်မှန်းချက်အောင်မြင်မှုရရှိရန်အတွက် ကြိုးပမ်းအားထုတ်ကြရပြီး တစ်ဦးနှင့်တစ်ဦး ပဋိပက္ခဖြစ်လေ့ရှိကြသည်။ ယင်းအပြုအမူများသည် သူတို့၏ပီတိသောမနဿကိုလည်းကောင်း၊ သူတို့၏ ချစ်ခင်ရင်းနှီးမှုများကိုလည်းကောင်း ဖျက်ဆီးပစ်သည်။ ယင်းသို့ပြုလုပ်ခြင်းသည် လူတိုင်းလူတိုင်း ကမ္ဘာကြီးတစ်ခုလုံးနှင့် ဆန့်ကျင်ဘက်တိုက်ပွဲ ဝင်နေသည့်နှယ် ဖြစ်နေသည်။

ယခုအချိန်အထိရှိနေသော ပညာရေးသည် တစ်စုံတစ်ခုသော ပန်းတိုင်အထိသာ ပိုင်းခြားထားသည်။ မိမိတို့သင်ကြားဆည်းပူးထားသောအရာများသည် အရေးမကြီးပေ။ အရေးကြီးသည်မှာ တစ်နှစ်ကြာသည့်အခါ၌ဖြစ်စေ၊ နှစ်နှစ်ကြာသည့်အခါ၌ဖြစ်စေ ရောက်ရှိလာသော စာမေးပွဲဖြစ်သည်။ ယင်းစနစ်သည် အနာဂါတ်ကို အရေးကြီးအောင်ပြုလုပ်ထားပြီး ပစ္စုပ္ပန်ထက်ပင် ပိုပြီးအရေးကြီးအောင် ပြုလုပ်ထားသည်။ ယင်းစနစ်သည် အနာဂါတ်အတွက် ပစ္စုပ္ပန်ကို စတေးထားသည်။ ယင်းစနစ်သည် မိမိတို့၏ဘဝနေနည်းပုံစံ ဖြစ်လာသည်။ မိမိတို့သည် ပစ္စုပ္ပန်မဟုတ်သော ခဏတစ်ခုခုအတွက် အမြဲတစေ စွန့်လွှတ်မှု ပြုလုပ်နေကြရသည်။ ယင်းစနစ်သည် လူနေမှုဘဝ၌ ကြီးကျယ်သောသုညဖြစ်ပေါ်လာအောင် ဖန်တီးပြုလုပ်သည်။

☺ ပြုံးပန်းတစ်ရာစာပေ

ပညာရေးနှင့်ပတ်သက်သော ကျွန်ုပ်အမြင်သည် အချိန်ကာလအတိုင်းအတာနှင့်ပတ်သက်ပြီး ငါးမျိုးပိုင်းခြားထားသည်။ ယင်းအချိန်ကာလ အတိုင်းအတာ ငါးမျိုးကို ပြောမပြမီ အကြောင်းအရာအချို့ကို နားလည်ထားဖို့လိုအပ်သည်။ တစ်မျိုးမှာ ပညာရေး၏အစိတ်အပိုင်းအဖြစ် မည်သည့် စာမေးပွဲမျိုးမှ မရှိသင့်ပေ။ သို့ရာတွင် နေ့တိုင်းနေ့တိုင်း၊ နာရီတိုင်း နာရီတိုင်း ဆရာဖြစ်သူများ၏စမ်းသပ်စစ်ဆေးမှုရှိဖို့လိုသည်။ ဆရာဖြစ်သူများ၏ မှတ်ချက်များသည် တစ်နှစ်လုံး အတန်းတစ်တန်းထဲတွင် မည်သည့်ကျောင်းသားတိုးတက်မှုရှိသည်။ မည်သည့်ကျောင်းသား တိုးတက်မှုအနည်းငယ်မျှသာရှိသည်ဆိုသည်ကို သတ်မှတ်ဆုံးဖြတ်ပေးလိမ့်မည်။

မည်သူမျှ စာမေးပွဲရှုံးသူ ဟူ၍လည်း ရှိလိမ့်မည်မဟုတ်ပေ။ မည်သူမျှ စာမေးပွဲအောင်သူဟူ၍လည်း ရှိလိမ့်မည်မဟုတ်ပေ။ တချို့ကျောင်းသားများက အတက်မြန်ပြီး၊ တချို့ကျောင်းသားများက အတန်ငယ်အတက်နှေးမည်သာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စာမေးပွဲရှုံးသည်ဟူသော အသိသည် အဆင့်နိမ့်ခြင်းတည်းဟူသော ဒဏ်ရာဒဏ်ချက်ကို ပြုလုပ်ဖန်တီးပေးပြီး စာမေးပွဲအောင်သည်ဟူသော အသိသည်လည်း ရောဂါတစ်မျိုးကို ဖန်တီးပေးသည်။ ယင်းရောဂါမျိုးမှာ အပေါ်စီးက ရောက်နေသောရောဂါဖြစ်သည်။

မည်သူမှလည်း နိမ့်ကျမနေပေ။ မည်သူမှလည်း အပေါ်စီးမှာ ရောက်မနေပေ။ မိမိက မိမိသာဖြစ်ပြီး သူက သူသာဖြစ်နေလိမ့်မည်။ နှိုင်းယှဉ်ခြင်းသဘောမျိုးဖြစ်မလာသင့်ပေ။

ထို့ကြောင့် စာမေးပွဲများ၏နေရာ ရှိလာလိမ့်မည် မဟုတ်တော့ပေ။ ယင်းအခြေအနေသည် အနာဂတ်မှ ပစ္စုပ္ပန်အထိရှိနေသော ရှုကွင်းရှုကွက်တစ်ခုလုံးကို ပြောင်းလဲပစ်လိမ့်မည်။ ယခုခဏတွင် မိမိမှန်သောအရာကို ပြုနေခြင်းက အဆုံးအဖြတ်ပေးလိမ့်မည်။ နှစ်နှစ်အချိန်ကာလ ကုန်ဆုံးချိန်၌ (၅)ပုဒ်မျှသော မေးခွန်းသည် အဆုံးအဖြတ်ပေးလိမ့်မည် မဟုတ်ပေ။ နှစ်နှစ်အချိန်ကာလအတွင်း၌ အရာဝတ္ထုထောင်ပေါင်းများစွာနှင့်ပတ်သက်ပြီး အရှုံးရှိလိမ့်မည်မဟုတ်ပေ။ အရာဝတ္ထုတိုင်း အရာဝတ္ထုတိုင်းကို အဆုံးအဖြတ်ပေးလို့ရသည့် အခြေအနေမျိုး ရောက်ရှိလာလိမ့်မည်။ ထို့ကြောင့် ပညာရေးသည် ပန်းတိုင်တစ်ခုသတ်မှတ်ထားသောအရာ မဖြစ်နိုင်ပေ။

ဆရာသည် အတိတ်ကာလ၌ ထူးထူးခြားခြား အရေးကြီးသော ပုဂ္ဂိုလ်ဖြစ်ခဲ့ပေ လိမ့်မည်။ အကြောင်းမူကား ဆရာသည် စာမေးပွဲအားလုံးကို အောင်ပြီးပြီဟု နားလည်ထားသည့်အတွက်ဖြစ်သည်။ ပညာဗဟုသုတကို စုဆောင်းထားပြီးပြီဟု ထင်မှတ်ထားသည့်အတွက်ကြောင့်ဖြစ်သည်။ သို့ရာတွင် အခြေအနေ

www.burmeseclassic.com



ပြောင်းလဲလာသည်။ ယင်းမှာ ပြဿနာများထဲက တစ်ခုဖြစ်သည်။ အခြေအနေများ ပြောင်းလဲလာသော်လည်း ကျွန်ုပ်တို့၏တုန့်ပြန်မှုများသည် ရှေးကအတိုင်း ဖြစ်နေသည်။ ယခုအခါ၌ ပညာဗဟုသုတနယ်ပယ်သည် မည်မျှကျယ်ပြန့်လာသနည်း။ မည်မျှစုံလင်လာသနည်း၊ မည်မျှမြန်ဆန်လာသနည်းဆိုလျှင် သိပ္ပံပညာအကြောင်းအရာတစ်ခုခုနှင့်ပတ်သက်ပြီး စာအုပ်ကြီးတစ်အုပ်ရေးနိုင်ဖို့ လွယ်လိမ့်မည်မဟုတ်ပေ။ အကြောင်းမူကား ယခင်က မိမိတို့ရေးခဲ့သော စာအုပ်သည် ပြီး ပြည့်စုံခြင်း ရှိချင်ရှိမည်ဖြစ်သော်လည်း ခေတ်မီတော့မည်မဟုတ်ပေ။ အသစ်ထပ်မံတွေ့ရှိရသော အချက်အလက်များသည် ယင်းစာအုပ်ကို ခေတ်နောက်ကျသွားအောင် လုပ်ပေလိမ့်မည်။ ထို့ကြောင့် ယခုအခါ၌ သိပ္ပံပညာသည် စာအုပ်ပေါ်တွင် အခြေမခံတော့ဘဲ ဆောင်းပါးများ လစဉ်၊ အပတ်စဉ်၊ စာစောင်များပေါ်၌သာ အခြေတည်နေရသည်။

ဆရာများ၏အစားလမ်းညွှန်များ ပေါ်လာလိမ့်မည်။ ဆရာနှင့် လမ်းညွှန်၏ခြားနားချက်ကို နားလည်အောင်လုပ်ရမည်။ လမ်းညွှန်သည် အကြောင်းအရာတစ်ခုနှင့်ပတ်သက်ပြီး နောက်ဆုံးပေါ်လာသော အချက်အလက်များကို စာကြည့်တိုက်၌ဖြစ်စေ၊ အခြားတစ်နေရာ၌ဖြစ်စေ ရှာဖွေရန် ညွှန်ကြားမှု ပြုလုပ်လိမ့်မည်။

စာသင်ကြားပို့ချမှုကို စနစ်ဟောင်းအရ မလုပ်တော့ပေ။

အကြောင်းမူကား ရုပ်မြင်သံကြားသည် ယင်းအလုပ်ကို အကောင်းဆုံးနည်းလမ်းဖြင့် လုပ်နိုင်ပေလိမ့်မည်။ နောက်ဆုံး သတင်းအချက်အလက်များကို ပြသနာလုံးဝမရှိဘဲ ဆောင်ကြဉ်းပေးလိမ့်မည်။ ဆရာက မိမိတို့ကို နားဝင်အောင်ပြော နေရလိမ့်မည်။ ရုပ်မြင်သံကြားကမူ မိမိတို့၏ မျက်လုံးကို တန်းပြီးထိတွေ့အောင် လုပ်ပေးလိမ့်မည်။ အကျိုးဖြစ်ထွန်းမှုသည် အလွန်တရာ ကွဲပြားခြားနားသည်။ အကြောင်းမူကား မျက်လုံးသည် မိမိတို့၏ဘဝအခြေအနေနှင့်ပတ်သက်၍ ရာနှုန်း(၈၀)တန်းပြီးထိတွေ့အောင် ပြုလုပ်နိုင်သည်ဖြစ်၍ မျက်လုံးသည် ကိုယ်ခန္ဓာ၏အဖျတ်လတ်အသွက်လက်ဆုံး အစိတ်အပိုင်းဖြစ်သည်။

✋ ✋ ✋

# အခန်း(၂၂)

တတိယအချိန်ကာလ အတိုင်းအတာ၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုမှာ ပျော်မြူးနေအောင် ပြုလုပ်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ပညာရေးဟု ခေါ်ထားသော အရာမှာ လူတို့ကို စိတ်နှလုံးမချမ်းမြေ့အောင်၊ လေးလေးနက်နက်ရှိနေအောင် ပြုလုပ်ခြင်း ဖြစ်သည်။ အကယ်၍ မိမိတို့ဘဝ သုံးပုံတစ်ပုံ တက္ကသိုလ်တစ်ခုခု၌ ကျွန်ကြီးတစ်ခွဲသားနှင့် ရွှင်ရွှင်မြူးမြူး မနေရဘူးဆိုလျှင် ပုံသေအနေအထားမျိုးဖြစ်လာပြီး ဟာသစကားလုံးများကိုပင် မေ့ပျောက်သလို ဖြစ်လာလိမ့်မည်။ ဟာသစကားလုံးများကို မေ့သွားသောသူသည် မိမိဘဝ၏အရေးပါသော အစိတ်အပိုင်းများစွာ

ကို မေ့သူဖြစ်သွားလိမ့်မည်။

ထို့ကြောင့် ချစ်ခြင်း၊ ရယ်ရွှင်ခြင်း၊ ဘဝနှင့်အကျွမ်းတဝင်ရှိခြင်း၊ ဘဝ၏အံ့သြဖွယ်များနှင့် လျှို့ဝှက်ချက်များကိုလည်းကောင်း သစ်ပင်များ၌ တေးဆိုနေကြသော ယင်းငှက်များကိုလည်းကောင်း ဥပေက္ခာ မပြုသင့်ပေ။ သစ်ပင်များသည်လည်းကောင်း၊ ပန်းပွင့်များသည်လည်းကောင်း၊ ကြယ်တာရာများသည်လည်းကောင်း မိမိတို့၏နှလုံးသားနှင့် အဆက်အစပ်ရှိနေရမည်။ နေဝင်နှင့် နေထွက်သည်လည်း အပြင်အပ မဟိဒ္ဓက အရာဝတ္ထုများ မဖြစ်သင့်ဘဲ အတွင်းသားထဲက အရာဝတ္ထုများအဖြစ်နှင့်ပင် ရှိနေသင့်သည်။ ဘဝအတွက် လေးစားမှုသည် တတိယ အချိန်ကာလအတိုင်းအတာ၏အခြေခံ ဖြစ်သင့်သည်။

လူတို့သည် သူတစ်ပါးအသက်နှင့် မဆိုင်သလိုဖြစ်နေကြသည်။ တိရစ္ဆာန်များကို ဟင်းရံအတွက် သတ်နေကြတုန်းပင်ဖြစ်သည်။ ယင်းကဲ့သို့ တိရစ္ဆာန်အသား သတ်စားခြင်းကို အမဲလိုက်ခြင်းဟု ခေါ်နေကြသည်။ အကယ်၍ တိရစ္ဆာန်က လူများကိုစားသည်ဆိုလျှင်ကား ယင်းအဖြစ်အပျက်ကို လူများက ကြမ်းကြုတ်သောဆိုးဟု ခေါ်နေကြသည်။ ထူးဆန်းလှပေ၏။ အားကစားပွဲ၌ အုပ်စုနှစ်ဖက်လုံးကို အခွင့်အလမ်း ညီတူညာတူပေးသင့်သည်။ တိရစ္ဆာန်များတွင် လက်နက်မရှိပေ။ လူတို့၏လက်ထဲ၌ကား စက်သေနတ်

www.burmeseclassic.com



ရှိနေသည်။ မြားရှိနေသည်။

သူတစ်ပါးအသက်ကို လေးစားမြတ်နိုးရန်အတွက် အကြီးအကျယ် ဆုံးမစကားပြောကြားသင့်သည်။ အကြောင်းမူကား အသက်သည် ဘုရားသခင်ဖြစ်သည်။ အသက်ထက် ကြီးမားမွန်မြတ်သော အခြားဘုရားသခင်မရှိပေ။ ပျော်နေကြသည်။ ရယ်နေကြသည်။ ရယ်ရအောင်လုပ်နေကြသည်။ ကနေကြသည်။

စတုတ္ထအတိုင်းအတာကာလသည် အနုပညာနှင့် ဖန်တီးမှုပညာ ဖြစ်သင့်သည်။ ပန်းချီပညာ၊ ဂီတပညာ၊ လက်မှုပညာ၊ ပန်းပုပညာ၊ ဖန်တီးမှုပြုလုပ်ရသော ပညာရပ်တစ်ခုခုဖြစ်သည်။ ဖန်တီးမှုပြုလုပ်ရသော နေရာဌာနအားလုံးသို့ ချဉ်းကပ်ခွင့်ပေးသင့်သည်။ ကျောင်းသားများကိုယ်တိုင်ရွေးချယ်သင့်သည်။ မသင်မနေရဆိုသောအရာများသည် အနည်းငယ်မျှသာဖြစ်သင့်သည်။ ဥပမာအားဖြင့်ပြောရလျှင် နိုင်ငံတကာ ဘာသာစကားတစ်ခုခုသည် မသင်မနေရဖြစ်သင့်သည်။ အသက်မွေးဝမ်းကျောင်းပြုလုပ်နိုင်ရန် လုပ်ငန်းတစ်ခုခုသည် မသင်မနေရဖြစ်သင့်သည်။ ဖန်တီးမှုအနုပညာတစ်ခုခုသည် မသင်မနေရဖြစ်သင့်သည်။ ဖန်တီးမှုအနုပညာသက်တန့်ရောင်တစ်ခုတည်းက ရွေးချယ်မှုပြုလုပ်နိုင်သည်။ အကြောင်းမူကား အကယ်၍ လူတစ်ဦးတစ်ယောက်သည် ဖန်တီးမှုပြုလုပ်ရန် သင်ကြားမှုမရှိလျှင် အမြဲတစေ ဖန်တီးမှုရှိနေရ

မည်ဖြစ်သော ရုပ်တည်မှု၏ အစိတ်အပိုင်းတစ်ခု မည်သည့်အခါမှ ဖြစ်လာလိမ့်မည် မဟုတ်ပေ။

ပဥ္စမကာလအတိုင်းအတာမှာ သေပုံသေနည်း ဖြစ်သင့်သည်။ ယင်းပဥ္စမအတိုင်းအတာကာလသည် ဘာဝနာဖြစ်သင့်သည်။ ယင်းသို့ပြုလုပ်မှသာ သေခြင်းမရှိဆိုသည်ကို နားလည်နိုင်ပေလိမ့်မည်။ မိမိအတွင်းသန္တာန်၌ရှိသော ထာဝရဘာဝအကြောင်း သိရှိနားလည်သူဖြစ်ပေလိမ့်မည်။ ယင်းသို့ပြုလုပ်ဖို့ အကြွင်းမဲ့လိုအပ်သည်။ အကြောင်းမူကား လူတိုင်းလူတိုင်း သေရမည့်အတွက်ကြောင့် ဖြစ်သည်။ မည်သူမှ သေခြင်းတရားကို ရှောင်ကွင်း၍မရနိုင်ပေ။ ဘာဝနာထီးကြီး၏အောက်တွင် ဘာဝနာအမျိုးမျိုးကို သိရှိအောင်လုပ်နိုင်သည်။

ယင်းပဥ္စမ အတိုင်းအတာကာလ၌ ဂျူဒိုစသော လက်နက်မပါဘဲ မိမိကိုယ်မိမိ ကာကွယ်သော ရုပ်ပိုင်းဆိုင်ရာ အတတ်ပညာများကိုလည်း သိရှိနားလည်အောင် လုပ်ထားသင့်သည်။ မိမိကိုယ်ကို ကာကွယ်ရုံမျှ သာမကဘဲ တစ်ပြိုင်တည်းမှာပင် ဘာဝနာအလုပ် လုပ်တတ်အောင်လည်း လေ့လာထားသင့်သည်။

မျိုးဆက်သစ်သည် အပြည့်အဝ ရှိရပေလိမ့်မည်။ ပညာအားလုံး ရရှိပေလိမ့်မည်။ လိုအပ်သော အရာမှန်သမျှအားလုံး မသင်မနေရဖြစ်သင့်သည်။ မလိုအပ်သောအရာမှန်သမျှ စိတ်

www.burmeseclassic.com



ကြိုက်ဘာသာမျိုးဖြစ်သင့်သည်။ များစွာသော စိတ်ကြိုက်ဘာသာရပ်များထဲက ရွေးချယ်နိုင်သည့် အခြေခံများ ပြည့်စုံလုံလောက်သွားလျှင် စိတ်နှလုံးဖြေဖျော်စရာ ဖြစ်သည့် ဂီတတို့၊ အကတို့၊ ပန်းချီပညာတို့ထဲ ကတစ်ခုခု သင်ကြားအားထုတ်ရမည်။

မိမိ၏အတွင်းသန္တာန်ထဲသွားဖို့အတွက် မိမိကိုယ်မိမိသိရှိနားလည်ဖို့ရန်အတွက် တစ်ခုခုကိုလည်း သိရှိနားလည်အောင်လုပ်ရမည်။ ယင်းအရာအားလုံးကို အခက်အခဲမရှိဘဲနှင့် လွယ်လင့်တကူ ပြုလုပ်နိုင်သည်။

ကျွန်ုပ်သည် ပါမောက္ခတစ်ဦးဖြစ်သည်။ ထင်မြင်ချက်တစ်ခု ပြောပြပြီး တက္ကသိုလ်မှ ထွက်လာခဲ့သည်။

''တက္ကသိုလ်မှာ သင်ကြားနေတာတွေဟာ ပညာရေးမဟုတ်ဘူး၊ အရေးကြီးတဲ့အကြောင်းအရာများကို တက္ကသိုလ်က သင်ကြားမပေးဘူး''

သို့သော်လည်း ယင်းအရေးမကြီးသော ပညာရေးသည် တစ်ကမ္ဘာလုံး၌လွှမ်းမိုးနေသည်။ ယင်းပညာရေးကို ဆိုဗီယက်ယူနီယမ်၌ဖြစ်စေ၊ အမေရိကန်၌ဖြစ်စေ မည်သည့်နေရာမှာမှ ထူးခြားမှုရှိအောင် မပြုလုပ်နိုင်ပေ။ မည်သူမှ ပိုပြီးသာသော ပညာရေးတစ်ခုကို ကြည့်၍မမြင်သည့် အခြေအနေ၌ ရှိနေသည်။

ယင်းအဓိပ္ပာယ်အရ ပြောရလျှင် လူတိုင်းလူတိုင်း ပညာ

www.burmeseclassic.com



မသင်ကြားရသေးသူများဖြစ်ကြသည်။ ဒီဂရီကြီးများ လက်ရှိလုပ်ကိုင်နေရသူများပင် ကြီးမားကျယ်ပြန့်လှသော ဘဝမြေပြင်၌ ပညာမသင်ရသေးသူများ ဖြစ်နေကြသည်။ သို့ရာတွင် လူတိုင်း လူတိုင်းသည် ပညာမသင်ရသေးသူများဖြစ်ကြသည်။ ပညာသင်ပြီးသူကို တွေ့ဖို့ရန်မှာ မလွယ်ကူပေ။ အကြောင်းမူကား ပညာရေးစစ်စစ်သည် မည်သည့်နေရာမှာမှ တည်ရှိမနေသောကြောင့် ဖြစ်သည်။

**ပါရဂူ**